www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

# လကြိုးခပေါ

ခုနှစ်စဉ်အမျှင်တန်း



DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၅၇၁၀၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၆၄၁၂၁၀

ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြ-၀၉၃၂)
-ရဲအောင်စာပေ၊ အမှတ် (၂)၊ ချုန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဇွန်လ။

အုပ်ရေ ♦ ၅၀၀ အုပ်

တန်ဖိုး ♦ ၁၀၀ ကျပ်

ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅-၈၃
တန်ခူးလေပြေ
ခုနစ်စဉ်အမျှင်တန်း / တန်ခူးလေပြေ။
- ရန်ကုန် ၊
ရဲအောင်စာပေ၊ ၂၀၁၁။
၁၆၀ စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) ခုနစ်စဉ်မျှင်တန်း

## အခန်း(၁)

ယခုအချိန်မှာ သင်အဖြစ်ချင်နေဆုံး ဆန္ဒက ဘာလဲဟု တစ်စုံတစ်ယောက်က လင်းထွဋ်ကို လာမေးလာခဲ့လျှင် အိပ်ချင်တယ်ဗျာဟု ပင် ဖြေမိပေလိမ့်မည်။ ဟုတ်ပါသည်။ လင်းထွဋ် တော်တော်အိပ်ချင့်နေပါသည်။

ဆောင်းတွင်း ချမ်းချမ်းစီးစီး ဝေလီဝေလင်းမှာ လမ်းလျှောက်ရင်း လူမှာ အိပ်ချင်သည့်စိတ်ကြောင့် ငိုက်စိုက်ငိုက်စိုက် ဖြစ်နေရ၏။

ဤသို့ဖြစ်ရခြင်းအကြောင်းရင်းက ညတုန်းက တစ်ဖက်ရပ်ကွက်တွင်နေသော မိတ်ဆွေတစ်ယောက်၏အမေ နာရေးကို သတင်းသွားမေးရင်း ၄င်းအိမ်တွင် ဝိုင်းတွေ့သည်။ နဝိုဝါသနာပိုးက ကြွလာခြင်းကြောင့် မနေနိုင်မထိုင်နိုင်ဖြစ်ပြီး ဝင်ရိုက်မိသည်။ ညဦးပိုင်းလောက်က နိုင်သလိုလိုရှိသော်လည်း မနက်လင်းလုလု ဝိုင်းသိမ်းတော့ ယခင့် ယခင် ထုံးစံတွေအတိုင်း ရှုံးသည်။ ရှုံးတာမှ ဆိုက်ကားခပေးလို့ပင် မကျန်အောင်ကို ရှုံးခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ချမ်းချမ်းအေးအေးကြီးမှာ အိမ်ကို ဆိုက်ကားလေးပင် မစီးနိုင်ဘဲ လမ်းလျှောက်လာရခြင်းဖြစ်၏။

ရပ်ကွက်ခြားသဖြင့် နေအိမ်က အတန်ငယ်လှမ်းသည်။ ပုံမှန်ခြေထောက်မျိုးနှင့် လျှောက်လျှင်တောင် နာရီဝက်ပျော့ပျော့လောက်တော့ ရှိမည်။

ယခုလို အိပ်ချင်မူးတူးဖြင့် လျှောက်လာခြင်းကြောင့် ခရီးကသိပ်မတွင်။

ဘယ်လိုပဲပြောပြော လင်းယုန်ငှက်ဆိုသော ဝတီ လူရှင်းသော လမ်းလေးအတိုင်း မှုန်ဝါးဝါးဖြင့် လမ်းလျှောက်လာပါသည်ဟု ဆိုကြပါစို့။

☞

ရန်ကုန်ဆောင်း မနက်ခင်းသည် အရမ်းကြီးမဟုတ်တောင် အတော်အတန်အေးပါသည်။ သို့ရာတွင် နှင်းဆီဆိုသော ကောင်မလေးရင်ထဲတွင်တော့ အပူမီးတောက်နေ၏။

နှင်းဆီ အဘယ်ကြောင့် ရင်ထဲတွင် မီးတောက်နေသနည်း။ အဖြေက ရှင်းပါသည်။ ကိုယ်မကျွမ်းကျင်ရာ အရပ်ဒေသကြီးတစ်ခုတွင် နေစရာ သွားစရာမရှိသော ငယ်ငယ်ရွယ်ရွယ် မိန်းကလေးတစ်ယောက်အဖို့ ဘယ်ကလာ အေးမြနိုင်ပါမည်နည်း။

ထိုသို့ဖြစ်ရခြင်းအကြောင်းအရင်းက အများကြားဖူးနေကျသာမန်အဖြစ်ပျက်မျိုး ဖြစ်သော်လည်း တကယ်တမ်း ရင်ဆိုင်တွေ့ကြုံနေရသော လူအဖို့ကတော့ တော်တော်စိတ်ညစ်စရာကောင်းလှသည်။



အဖြစ်အပျက်ကို အတိုဆုံးနှင့် အရှင်းဆုံး ပြောရလျှင် နှင်းဆီ၏ ဓာတ်သည် မန္တလေးမှ ဖြစ်သည်။

ရှေးရိုးဆန်သော မိဘများက ကိုယ်တစ်ခါမှ သိလည်းမသိ မြင်လည်းမမြင်ဖူးသော ယောကျ်ားတစ်ယောက်နှင့် ပေးစားရန် အတင်းအကြပ် စီစဉ်သည်။

ထို့ကြောင့် ရန်ကုန်သို့ ပြောင်းသွားတာကြာပြီဖြစ်သော သူငယ်ချင်းဖြစ်သူထံ ထွက်ပြေးတိမ်းရှောင်လာခဲ့သည်။

မိဘများအလစ်ကို ချောင်း၍ အလောတကြီးထွက်လာခဲ့ခြင်းကြောင့် ပိုက်ဆံအိတ်က မေ့ကျန်ခဲ့သည်။ ဒါကိုလည်း ရထားပေါ်ရောက်မှ သိ၏။ စိတ်ဓာတ်ကျလိုက်သည့်ဖြစ်ခြင်း။ သို့သော် အနည်းငယ်ဖြေသာစရာရှိသည်က အလွယ်တကူ အသေးသုံးရန်အတွက် ဘောင်းဘီအိတ်ကပ်ထဲ ထည့်ထားသော ပိုက်ဆံတစ်သောင်းပါလာ၍သာ တော်တော့သည်။

ရထားက ရန်ကုန်သို့ မနက်အစောကြီးဝင်သည်။ မိုက်ဆာ၍ ဘူတာကြီးတွင် ထမင်းကြော် ဝင်စားပြီးနောက် တစ်ကိုယ်တည်း တက္ကစီသမားကို သူငယ်ချင်းဖြစ်သူ၏လိပ်စာပြပြီး ငှားကာ ဒီကိုရောက်လာခဲ့၏။

ဒီရောက်တော့ လွန်ခဲ့တဲ့ လကပဲ သူငယ်ချင်းဖြစ်သူက အိမ်ပြောင်းသွားပြီတဲ့။ စောစောစီးစီး အနှိုးခံလိုက်ရသော အိမ်ရှင်တွေ၏ ပွစိပွစိ ပြောခြင်းကိုပင် ခံလိုက်ရသေးသည်။ အားနာနာဖြင့်ပင် ဘယ်သို့ပြောင်းသွားသလဲဆိုတာ မေးမိသော်လည်း မသိဘူးဆိုသည့် တုံးတိ

www.burmeseclassic.com

www.burmeseclassic.com



တိ လေသံဖြင့် တံခါးဆောင့်ပိတ်သွားတာပဲ အဖတ်တင်သွားသည်။

အိပ်ထဲတွင်လည်း ဗိုက်ဆာက ကားခရှင်းလိုက်ရခြင်းကြောင့် ငါးထောင်လောက်ပဲ ကျန်တော့သည်။ ဒီငါးထောင်နှင့် ရန်ကုန်လို နေရာမျိုးမှာ မိန်းကလေးတစ်ယောက်အနေနဲ့ ဘယ်သို့ ရင်ဆိုင်ရမည်နည်း။

အရေးထဲ ရထားပေါ်တွင် မအိပ်လာခြင်းကြောင့် အိပ်ကလည်း ငိုက်ချင်ချင်။

## အခန်း(၂)

လက်ရှိအနေအထားတွင် လင်းထွဋ် တော်တော်ကို မှုန်ဝါးဝါးဖြစ်နေ၏။ အိပ်ကလည်း အိပ်ချင်။ ဆောင်းမနက်ခင်းတို့ ထုံးစံအတိုင်း မြူနှင်းကလည်း တဖွဲဖွဲကျနေသဖြင့် အမြင်အာရုံတွေ မလတ်ဆတ်တာ မဆန်းပေ။

ဒါပေမဲ့ ဒီလိုမြူနှင်းတဝေဝေ (သီချင်းမဟုတ်ပါ) ဖြစ်နေသော နံနက်ခင်းမှာ အိပ်ချင်စက်လက်ဖြင့် လမ်းလျှောက်ရသည့်အရသာကို လင်းထွဋ် သဘောကျမိသလို ဖြစ်တော့သည်။

ဘယ်လိုအရာနှင့် နှိုင်းနှိုင်းပြရမလဲတော့ မသိ။ ဥပမာ အရက်မူးနေချိန် စကားပြောရသလိုပေါ့။ အရသာကို ရှိလို့။

'ဘုတ်'

'အင့်'

'အောင်မလေး'

ခဏတာ အချိန်အပိုင်းခြားကလေးမှာပင် အခြေအနေတွေ စိတ်ခံစားမှုတွေ ပြောင်းလဲလွှင့်စင်ကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



လင်းထွဋ် ပျော့အိအိအရာဝတ္ထုတစ်ခုနှင့် ဝင်တိုက်မိသည်။

ထိုအရာဝတ္ထုထံမှ ထွက်လာသော အသံကြောင့် မိမိဝင်တိုက်မိသည်မှာ လူဖြစ်ကြောင်းလည်း ရိပ်မိလိုက်သည်။ အသံကို ခွဲခြားလိုက်နိုင်သောကြောင့် မိန်းကလေးတစ်ယောက်ဖြစ်မှန်းလည်း သတိထားမိလိုက်၏။

'ရှင်… ရှင်… လူတစ်ယောက်လုံးကိုတောင် မမြင်ဘူးလား'

ထိုလေသံက တော်တော်ပြင်းသည်။ မာသည်။ စွာသည်။

ထို့ကြောင့် လင်းထွဋ်လည်း ခပ်ဆတ်ဆတ် ပြန်ပြောလိုက်၏။

'အေး… လူကို မမြင်ဘူး'

'အို… မမြင်ရအောင် ရှင်က မျက်စိမပါဘူးလား'

'ပါတယ်လေ'

'ဒါဆို ဘာလို့ မမြင်ရတာလဲ'

'မှိတ်ထားလို့'

နှင်းဆီ နဝေတိမ်တောင်ပင် ဖြစ်မိသွားသည်။

မိမိရှေ့မှ အူတူတူပုံစံဖြင့် စကားပြောနေသော လူကိုလည်း မိန်းမဉာဏ်ဖြင့် ခွဲခြမ်းစိတ်ဖြာလိုက်မိသည်။

ရုပ်ရည်သန့်ပြန့်သည်။ ကြောင်စီစီနိုင်ပုံ ရသည်။ စိတ်ထားလည်း ကောင်းပုံရ၏။

ဒါတွေထားတော့ လောလောဆယ် ကိုယ့်ကိုဝင်တိုက်မိသော ကြောင့် ပြဿနာတော့ ရှာရတော့မည်။ ကိုယ်က ညစ်နေတာလေ။ ဒီတော့ ညစ်တွန်းတွန်းရတော့မှာပေါ့။



'ဒီမှာ လူတစ်ယောက်လုံးကို ဝင်တိုက်မိတာတောင် ရှင်က တောင်းပန်စကားပြောရအောင် အနေလား'

'ဟင်းအင်း'

'ဒါဆို ဘာကြောင့်မပြောရတာလဲ'

လင်းထွဋ် မျက်လုံးကို အစွမ်းကုန် ဖြဲကြည့်သည်။

မိမိဝင်တိုက်မိသော ကောင်မလေးက တော်တော်လှကြောင်း တွေ့လိုက်ရသည်။ ဒါကြောင့် စိတ်ကိုဆွဲဆန့်လိုက်၏။

'ဆောရီးပဲကွာ'

'ဒါနဲ့ ပြီးသွားရောလား'

'ငါဘာထပ်ပြောပေးရဦးမှာလဲ'

နှင်းဆီ ဘုကြည့်အရင်ကြည့်၍…

'ရှင် မြန်မာလူမျိုးဆိုရင် ဆောရီးလို့ မပြောနဲ့၊ တောင်းပန်ပါတယ်လို့ ပြောရမှာလေ'

လင်းထွဋ် ခေါင်းတစ်ချက်ကုတ်၍…

'အေးကွာ ငါ တောင်းပန်တယ်'

လင်းထွဋ် ထိုသို့ ပြောလိုက်သည်။

ကိုယ်က မြန်မာလူမျိုးကိုး။

နှင်းဆီ ဘဝင်မကျသေးသည့် လေသံဖြင့်…

'ရှင်ဟာက မဟုတ်သေးပါဘူး'

'ဘာကိုလဲ'

'တောင်းပန်တာ ဝတ်ကျေတန်းကျေ ဆန်လွန်းတယ်'

www.burmeseclassic.com

www.burmeseclassic.com



လင်းထွဋ် နည်းနည်းတော့ ပေါက်လာမိသည်။ ဟုတ်တယ်လေ။ ကိုယ်က ဒီလောက်လိုက်လိုက်လျောလျော ပြောနေတာကို လာပြီး အထွန့်တက်နေတာကိုး။

'ဒီမှာ အမိ၊ မင်းကိုယ်မင်း ဘာများထင်နေလဲ'

'ရှင်ကရော ရှင့်ကိုယ်ရှင် ဘာများထင်နေလဲ'

လင်းထွဋ် မျက်လုံးကျယ်သွားလေသည်။ ထိုကောင်မလေးကိုလည်း ဘာလေးလဲဟဟုဆိုသော ပုံစံဖြင့် ကြည့်၍…

'နေပါဦး၊ မင်းက ငါ့ကို ပြဿနာလာရှာနေတာလား'

'ရှင်သာ လာပြီး အရင်ဝင်တိုက်တာလေ'

'အဲဒါ ငါ မင်းကိုမှ မမြင်မိလိုက်တာ'

'မမြင်ရအောင် ရှင့်မျက်လုံးက ဘာဖြစ်နေလို့လဲ'

'အိပ်ချင်နေလို့ဟ၊ အိပ်ချင်နေလို့'

'အို… ကျွန်မလည်း အိပ်ချင်နေတာပဲဟာ'

'ဟင်… ဟုတ်တယ်၊ မင်းလည်း ငါ့လိုဖဲဝိုင်းက ပြန်လာတာပဲလား'

'ဘာရှင့်'

'ရှုံးလာတယ် မဟုတ်လား၊ ဟင်း… ဟင်း… သိပါတယ်'

နှင်းဆီ ဆွေ့ဆွေ့ခုန်သွားသည်။ ဟုတ်တယ်လေ။ နေရင်းထိုင်ရင်း ကိုယ်က ဖဲသမားဖြစ်သွားတာကိုး။

'ဒီမှာ အိပ်ရေးပျက်တိုင်း ရှင့်လို ဖဲသမားများ မှတ်နေလား'

'ငါကလည်း တစ်ခါတလေမှ ရိုက်တာပါကွ'



'ယုံချင်စရာကိုး'

လင်းထွဋ် ခေါင်းကုတ်မိသည်။

ပြီးတော့ ကိုယ့်လမ်းကိုယ် ဆက်လျှောက်ရန် ပြင်မိ၏။

'ဒါက ဘယ်တုန်း'

'အိမ်ပြန်မလို့'

'သြော်… ဒီအတိုင်း ပြန်လို့ရမလား'

'ဘာလဲ၊ ငါက ကင်းမြီးကောက်ထောင်ပြီး ပြန်ရမှာလား'

'ကျွတ်… ရှင်ဟာလေ၊ ဒီနားမှာ တည်းခိုခန်းရှိလား'

'ဟင်'

လင်းထွဋ် မျက်လုံးပြူးသွားမိသည်။

'မင်းက ဘာလုပ်မလို့ မေးတာလဲ'

'သွားအိပ်မလို့၊ ကျွန်မ အရမ်းအိပ်ချင်နေပြီ'

ဟုတ်သည်။ တစ်ညလုံး မအိပ်ရသေးသောကြောင့် ကိုယ်တွေလက်တွေနာပြီး အိပ်ချင်နေပြီ။

ဒါကို လင်းထွဋ်က နားမလည် ပါးမလည်ဖြင့်…

'မင်းကလည်း အိပ်ချင်နေတာပဲကွာ၊ ကိုယ့်အိမ်ကိုယ်ပြန်အိပ်ပေါ့'

'ကျွန်မ အိမ်က နယ်မှာရှင့်'

'ဒါဆိုလည်း နယ်ကိုပြန်ပေါ့ကွာ'

'ပြန်လို့မရလို့ မပြန်တာပေါ့၊ ကဲပါ တည်းခိုခန်း ဘယ်မှာရှိသလဲဆိုတာသာ ပြောစမ်းပါ'

www.burmeseclassic.com

www.burmeseclassic.com



လင်းထွဋ် တွေဝေမိသွားသည်။ ဒီကောင်မလေး ပုံစံကြည့်ရတာတော့ မိန်းမကောင်းလေးဆိုတာ ထင်ရှားသည်။ ပြီးတော့ နေစရာအဲ... အိပ်စရာလည်း အခက်အခဲဖြစ်နေပုံလည်း ရ၏။ လက်ထဲမှာလည်း အထုပ်အပိုးတွေနဲ့မို့ ခရီးဝေးမှ လာတာလည်း ဖြစ်နိုင်၏။ ထို့ကြောင့်...

'အင်း... တည်းခိုခန်းက ရှေ့နားမှာတော့ ရှိတယ်ကွ၊ ဒါပေမဲ့ မင်း တစ်ယောက်တည်းဆိုရင်တော့ မသင့်တော်ဘူးထင်တယ်'

နှင်းဆီ သက်ပြင်းချ၍...

'မသင့်တော်လည်း ဘယ်တတ်နိုင်ပါ့မလဲ၊ ကျွန်မက အခုလောလောဆယ် အရမ်းကို အိပ်ချင်နေပြီ'

လင်းထွဋ် ကိုယ်ချင်းစာမိသွားသည်။ ကိုယ်လည်း အိပ်ချင်နေတဲ့ကောင်ဆိုတော့ အိပ်ချင်နေသူ အချင်းချင်းကိုယ်ချင်းစာမိတာပေါ့။

'ဒါဆိုလည်း ကောင်းပြီလေ၊ ငါလိုက်ပို့ပေးပါ့မယ်'

'အင်း... ရှင့်မှာ စိတ်ကောင်းလေး ရှိလောက်ပါတယ်လို့ ကျွန်မ ထင်တော့ထင်သား အဟင်း'

'ဖြစ်ရမယ်'

ဒီလိုနှင့် စစ်ပြေငြိမ်းသွားပြီး နှစ်ယောက်သား တည်းခိုခန်းရှိရာသို့ ချီတက်ကြတော့သည်။

'မင်းအိတ်က လေးလား'



'အင်း... သိပ်မလေးပါဘူး'

'ဒါဆို ငါ ဆွဲပေးမယ် ပေး'

နှင်းဆီ မျက်စောင်းတစ်ချက်ထိုးပြီး အိတ်ကို ပေးလိုက်သည်။ လမ်းလျှောက်နေရင်းမှ...

'ရှင်တို့ ရန်ကုန်က လူတွေက တော်တော်အိပ်ပုတ်ကြီးတယ်နော်'

'ဘာဖြစ်လို့လဲ'

'ဩော်... ကျွန်မတို့ နယ်မှာဆိုရင် ဒီအချိန် တစ်မြို့လုံး နိုးနေပြီ၊ ခု... လူဆိုလို့ ရှင်တစ်ယောက်ပဲ တွေ့သေးတယ်'

လင်းထွဋ် နင်ရမလို ဘာလိုလို ဖြစ်သွားမိ၏။

'ဒါတော့ မတူဘူးလေကွာ၊ ရန်ကုန်က လူတွေက ညနက်မှ အိပ်ကြတာကိုး'

'ဩော်... ဒီလိုလား'

'နေပါဦး၊ မင်းက အသိမရှိဘဲ ရန်ကုန်ကို ရောက်လာတာလား'

'အလာတုန်းက ရှိတယ်၊ ဒီရောက်မှ မရှိတာ'

'ဘယ်လို... ဘယ်လို'

'ဒီလိုလေ၊ အလာတုန်းက သူငယ်ချင်းရှိတယ်ဆိုပြီး သူ့အားကိုးနဲ့ လာတာ၊ ဒီရောက်မှ သူက အိမ်ပြောင်းသွားပြီတဲ့'

'ဩော်'

လင်းထွဋ် သနားပင် သနားမိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်လို နေရာမျိုးမှာ မိန်းကလေးတစ်ယောက်တည်း အသိအကျွမ်းမရှိဘဲ ဖြတ်သန်းရမည့် အရေးကို သူမအစား ရင်မောမိသွား၏။

‘မင်းနာမည် ဘယ်လိုခေါ်လဲ’

‘နှင်းဆီ’

‘ငါ့နာမည်က လင်းထွဋ်’

‘မှတ်ထားမယ်’

‘အင်း’

ချက်ချင်းပင် ရင်းနှီးမိသွားကြ၏။

နှင်းဆီလည်း ဒီလင်းထွဋ်ဆိုသော လူကို လူကောင်းတစ်ယောက်ဟု အသိအမှတ်ပြုပစ်လိုက်၏။ လင်းထွဋ်ရဲ့ မျက်နှာပေါ်မှာ ရိုးသားခြင်းက ပေါ်နေတာကိုး။

နှစ်ယောက်သား တရွေ့ရွေ့ဖြင့် တည်းခိုခန်းရှိရာသို့ လျှောက်လာကြရင်း စကားပြောဖြစ်လာကြသည်။ သူ့အကြောင်း ကိုယ့်အကြောင်း ဟိုဟိုဒီဒီပေါ့။ ထိုသို့ စကားပြောဖြစ်လိုက်ခြင်းကြောင့် ရင်းနှီးမှုက ပိုသွားသည်။ စတွေ့သည့် အချိန်က ကတောက်ကဆ ဖြစ်ခဲ့မှုများကိုလည်း အလိုအလျောက် သင်ပုန်းချေပြီးသား ဖြစ်သွားကြလေသည်။

ဒီလိုနှင့် ပြောရင်းဆိုရင်း တည်းခိုခန်းရှိရာသို့ ရောက်လာခဲ့ကြသည်။ နံနက်ခင်းက တော်တော်လင်းနေပြီဖြစ်သော်လည်း မြူနှင်းကတော့ ထူထပ်စွာ ကျဆဲ။



တည်းခိုခန်း အပေါက်ဝတွင် လူတစ်ယောက် ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ပြီး ဆောင်းမနက်ခင်းကို အံတုကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေ၏။

‘ဟေ့လူ… ဟေ့လူ’

လင်းထွဋ် အသံကပဲ တိုးလို့လား။ ထိုပုဂ္ဂိုလ်ကပဲ ကာလနဂါးသေလို့ ဝင်စားသလား မသိ။ မနိုးပါ။

ထို့ကြောင့် လင်းထွဋ် ထိုလူ့ခေါင်းမှ ဆံပင် သုံးလေးပင်ကို ဆွဲနုတ်ပစ်လိုက်သည်။

‘အ… ဘာလဲ၊ ဘာလဲ’

‘အခန်းရှိသေးတယ် မဟုတ်လား’

‘ဟင်း… ဘာ… ဘာ’

‘အခန်းရှိသေးတယ် မဟုတ်လားလို့ မေးနေတာ’

ထိုလူမှာ ရုတ်တရက်ကြီး ဆံပင်ဆွဲနုတ်ခံပြီးမှ နိုးလာရခြင်းကြောင့် ကိုယ့်ခေါင်းကိုယ် ပြန်ပွတ်ပြီး လင်းထွဋ်ကို ကြောင်စီစီဖြင့် ကြည့်သည်။

လင်းထွဋ် ထပ်၍ ဆွဲပင်ဆွဲနုတ်လျှင် ကောင်းမလားဟု တွေးကြည့်မိသေးသည်။ ဒါပေမဲ့ ထိုအတွေးကို ဖယ်ထုတ်ပစ်လိုက်သည်။ သူက နိုးနေပြီလေ။ ထို့ကြောင့် စိတ်ကိုဆွဲဆန့်ပြီး…

‘ဒီမှာ တည်းချင်လို့ အခန်းရှိသေးလား’

ထိုလူ လင်းထွဋ်၏ စကားကို အတော်အကြာ နားလည်သွားပုံရသည်။ မြန်မာလိုပြောနေတာကိုး။ (ခုနကလည်း မြန်မာလိုပြောတာပါ)

www.burmeseclassic.com

www.burmeseclassic.com



'အင်း… အင်း… ရှိတယ်လေ'

'ဒါဆိုလည်း ခင်ဗျားထတော့'

'ဟင်… ဘာလို့လဲ'

'ဟ… ခင်ဗျားဖယ်မှ ကျုပ်တို့အထဲဝင်လို့ရမှာပေါ့'

'ဪ… အင်း… အင်း'

ထိုလူ ကပျာကယာ ထ၍ လူရော ကုလားထိုင်ပါ အပေါက်ဝမှ ဖယ်ပေးသည်။ လင်းထွဋ်တို့ အထဲဝင်သည်။ ထိုလူပါ လိုက်ဝင်လာသည်။

လင်းထွဋ်တို့ လူဟစ်ယောက်မှ မရှိသော ကောင်တာရှေ့တွင် ရပ်လိုက်ကြသည်။ ထိုလူပါ လိုက်ရပ်သည်။ (မတ်တပ်ရပ်ခြင်းကို ဆိုလိုသည်။)

နှင်းဆီက လင်းထွဋ် လက်ကို အသာကုတ်၍ အခန်းခဘယ်လောက်လဲဟု တီးတိုးမေးနိုင်း၏။ လင်းထွဋ် နားလည်ဟန်ဖြင့် ခေါင်းညိတ်၍…

'အခန်းခက ဘယ်လိုယူလဲ'

ထိုလူ အူတူတူပုံစံဖြင့်…

'ခင်ဗျား မြန်မာငွေနဲ့ဖြစ်ဖြစ်၊ FEC နဲ့ဖြစ်ဖြစ် ရပါတယ်'

'အာ… ခင်ဗျားကို အဲဒါမေးနေတာ မဟုတ်ဘူး၊ အခန်းခ ဘစ်ရက်ကို ဘယ်လောက်ပေးရမလဲလို့ မေးနေတာ'

'ဪ… လေးထောင့်ငါးရာပါ'

'လေးထောင့်ငါးရာ'



လင်းထွဋ် သံယောင်လိုက်၍ နှင်းဆီကိုလည်း ဘယ်လိုလဲဟု ပုံစံဖြင့် စောင်းငဲ့ကြည့်သည်။ နှင်းဆီ သဘောတူဟန်ဖြင့် ခေါင်းညိတ်ပြသည်။ ထိုအခါမှ…

'ကဲ… လေးထောင့်ငါးရာဆိုတော့လည်း လေးထောင့်ငါးရာပေါ့ဗျာ၊ တည်းမယ်'

'ဪ… ဟုတ်ကဲ့'

ထိုသို့ သဘောတူညီမှု ရသွားပြီးနောက် နှင်းဆီ အခန်းခ ပိုက်ဆံထုတ်ပေးသည်။ တည်းခိုခန်းမှ ပုဂ္ဂိုလ် လက်ခံ၍ယူသည်။ ပြီးနောက် သော့နှင့်အတူ အခန်းနံပါတ်ပြားလေးပါသော သော့တွဲကို ထုတ်ပေးသည်။ လင်းထွဋ် လှမ်းယူသည်။ နှင်းဆီကို ကြည့်၍…

'ငါ အခန်းထဲထိ လိုက်ပို့ပေးရမလား'

'အင်း'

နှင်းဆီ ခေါင်းညိတ်ပြသည်။

ဘယ်လောက်ပဲ သတ္တိရှိရှိ ကိုယ့်အရပ်ဒေသ မဟုတ်သောကြောင့် နှင်းဆီ အားငယ်ပါသည်။ ထို့ကြောင့် ယခုလေးတင်မှ သိကျွမ်းသော လင်းထွဋ်ကို ယုံကြည်အားကိုးမိ၏။

ဒီလိုနှင့် လင်းထွဋ်၊ နှင်းဆီကို အခန်းတိုင်ရာရောက် (အိမ်တိုင်ရာရောက် မဟုတ်ပါ)။ အထုပ်ဆွဲ၍ လိုက်ပို့ဖြစ်သည်။ လိုက်ပို့သည် ဆိုရာ၌ ခုနက ကောင်တာမှ ပုဂ္ဂိုလ်ပါ အခန်းကို လိုက်ပြပေးသည်။

'ဒီအခန်းပဲ ဆရာတို့'

www.burmeseclassic.com

www.burmeseclassic.com



'သြော်… အင်း… အင်း'

အခန်းသည် အရမ်းအကောင်းကြီးလည်း မဟုတ်သလို အဆိုးကြီးလည်း ဖြစ်မနေပါ။ သပ်သပ်ရပ်ရပ် ရှိသည်။ ရေချိုးခန်းနှင့် အိမ်သာပါ တစ်ဆက်တည်းပါသောကြောင့် နှင်းဆီအတွက် ပို၍အဆင်ပြေသွားသည်။

လင်းထွဋ် အထုပ်ကိုချ၍ အခန်းကို ဟိုကြည့်ဒီကြည့် လိုက်ကြည့်နေသော နှင်းဆီအား…

'ကဲ… ဒါဆို ငါ ပြန်တော့မယ်'

နှင်းဆီ သတိဝင်လာဟန်ဖြင့်…

'ပြန်တော့မလို့လား၊ ဟိုလေ ကျွန်မ ရှင့်ဆီက အကူအညီလေးများ ထပ်တောင်းလို့ ရနိုင်မလား မသိဘူး'

'အင်း… ပြောကြည့်လေ'

'ကျွန်မ အလုပ်တစ်ခုလောက် လိုချင်လို့'

'ဘယ်တော့လဲ'

'မနက်ဖြန်လောက်'

'ဟောဗျာ၊ မင်းဟာက ချက်ချင်းကြီးပါလား'

'အဲလိုပဲ ပြောရတော့မှာပဲ၊ ကျွန်မမှာက ဒီရန်ကုန်မှာ အသိအကျွမ်းကလည်း မရှိ၊ ပြီးတော့ ပိုက်ဆံကလည်း မရှိကော့ဘူး'

ထိုသို့ နှင်းဆီဘက်မှ ပွင့်လင်းစွာ ပြောလိုက်ခြင်းကြောင့် လင်းထွဋ် တွေဝေမိသွားသည်။ ခေါင်းတစ်ချက်ညိတ်၍…

'ကောင်းပြီလေ၊ မင်း ဘာတွေလုပ်တတ်လဲ'



'ဟင့်အင်း ဘာမှမလုပ်တတ်ဘူး'

'ဖြစ်ရမယ်၊ ဒါဆို ပညာအရည်အချင်းကရော'

'အင်း… အင်္ဂလိပ်စာနဲ့ ကျောင်းပြီးထားတယ်'

'ဒီလောက်ဆို မဆိုးပါဘူး၊ ငါ့အလုပ်ထဲမှာ မင်းကို ပြောပေးကြည့်မယ်လေ'

လင်းထွဋ်က အထည်ချုပ် ကုမ္ပဏီမှ မန်နေဂျာတစ်ယောက်ပါ။ လုပ်တာကြာပြီဖြစ်သောကြောင့် လူတစ်ယောက်ကို အလုပ်သွင်းပေးရေးအတွက် အခက်အခဲ သိပ်မရှိချေ။

'ဒါဆို မနက်ဖြန် မနက်ပိုင်း ငါ အလုပ်ဆင်းရင်နဲ့ မင်းကို ဝင်ခေါ်မယ်၊ မင်းအဆင်သင့်လုပ်ထားပေါ့'

'ဟုတ်… ရှင့်ကိုလေ ဘယ်လိုကျေးဇူးတင်ရမှန်းကို မသိတော့ဘူး သိလား'

လင်းထွဋ် ပြုံးမိသည်။

နှင်းဆီပါ ပြုံးသည်။

ထိုသို့အပြုံးချင်း ဖလှယ်နေကြသည့် အချိန်တွင် စေ့ရုံသာ စေ့ထားသော အခန်းတံခါးမှာ ဝုန်းခနဲ ပွင့်လာပြီး ရဲဝန်ထမ်း ယူနီဖောင်းဝတ်ထားသူ နှစ်ဦးနှင့် အရပ်ဝတ်ဝတ်ထားသော ပုဂ္ဂိုလ်နှစ်ဦးတို့ အခန်းထဲ ကပျာကယာ ဝင်လာပြီး ရဲတစ်ယောက်က လင်းထွဋ်ကို ခြောက်လုံးပြူးဖြင့် ချိန်၍ လေသံမာမာဖြင့်…

'ဟိတ်… မလှုပ်နဲ့'

တဆက်တည်း ဘေးမှတစ်ယောက်ကို ဦးတည်၍…

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီး သန်းထွန်း တရားခံကို လက်ထိပ်ခတ်လိုက်ပါ'

'ဟုတ်ကဲ့ ဗိုလ်ကြီး'

ပြောတာက နောက်ကျသည်။ လင်းထွဋ်ကို လက်ထိပ်ခတ်လိုက်တာက အရင်ဖြစ်၏။ မြန်လိုက်သည့်ဖြစ်ခြင်း။

ထိုအဖြစ်အပျက် အားလုံးသည် စက္ကန့်ပိုင်းလေးအတွင်းမှာပင် ဖြစ်သွားခြင်းကြောင့် လင်းထွဋ် မင်တက်နေမိ၏။

မိမိလက်ကောက်ဝတ်သို့ အေးစက်စက် လက်ထိပ်ကြီး ရောက်လာမှ သတိဝင်လာပြီး ပြူးပြူးပြာပြာဖြင့်…

'ဟာ… ကျွန်… ကျွန်တော် ဘာလုပ်လို့လဲဗျ'

တပ်ကြပ်ကြီး သန်းထွန်းက လင်းထွဋ် နားနားကပ်၍

'စခန်းရောက်မှ ရှင်း'

'ဗျာ'

ဒီလိုပုံစံနှင့် ဆောင်းမနက်ခင်းသည် နှင်းများပျောက်၍ နေရောင်ကျရောက်လာပါတော့သည်။

ပြောရရင် တစ်စုံတစ်ခုအတွက် တစ်စုံတစ်ရာ ကန့်လန့်ကာကို ဆွဲဖွင့်လိုက်ပါသည်ဟု ဆိုကြပါစို့။

## အခန်း(၃)

'တကယ်ပြောတာပါ စခန်းမှူးကြီးရယ်၊ ကျွန်တော်မကောင်းတာဆိုလို့ ညက အသုဘအိမ်မှာ ဖဲရိုက်တာလေး တစ်ခုပဲ လုပ်ခဲ့မိတာပါ၊ ဒါကလည်း ဝါသနာပါလွန်းလို့ မဟုတ်ရပါဘူး၊ ကြုံဒိုးလေး ရိုက်တာပါ၊ ဟင့်…'

ငိုသံပါကြီးဖြင့် ပြောနေသော လင်းထွဋ် စကားကို ရှေ့မှ မျက်နှာမဲမဲကြီးဖြင့် နားထောင်နေသော စခန်းမှူးကြီးက ခေါင်းတခါခါလုပ်၍…

'မင်း ငါတို့ကို ဘာမှဝှေ့လည်ကြောင်ပတ် လုပ်ဖို့ မကြိုးစားနဲ့ စေဦး'

'ကျွန်တော့်နာမည် လင်းထွဋ်ပါခင်ဗျ၊ လုံးဝ စောမဦးပါဘူး'

'တိတ်စမ်း လာလိမ်မနေနဲ့ ဟွန်း'

တော်တော်ကြီးကို စိတ်ထဲတွင် ငိုချင်သွားသည်။ ကိုယ်က သာ ငိုချင်သည်ဟု စိတ်ကူးရုံရှိသေး ဘေးမှ နှင်းဆီဆိုသော ငေါ်ခက တရှုံ့ရှုံ့ ငိုနေ၏။ ငိုနေသော သူ့ကိုလည်း သနား၏။ မိဆီမဆိုင်

www.burmeseclassic.com

www.burmeseclassic.com



လက်ထိပ်ကြီးတန်းလမ်းဖြင့် ရဲစခန်းတွင် ငုတ်တုတ်ထိုင်နေရသော ကိုယ့်အဖြစ်ကိုလည်း ကိုယ်အသားကုန်သနားသည်။ ဘာကြောင့် ဒီကို ရောက်နေရပါသလဲဆိုသည့် အဖြေကိုလည်း ခုချိန်ထိ စဉ်းစားမရသေး။ ထို့ကြောင့် စခန်းမှူးကြီးကို မေးကြည့်မိ၏။

'စခန်းမှူးကြီး၊ ကျွန်တော် ဘာဖြစ်လို့ ဒီကိုရောက်နေရတာလဲဟင်'

စခန်းမှူးကြီးက လေသံပြတ်ကြီးဖြင့်...

'လူသတ်လို့'

'ခင်ဗျာ'

လင်းထွန်း ခေါင်းကြီးသွားသည်။ ပြီးတော့ ကိုယ်ဘယ်တုန်းက လူတွေဘာတွေသတ်ခဲ့သလဲဆိုတာ ပြန်စဉ်းစားကြည့်မိ၏။

မဖြစ်နိုင်။ လုံးဝ သတ်ဖူးခြင်း အလျဉ်းမရှိ။

'အဓိပ္ပာယ်မရှိလိုက်တာ စခန်းမှူးကြီးရယ်၊ ကျွန်တော့်ဘဝတစ်လျှောက်လုံးမှာ သတ်ဖူးတဲ့ သတ္တဝါဆိုလို့ ခြင်နဲ့ ပုရွက်ဆိတ်ပဲ ရှိခဲ့ဖူးပါတယ်'

'ဒီမှာ စောဦး'

လုပ်ပြန်၏။

'လင်းထွန်းပါ ခင်ဗျ'

'ငါသိတာတော့ စောဦးပဲကွ'

'ကျွန်တော် သိတာကတော့ လင်းထွန်းပါပဲ'

'တော်... တိတ်စမ်း'



'ဟုတ်'

လင်းထွန်း တိတ်လိုက်ရတော့သည်။ မတိတ်ရင် ထဆော်တော့မယ့် သဘောမှာ ရှိနေတာကိုး။

စခန်းမှူးကြီးက သူ့စိတ်သူလျှော့၍ လင်းထွန်းကို ဘုကြည့်ကြည့်ပြီး...

'ဒီမှာ စောဦး'

ဒီတစ်ခါတော့ လင်းထွန်း ဘာမှမပြောတော့ပါ။ သူတို့ဘာသာ စောပဲဦးဦး နောက်ကျပဲဦးဦး ဦးချင်သလိုသာ ဦးပါစေတော့။ အချိန်တန်ရင် ကိုယ်မဟုတ်မှန်း ပေါ်လာမှာပဲဟာ။

'မင်း သန်လျင်ဘက်မှာ ဓားပြတိုက် လူသတ်ပြီး ဘယ်လိုပဲ တိမ်းရှောင်ရှောင် အချိန်တန်တော့ ငါတို့ဆီ ရောက်ရတာပါပဲလေ၊ ဟင်း... ဟင်း'

လင်းထွန်း စခန်းမှူးကြီးကို အားငယ်စွာ ကြည့်သည်။ ပြီးတော့ စိတ်ပျက်စွာ ကြည့်သည်။ ပြီးတော့ ပြောချင်တာ ပြောတော့ဆိုသည့် ပုံစံဖြင့် ကြည့်သည်။

ဒါကို စခန်းမှူးကြီးက ဘယ်လိုသဘောပေါက်သွားသလဲ မသိ။

'ဟင်း... ဟင်း... မင်း အခုတော့ ဘာမှမပြောနိုင်တော့ဘူး မဟုတ်လား၊ ငါတို့က ဒီမနက် မင်း ဒီတည်းခိုခန်းမှာ လာတည်းမယ်ဆိုတာကို သတင်းရထားပြီးသားကွ၊ ဟင်း... ဟင်း'

လင်းထွန်း အူတူတူရုပ်ဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဒါဆို စခန်းမှူးကြီးက အကြားအမြင်ရနေတာပေါ့နော်'

'ဟော့ကောင် မင်း ဘာစကားပြောတာလဲ'

'ဒီလိုလေ စခန်းမှူးကြီးရယ်၊ ကျွန်တော့်ဘာသာတောင် ဒီမနက် ဒီတည်းခိုခန်းကို သွားရလိမ့်မယ်လို့ ကြိုပြီးသိမှမထားတာ၊ ဒါကို စခန်းမှူးကြီးက ကြိုပြီးသိထားတယ်ဆိုတော့'

လင်းထွဋ် စကားစကို ဖြတ်၍ စခန်းမှူးကြီးကို ပေကလပ် ပေကလပ်ဖြင့် ကြည့်သည်။

စခန်းမှူးကြီးကတော့ လင်းထွဋ်ကို ပြန်မကြည့်ဘဲ စူးစမ်းသည့် ပုံစံဖြင့် မျက်လုံးကြီး ပြူးကာကြည့်သည်။

အတွေ့အကြုံအရ လင်းထွဋ်ထံမှ ရိုးသားမှုကို ရှာဖွေတွေ့သွားသောအခါ ဇဝေဇဝါ ဖြစ်လာသည်။ နောက်တစ်ချက်က ဒီတရားခံ၏ ဓာတ်ပုံကလည်း မိမိတို့ဆီမှာ မရှိ။ ပုံပန်းသဏ္ဌာန်ကို သိထားခြင်းကြောင့် ဖြစ်သည်။

သတင်းအရရော ပုံပန်းသဏ္ဌာန်အရရော သိပ်မှားစရာအကြောင်းတော့ မရှိ။ သို့သော် သေချာအောင်တော့ မေးမှဖြစ်တော့မည်။ ဒီလိုကိစ္စမျိုးဆိုတာ နည်းနည်းလေးမှ အမှားမခံနိုင်တာ။ ထို့ကြောင့် ထပ်၍ မေးဖြစ်တော့သည်။

'မင်းနာမည် ဘယ်သူလဲ'

'လင်းထွဋ်'

'ဘယ်မှာနေလဲ'



'…. ရပ်ကွက်မှာ'

'ဘာအလုပ်လုပ်လဲ'

'အထည်ချုပ် ကုမ္ပဏီက မန်နေဂျာပါ'

'ဇာတိက'

'မကွေး'

'မိဘတွေ အမည်က'

'ဦးတင်ထွဋ်၊ ဒေါ်ထားရီ'

'သူတို့ကရော ဘာအလုပ်လုပ်လဲ'

'ဆီစက် ဆန်စက် ထောင်ထားတယ်'

'အခုလက်ရှိဘယ်မှာနေလဲ'

'ကျွန်တော့်ကို ပြောတာလား၊ မိဘတွေကို ပြောတာလား'

'မင်းမိဘတွေကို ပြောတာ'

'သူတို့က မကွေးမှာပဲနေတာပါ၊ ကျွန်တော်ကသာ ရန်ကုန်ရောက်နေတာ'

'မင်းက လင်းထွဋ် ဖြစ်ကြောင်း ဘယ်သူတွေ ထောက်ခံနိုင်မလဲ'

'ကျွန်တော့်အလုပ်က လူတွေရော၊ ကျွန်တော့်ရပ်ကွက်ထဲက လူတွေရော ထောက်ခံနိုင်မှာပါ'

အဖြေက ရှင်းပါသည်။

ပထမ အဖြေနှင့် ဘာမှမလွဲ။ ထို့ကြောင့် စခန်းမှူးကြီး စဉ်းစားရပြီ။ စဉ်းစားပြီးနောက် သူ ဘာကိုဆက်လုပ်ရမလဲဆိုတာကို အဖြေပေါ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် အရာရှိတစ်ယောက်ကို ခေါ်၍ လင်းထွဋ်တို့ကို ဖမ်းလာသော တည်းခိုခန်းသို့ ဆက်လက်စောင့်ကြည့်ရန် ညွှန်ကြားလိုက်၏။

ပြီးမှ တရှုံ့ရှုံ့ ငိုနေသော နှင်းဆီဘက်လှည့်၍…

'ကဲ… ကမလေးမ မင်းနဲ့ သူနဲ့ ဘယ်လိုစပြီး သိကျွမ်းတာလဲ'

နှင်းဆီ ငိုသံနှော၍…

'သူက ကျွန်မကို စပြီး ဝင်တိုက်တာပါ၊ ဟင့်…'

စခန်းမှူးကြီး စိတ်ကိုဆွဲဆန့်လိုက်သည်။

'အဲလိုဝင်တိုက်တော့ ဘာဆက်ဖြစ်လဲ'

'ကျွန်မ သူ့ကို ရန်တွေ့မိပါတယ် ဟင့်'

'ကဲ… ဟုတ်ပါပြီ၊ နောက်တော့ရော ဘာဆက်ဖြစ်လဲ'

'ကျွန်မနဲ့ သူနဲ့ စကားပြောဖြစ်ကြတယ်'

'အင်း… ဟုတ်ပြီ၊ နောက်တော့ရော'

'ကျွန်မ သူ့ကို လူကောင်းတစ်ယောက်လို့ ထင်သွားမိပါတယ်'

'အင်း… အင်း'

'ခုမှ သူ လူဆိုးဖြစ်နေမှန်း သိရတာပါ စခန်းမှူးကြီးရယ်၊ တကယ်ပါ ဟင့်'

လင်းထွဋ် တော်တော်ဖုသွားသည်။

'ဟော့… ဟော့… မင်း ဘာစကားပြောတာလဲ'



'လူစကားလေ၊ ရှင် နားမလည်ဘူးလား'

'ငါ လူဆိုးမဟုတ်ဘူးကွ'

'မဟုတ်ဘဲနဲ့ ဒီကိုရောက်လာမလား ဟွန်း'

လင်းထွဋ် လုံးဝတင်းသွားသည်။

ထို့ကြောင့် တစ်ခုခု ပြန်ပြောရန် ဟန်ပြင်နေစဉ် စခန်းမှူးကြီးက ကြားဖြတ်၍

'ဟော့… တော်စမ်း၊ မင်းတို့ ငြင်းခုန်ဖို့ မလိုဘူး၊ ဟိုကလေးမ ငါမေးတာသာ ဖြေ၊ မောင်ရင်လည်း ပါးစပ်ပိတ်'

ထို့ကြောင့် လင်းထွဋ် ပါးစပ်ပိတ်လိုက်ရသည်။

စိတ်ထဲတွင်တော့ မကျေနပ်။

စခန်းမှူးကြီးက ဆက်၍…

'ကဲ… ကလေးမ၊ ခုမှသိတဲ့လူနဲ့ မင်းနဲ့က ဘာကိစ္စကြောင့် တည်းခိုခန်းရဲ့ အခန်းတစ်ခုထဲမှာ အတူရှိနေရတာလဲ'

'ဒါက ဒီလိုပါ စခန်းမှူးကြီးရယ်၊ ကျွန်မက ဒီမနက်မှ ရန်ကုန်ကို ရောက်ဖူးတာဆိုတော့ တည်းခိုခန်း ဘယ်နားမှာရှိမှန်း မသိပါဘူး'

စခန်းမှူးကြီး နှင်းဆီစကားကို လက်ခံဟန်ဖြင့် ခေါင်းညိတ်ပြသည်။

'အဲဒါနဲ့ သူ့ကို အကူအညီတောင်းပြီး တည်းခိုခန်းကို လိုက်ပြနိုင်းတာပါ၊ ဟင့်… ကျွန်မ တကယ်ကို ဘာမှမသိပါဘူး'

'အင်း… ကောင်းပြီ၊ မင်းဘက်က သူနဲ့တကယ်ကို ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မပတ်သက်ဘဲ ကင်းရှင်းကြောင်း မှန်ကန်ရင် မင်း ဘာမှစိတ်ပူမနေနဲ့ ဟုတ်ပြီလား ကလေးမ'

'ရှင်… ဟုတ်ကဲ့၊ ကျွန်မ တကယ်ကိုပြောတာပါ အရာရှိကြီးရယ်'

'အင်းပါ၊ ဟုတ်ပါပြီ၊ ဟုတ်ပါပြီ'

စခန်းမှူးကြီး လင်းထွဋ်ဘက် ပြန်လှည့်၍…

'ဒီက မောင်ရင်လေးကလည်း တကယ်ကို ဘာမှမဖြစ်မရှိကြောင်း အထောက်အထား ခိုင်လုံခဲ့ရင် ကိုယ်တို့ပြန်လွှတ်ပေးမှာပါ'

'ဟုတ်ကဲ့'

'ခုတော့ ဒီမှာ ခဏနေဦးပေါ့ကွာ'

ဒီစကားကိုပဲ လင်းထွဋ် ဟုတ်ကဲ့လိုက်သည်။

စခန်းမှူးကြီးက ဆက်၍ လင်းထွဋ်၏ နေရပ်လိပ်စာကို အတိအကျမေးသည်။ ပြီးတော့ လင်းထွဋ်နေသော ရပ်ကွက်၏ ရပ်ကွက်လူကြီး နာမည်တွေကိုလည်း မေးသည်။

လင်းထွဋ်ကလည်း သိသလောက် ပြန်ဖြေပါသည်။

ထိုသို့အမေးအဖြေတွေ စုံသလောက်ရှိနေသော အချိန်တွင် ရဲဘော်တစ်ယောက် ဝင်လာပြီး စခန်းမှူးကြီးကို အလေးပြု၍ တရားခံအစစ်ဖြစ်သော စောဦးဆိုသော လူကို မိလာပြီဖြစ်ကြောင်း သတင်းပို့၏။

ထိုအကြောင်းအရာကို ကြားလိုက်ရခြင်းကြောင့် လင်းထွဋ် ရင်ထဲတွင် ပေါ့ခနဲပင် ဖြစ်သွား၏။



ကိုယ်က တရားခံမဟုတ်သော်လည်း သို့လော သို့လောဖြင့် ရင်လေးနေရသည် မဟုတ်လား။ ခုတော့ အဖြေက ရှင်းသွားပြီ။ ကိုယ်က လူကောင်း၊ လူဆိုးဆိုတဲ့ကောင်က စောဦးဆိုတဲ့ ငတိပေါ့။

ရဲဘော်လေး၏ စကားကြောင့် စခန်းမှူးကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး…

'ဟုတ်လား၊ ဒါဆို တရားခံကို အခန်းထဲ ခေါ်ခဲ့ကွာ'

'ဟုတ်ကဲ့'

ရဲဘော်လေး အလေးပြု၍ ပြန်ထွက်သွားသည်။

ခဏမျှကြာတော့ ရဲဘော်နှစ်ယောက် ခြံရံ၍ တရားခံစောဦး လက်ထိပ်တန်းလန်းဖြင့် ဝင်လာသည်။

လင်းထွဋ်ရော နှင်းဆီပါ ပြိုင်တူလှည့်ကြည့်၏။

'ဟောဗျာ'

'ဟောတော့'

နှစ်ယောက်သား ပြိုင်တူပင် အာမေဋိတ် ကိုယ်စီထွက်သွား၏။ မထွက်ခဲ့နိုင်ရိုးလား။ တရားခံဆိုသည့်ကောင်က လင်းထွဋ်နဲ့ ကိုးဆယ်ရာခိုင်နှုန်းလောက်ကို လုံးတူခေါက်တူ တူနေတာကိုး။ တော်ရုံတန်ရုံ မရင်းနှီးသူဆိုလျှင် လင်းထွဋ်ဟု ထင်မည်မှာ မလွဲ။ ဒါကြောင့် မှားကြသည်ပေါ့။

စခန်းမှူးကြီးကလည်း တရားခံကိုတစ်လှည့် လင်းထွဋ်ကိုတစ်လှည့် ကြည့်၍ ဖြစ်ရမယ် ပုံစံဖြင့် ခေါင်းတဆတ်ဆတ်ညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ စခန်းမှူးကြီးက တရားခံကို တစ်ခွန်းစ နှစ်ခွန်း စမေးမြန်း၍ ခေါ်သွားခိုင်းလိုက်သည်။ ပြီးမှ လင်းထွန်းတို့အား အားနာသော မျက်ဝန်းဖြင့်...

'ဒီကမောင်ရင်တို့ကို သိပ်အားနာစရာ ကောင်းသွားပြီကွာ'

'ဩော်... မလိုပါဘူး၊ ရပ်ချင်းကလည်း အရမ်းဆင်နေတာကိုး ဟီး'

'အေးကွာ၊ တူတာက တော်တော့်ကို တူတာ၊ ပြီးတော့ ဒီတည်းခိုခန်းကို ရောက်လာတာချင်းလည်း တူနေပြန်တော့'

စခန်းမှူးကြီး၏ အားတောင့်အားနာဖြင့် ဖြေရှင်းနေသော စကားကို လင်းထွန်း ဖြတ်၍...

'ဟာ... ရပါတယ်၊ ရပါတယ်၊ ကျွန်တော် နားလည်ပါတယ်'

'အေးကွာ၊ အေး... အေး'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့'

ပြန်ချင်ပြီ။ အိပ်လည်းအိပ်ချင်ပြီ။ ထို့ကြောင့်...

'စခန်းမှူးကြီး ကျွန်တော် အိမ်ပြန်လို့ ရပြီလား'

'ဟာ... ရပြီ၊ ရပြီ'

လင်းထွန်း ဝမ်းသာသွားပြီး ထိုင်ရာမှ ထ၍...

'ဟုတ်ကဲ့ ဒါဆို ကျွန်တော် ပြန်လိုက်ပါဦးမယ်'

'ဩော်... အေး... အေး'

'ဒီမှာ'



ဒီမှာဆိုသည့် အသံက နှင်းဆီထံမှ ထွက်လာတာပါ။

'ရှင်က ပြန်မယ်ဆိုတော့ ကျွန်မက နေခဲ့ရဦးမယ်ဆိုတဲ့ သဘောလား'

'ဟာ... ဒါကတော့ မင်းသဘောပဲလေ'

'နေခဲ့စရာလား ရှင့်၊ နေစရာလား'

'ဩော်... ခက်တာပဲ၊ မင်းသဘောပါဆိုနေ'

'ရှင်က တော်တော်တစ်ကိုယ်ကောင်းဆန်တဲ့လူပဲ'

'မဖြစ်နိုင်လိုက်တာ'

'ဘာလို့မဖြစ်နိုင်ရမှာလဲ၊ ရှင် အခုပဲ တစ်ယောက်တည်း ပြန်ဖို့အတွက်ပဲ ခွင့်တောင်းတာ၊ ဒါ တစ်ကိုယ်ကောင်းဆန်တာပေါ့'

'ဟာ... မင်းမှာလည်း ပါးစပ်ပါတာပဲဟာ၊ ကိုယ့်ဘာသာကိုယ် ပြောပေါ့ကွ'

နှင်းဆီ တစ်ခုခု ပြန်ပြောရန် ဟန်ပြင်စဉ်မှာပင် စခန်းမှူးကြီးက ကြားထဲမှဖြတ်၍ ကပျာကယာဖြင့်...

'ကဲပါကွာ၊ တော်ကြပါတော့၊ တော်ကြပါတော့၊ မောင်ရင်ရော ကလေးမပါ ကိုယ်သွားလိုရာကို သွားနိုင်ကြပါပြီခင်ဗျာ'

စခန်းမှူးကြီး၏ စကားကြောင့် နှင်းဆီ ထိုင်နေရာမှ ဝုန်းခနဲ ထသည်။ ပြီးတော့ နှစ်ယောက်သား ဘုကြည့်အပြန်အလှန်ကြည့်ကြသည်။

'ပြန်...'

'ဟင်...'

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ပြိုင်တူလိုပင် စခန်းထဲမှထွက်လာကြပါတော့သည်။ စခန်းမှူးကြီးကတော့ သက်ပြင်းချလိုက်ပြီး ကျန်ရစ်ခဲ့ပါသည်။

နှစ်ယောက်သား အပြင်ဘက် ကားဂိတ်သို့ရောက်တော့ နှင်းဆီ လင်းထွဋ်ကို ပေစောင်းစောင်း ကြည့်၍...

'ဒီမှာ ခုဘယ်ကိုပြန်ရမှာလဲ'

'ဟာ... အိမ်ကိုပြန်မှာပေါ့ကွ'

'ရှင်နော်၊ မဟုတ်တာ လာမပြောနဲ့'

'ဇော်... ခက်ပြန်ပြီ၊ ဝါး... ငါက အိမ်မပြန်လို့ ဘယ်ကို ပြန်ရမှာတုန်း'

လင်းထွဋ် သမ်းသမ်းဝေဝေဖြင့် ပြောလိုက်ခြင်းကို နှင်းဆီ မျက်စောင်းထိုး၍

'ရှင်ကတော့ ဟုတ်တာပေါ့ရှင်၊ ကျွန်မကသာ ဘယ်ကိုပြန် ရမှန်းမသိတာ'

'ဒါများကွာ၊ ကားစီးပြီး ပြန်ပေါ့'

'ဘာပြောတယ်'

'ကားစီးပြီး ပြန်လို့ ပြောနေတာ'

နှင်းဆီ ဆွေ့ဆွေ့ခုန်သွားသည်။

'ရှင်... ရှင်... ဘယ်လိုလူလဲ'

'ငါ့စိတ်ထင်တော့ ရိုးရိုးသာမန်လူလို့ပဲ ထင်တာပဲ'

'အဲဒါကိုမေးနေတာ မဟုတ်ဘူးရှင့်'

'ဒါဆို ဘာကိုမေးတာလဲ'



'ဟွန်း... ရှင့်ကြောင့် ကျွန်မ အခုဒုက္ခရောက်နေတာလေ'

'ဟုတ်လား၊ ဘယ်လိုမျိုးပါလိမ့်'

'ရှင်နော်၊ ရူးချင်ယောင် လာဆောင်မနေနဲ့'

'ဆောင်စရာလား'

ဟုတ်တယ်လေ။ ရူးပါတယ်ဆိုတဲ့ဟာကြီးကို တောင်းတဲ့ အလုပ်မှ မဟုတ်ဘဲဟာ။ ဘာလို့ အယောင်ဆောင်ရမှာလဲ။

နှင်းဆီ နှုတ်ခမ်းကိုချွန်၍ (ဓားဖြင့်နှုတ်ခမ်းကို လှီးသည်ဟု မဆိုလိုပါ)။

'ဒီမှာ'

'ဘာလဲ'

'ရှင့်ကြောင့် အခု ကျွန်မ တည်းခိုခန်းခ ဆုံးပြီ'

'ဘာဆိုင်လို့လဲ'

'ဘာဆိုင်လို့လဲ ဟုတ်လား၊ ရှင့်မျက်နှာကြီးကြောင့် ဒီရဲစခန်း ကို ရောက်လာရတာလေ'

လင်းထွဋ် ကိုယ့်မျက်နှာကိုယ် ဘယ်နားသွားထားရမှန်းမသိ ဖြစ်သွားသည်။ သူပြောတာကလည်း မှန်နေသလို ဘာလိုလိုဖြစ်နေ၍ စိတ်ကိုတစ်ထစ်လျှော့လိုက်ပြီး...

'ကဲ... ဟုတ်ပြီကွာ၊ အဲဒီပိုက်ဆံကို ငါ ပြန်ပေးမယ်၊ အဲ... ခုတော့တစ်ပြားမှ ပါမလာဘူး၊ ဒါပေမဲ့ မင်း ငါ့အိမ်လိုက်ယူပေါ့'

'ကျွန်မ ပြောတဲ့သဘောက ဒီသဘောမဟုတ်ဘူးရှင့်'

'ဟော... ဒါဆိုဘာလဲ'

www.burmeseclassic.com



'ရှင် ကျွန်မကို ဆိုင်တစ်ဆိုင် လိုက်ပို့ပေး'

လင်းထွဋ် နားမလည်ဟန်ဖြင့်...

'ဘယ်ဆိုင်ကို လိုက်ပို့ရမှာလဲ'

'အပေါင်ဆိုင်'

'ဘယ်လို'

'အပေါင်ဆိုင်လို့ ပြောနေတာ၊ ရှင် နားမပါဘူးလား'

'ပါ... ပါတယ်ကွ၊ နေပါဦး၊ အပေါင်ဆိုင်သွားပြီး မင်း ဘာသွားလုပ်မှာလဲ'

'ဘာလုပ်ရမှာလဲရှင့်၊ သွားပေါင်မှာပေါ့'

'ဟော... ဘာပေါင်မှာလဲ'

နှင်းဆီ သူ့ရင်ဘတ်အစပ်ကို လက်ဖြင့်ပုတ်၍...

'ဒါ... ဒါ... ဒါသွားပေါင်မှာ'

လင်းထွဋ် မျက်လုံးပြူးသွားလေသည်။

'အာ... မင်းဟာက မဟုတ်သေးပါဘူး'

'ဘာကိုမဟုတ်ရမှာလဲရှင့်'

'ဟ... အပေါင်ဆိုင်တွေက လူမှအပေါင်မခံတာ'

နှင်းဆီ ပထမတော့ အူတူတူဖြစ်သွားသေးသည်။ နောက်မှ လင်းထွဋ် ပါးစပ်မှ ထွက်လာသော ဝါကျ၏ အဓိပ္ပာယ်ကို ခြုံငုံမိပြီး

'ရှင်... ရှင်... ဘာစကားပြောတာလဲ'

လင်းထွဋ် နပေတီမိတောင်ဖြင့်...

'ငါ မြန်မာလိုပဲ ပြောတာပါ'



'ကျွတ်... ကျွန်မပြောတာက ဒီဆွဲထားတဲ့ ဆွဲကြိုးကို သွား ပေါင်မယ်လို့ ပြောနေတာ၊ ဟွန်း'

လင်းထွဋ် သဘောပေါက်သွားသည်။ ဒါမှ သဘောမပေါက် သေးရင်လည်း ပါးရိုက်ခံရကိန်း ရှိသည်။

'သြော်... ဒီလိုလား'

နှင်းဆီ မျက်နှာကို မဲ့ခနဲ လုပ်ပြလိုက်သည်။ လင်းထွဋ် ပခုံးကို တွန်း၍...

'ကောင်းပြီလေ၊ ငါလိုက်ပြပါ့မယ်'

ဤသို့ဖြင့် လင်းထွဋ်က ရှေ့မှ၍ အပေါင်ဆိုင်ရှိရာသို့ လျှောက်သည်။ နှင်းဆီက လမ်းမသိသောကြောင့် အနောက်မှလိုက် သည်။ (မှတ်ချက် လင်းထွဋ်ကို နွေးဖြင့်နိုင်းနှိုင်းခြင်း မဟုတ်ပါ။)

လမ်းလျှောက်တာ မိနစ်နှစ်ဆယ်ခန့် ကြာတော့ နှင်းဆီ စိတ် မရှည်နိုင်တော့။

'ဒီမှာ ရှင့်ဟာက မရောက်နိုင်သေးဘူးလား'

'ငါ့ဟာဆိုတာ ဘာကိုပြောတာလဲ'

'အပေါင်ဆိုင်ကို ပြောနေတာရှင့်၊ ဟွန်း... အရေးထဲ'

'ရှေ့နားဆို ရောက်ပြီ'

ဒီလိုနှင့် အပေါင်ဆိုင်ရှေ့သို့ ရောက်လာပြီး နှစ်ယောက်သား အမောဆို့သွားကြသည်။ လမ်းလျှောက်လာရခြင်းကြောင့် အမောဆို့ သွားခြင်း မဟုတ်ပါ။ အပေါင်ဆိုင် မဖွင့်သေးခြင်းကြောင့် ရင်မော သွားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆိုင်က မဖွင့်သေးဘူး'

'ကျွန်မလည်း မြင်တယ်လေ၊ ခုမှတော့ ဘယ်တတ်နိုင်ပါ့မလဲ၊ ဆိုင်ဖွင့်ချိန်ထိ ထိုင်စောင့်ရတော့မှာပေါ့'

လင်းထွဋ် သက်ပြင်းရှည်ရှည်ချ၍ ဆိုင်တံခါးဝမှာပင် ခြေပစ်လက်ပစ် ထိုင်ချပစ်လိုက်သည်။ နှင်းဆီလည်း စိတ်ရှုပ်ထွေးသလို ရုပ်ဖြင့် လင်းထွဋ်အားတွင် ဝင်ထိုင်သည်။ ဆိုင်ဖွင့်ချိန်က ရှစ်နာရီ ဘိုသည်ကို ရေးသားထားခြင်းကြောင့် နာရီဝက်လောက်တော့ ထိုင်စောင့်ရဦးမည်။

စိတ်ပျက်စရာ ကောင်းလှသည်။ အိပ်ချင်ပါသည်ဆိုနေကာမှ ခုချိန်ထိ လှဲပင်မလှဲရသေး။ ဘာပဲဖြစ်ဖြစ် နောက်နာရီဝက်လောက်ထိတော့ ဒုက္ခခံရတော့မည်။ ဆိုင်ဖွင့်၍ သူမဆွဲကြိုး ပေါင်ပြီးလျှင် ကိစ္စက ပြီးပြီ။ သူလည်း သူ့လမ်းသူသွား ကိုယ်လည်း ကိုယ့်အိမ်ပြန်အိပ်ပေါ့။

နှစ်ယောက်သား ဘာစကားမှ မဆိုဖြစ်ကြဘဲ ဆိုင်ရှေ့တွင် ငုငုကြီးတွေ ထိုင်မိနေကြ၏။ လင်းထွဋ်၏ မျက်ခွံတွေသည် တစ်စတစ်စ လေးလံလာ၏။ တစ်ချက်တစ်ချက်လည်း ဆတ်ခနဲ ဆတ်ခနဲ ငိုက်ငိုက်သွား၏။ မနည်းကြိုးစားပြီး အိပ်ချင်စိတ်ကို ထိန်းနေရသည်မှာ ပင်ပန်းလှန်းသည်။

'ဟူး... ဆိုင်မြန်မြန်ဖွင့်ပါတော့ကွာ'

လေးလေးပင်ပင်ကြီးဖြစ်နေသော ခေါင်းကို နံဘေးမှ အုတ်နံရံအား အသာမှီ၍ ထိန်းထားလိုက်သည်။ အိပ်ချင်သည့်စိတ်ကို အသိတရားဖြင့် အပြင်းအထန် တွန်းလှန်၏။



တစ်ချက် တစ်ချက်တော့ လွတ်ခနဲ၊ လွတ်ခနဲ၊ နောက်တော့ နွေးထွေးသော အထိအတွေ့တစ်ခုက ရင်ခွင်ထဲသို့ ပြုဆင်းလာခြင်းကို အသိအာရုံမှ နောက်ဆုံးခံစားမိလိုက်ပြီး လင်းထွဋ် အိပ်ပျော်သွားပါလေတော့သည်။

လမ်းသွားလမ်းလာများကတော့ အပေါင်ဆိုင်ရှေ့တွင် ငုတ်တုတ်ထိုင်၍ တစ်ယောက်ကိုတစ်ယောက် မှီတွယ်ကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော ငယ်ငယ်ရွယ်ရွယ် လိုက်ဖက်သော စုံတွဲကို တီးတိုးအတင်းဆို ကွက်ကြည့် ကွက်ကြည့် လုပ်သွားကြပါလေတော့သည်။ သူတို့ကတော့ ပြိုင်တူတောင် ဟောက်လို့။

'ခူး... ခလော... ခူး... ခူး'

'ခွီး... ရှလီး... ခူး... ခလော'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

'ဟဲ့… ဟဲ့… ဘယ်နှယ်ဟာတွေတုန်း၊ ငါ့ဆိုင်ရှေ့မှာ အိပ်နေရတယ်လို့'

လင်းခတစ်ကောင်က နားနားကပ်၍ စပီကာတပ်ထား အော်လိုက်သောအသံဆိုးကြီးက လင်းထွဋ်၏ နားစည်ကို လာရောက်ရိုက်ခတ်လေ၏။

'ဟဲ့… ကောင်လေးနဲ့ ကောင်မလေး ထစမ်း၊ ထစမ်း'

သည်းမခံနိုင်အောင် စူးရှလှသော အသံကြောင့် လင်းထွဋ်မျက်လုံးကို ကြိုးစား၍ ဖွင့်ကြည့်မိသည်။ အလင်းရောင်တန်းက မျက်ဝန်းထဲ ဝုန်းခနဲဝင်လာခြင်းကြောင့် မျက်စိကျိန်းသွားပြီး ကမျာကယာပြန်မှိတ်လိုက်ရ၏။

'ဟဲ့… ထလို့ပြောနေတယ်လေ၊ နားမပါကြဘူးလား'

'အား… ဘာလဲ၊ ဘာလဲ၊ ကျွတ်…'

ဒုတိယအကြိမ်မြောက် မျက်လုံးကို ကြိုးစားပြီး ဖွင့်လိုက်တော့ ဆိုးဝါးလှသော ရုပ်ဆင်းသဏ္ဌာန်ကြီးတစ်ခုက အမြင်အာရုံထဲ



ဝုန်းခနဲ တိုးဝင်လာခြင်းကြောင့် ရင်တုန်ပန်းတုန်ပင် ဖြစ်သွားမိ၏။

'အား… ဘာကြီးလဲ'

အပေါင်ဆိုင်ပိုင်ရှင် အဒေါ်ကြီး ဒွေ့ဒွေ့ခုန်သွားသည်။

'ဘာ… ဘာ… ငါ့ကိုများ၊ ဟဲ့… နင်တို့ အခုချက်ချင်း ငါ့ဆိုင်ထဲက ထွက်သွားကြစမ်း'

လင်းထွဋ် အူတူတူဖြစ်နေသေးသည်။

'ဘာ… ဘာ… ပြောတယ်'

မျက်လုံးကြီးပြူး၍…

'ငါ့ဆိုင်ရှေ့က ထွက်သွားလို့ ပြောနေတာ'

ပဏ္ဍုပွန်းဆီ ပြန်ရောက်ဖို့ ဦးနှောက်ကို အတင်းအားမွေ့ နိုင်းစေလိုက်ရသည်။ အသိတရား ပြည့်စုံသွားသောအခါ မိမိရင်ခွင်ထဲတွင် ပုံ့ပုံ့လေး တိုးဝှေ့၍ အိပ်ပျော်နေသော နှင်းဆီကို လှုပ်နှိုးရတော့၏။

'နှင်းဆီ… နှင်းဆီ… ထ… ထ'

ကာလနဂါးမက နိုးတော်မမူပါ။

ထို့ကြောင့် မျက်ထောက်နီကြီးဖြင့် ခါးထောက်၍ စိုက်ကြည့်နေသော ဆိုင်ရှင်တရုတ်မကြီးကို သွားဖြီးပြပြီး

'အဟီး… နိုး… နိုးတော့မယ်နော်၊ ခဏလေး၊ နှင်းဆီ… နှင်းဆီ… ထကွာ၊ ထတော့'

အနည်းငယ် နိုးလာရုံဖြင့် နှင်းဆီ အီး… အီး… အဲ… အဲ… အသံပြန်ပေးသည်။ ဆံပင်တွေက ဖရိုဖရဲဖြင့် မိမိရင်ခွင်ထက်တွင် အအိပ်မက်နေသော နှင်းဆီကို သေချာစိုက်ကြည့်ပြီး လင်းထွဋ်

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲတွင် နွေးခနဲဖြစ်မိသွား၏။ နိုးကို မနိုးရက်ချင်တော့။ တစ်သက်လုံး ဒီအတိုင်း ထွေးပွေ့ထားချင်စိတ် ပေါက်သွားသည်။

ဒါပေမဲ့ ယခုတော့ နိုးကိုနိုးရပေတော့မည်။ စိတ်မကောင်းပါဘူး ကောင်မလေးရယ်။ ကျေးဇူးပြုပြီး မင်းမျက်ဝန်းလေးတွေကို ဖွင့်လိုက်ပါတော့။

'နှင်းဆီ… နှင်းဆီ… ဟော့… ကောင်မလေး ထတော့ကွာ'

နှင်းဆီ၏ ပန်းနုရောင် မျက်ခွံလေးတွေ ဖြည်းဖြည်းချင်း ပွင့်လာ၏။ အပေါင်ပိုင်ဆိုင်ရှင် အဒေါ်ကြီးကတော့ ဒေါသမြန်မြန် ထွက်လာပုံရကာ သူ၏ ငှက်ဆိုးထိုးသံကြီးကို အသံကုန်ဟစ်ပစ်လိုက်ပါလေတော့သည်။

'ဟဲ့… ကောင်မလေး ထတော့'

'အောင်မလေး'

နှင်းဆီ ငေါက်ခနဲပင် ခါးဆန့်သည်။ မျက်လုံးပြူးသည်။ သူမရင်ဘတ်ကို ပြန်ဖိ၍ ဘုရား… ဘုရားဟု ရေရွတ်သည်။

'ကဲ… နိုးကြပြီဆိုရင်လည်း ငါ့ဆိုင်ရှေ့က မြန်မြန်ကြွတော့'

'ဟင်'

နှင်းဆီ ကြောင်တောင်တောင်လေးဖြင့် ထိုပုဂ္ဂိုလ်မကြီးကို မော့ကြည့်သည်။ ဘယ်လိုမှ ဆက်စပ်မရသေးဟန်ဖြင့် ဘေးတွင် ငုတ်တုပ်ထိုင်ဆဲဖြစ်သော လင်းထွဋ်ကိုလည်း ကြည့်သည်။

လင်းထွဋ် ပခုံးတွန့်ပြလိုက်ပြီး…

'ငါတို့တွေ သူ့ဆိုင်ရှေ့မှာ အိပ်ပျော်သွားကြတယ်၊ ဒါကြောင့် လာနိုးတာ'



'ဟင်… ဟုတ်လား'

'အင်း'

နှင်းဆီ မျက်နှာ ရဲခနဲ ဖြစ်သွားသည်။

ခုမှ နှင်းဆီနှင့် ဗိုက်ဟူသွားသည်ဟု လင်းထွဋ် ထင်လိုက်မိသည်။ နှင်းဆီ ကသုတ်ကရက်ထ၍ ခန္ဓာကိုယ်ကို သပ်သပ်ရပ်ရပ် ဖြစ်အောင် ဟိုဆွဲဒီဆွဲ ဆန့်လုပ်၏။

လင်းထွဋ်လည်း လိုက်ရပ်သည်။ (မတ်တပ်ထရပ်သည်ကို ဆိုလိုသည်။)

ခရိုနံထိ ဆိုင်ရှေ့မှ မခွာသေးခြင်းကြောင့် ဆိုင်ရှင်အဒေါ်ကြီး လင်းထွဋ်တို့ကို ဘုကြည့်ကြည့်သည်။ လင်းထွဋ် မျက်နှာကို ဖြဲခနဲ လုပ်၍…

'ဟီး… ဟီး… အန်တီ နေကောင်းတယ်နော်'

'အဲဒါ မင်းနဲ့ဘာဆိုင်လဲ'

'ဟိုလေ၊ နေကောင်းရင် ကျွန်တော်တို့ ပေါင်မလို့'

အဒေါ်ကြီး၏ ခန္ဓာကိုယ် ဝဝကြီးတစ်ထောင်ခန့် မြင့်တက်သွားသည်။

'ဘာ… ဘာ'

လင်းထွဋ်လည်း လန့်သွား၏။ မတော်လို့ ကျိုးပဲ့သွားရင် ကိုယ်ပယောဂ မကင်းဖြစ်မှာကိုး။

'အန်တီ သတိထား၊ သတိထား'

'ဟင်း… ဟင်း… မင်း… မင်း… ငါ့ကို ဘာစကားပြောတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်··· ကျွန်တော်'

'မင်းကို ငါ အခုချက်ချင်း ရဲတိုင်မယ်၊ ဟင်း··· ဟင်း···'

'ဟာ··· မဟုတ်၊ မဟုတ်'

အကုန်လုံး ရှုပ်ထွေးကုန်တော့သည်။ လင်းထွဋ် တော်တော်ကြီးကို ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကုန်၏။

ဒီအခြေအနေကို အပြီးသတ် ဖြေရှင်းပေးလိုက်တာက နှင်းဆီ၏ အသံစူးစူးလေးပါ။

'ဒီမှာ ခဏလေးနေကြပါဦး'

ဘယ်သူမှလည်း ထွက်မပြေးသေးပါ။ နှင်းဆီ ခါးလေးကုန်း၍···

'ကျွန်မတို့ ပစ္စည်းလာပေါင်တာပါ'

အရာအားလုံး ရပ်တန့်ပစ်လိုက်သကဲ့သို့ ရုတ်တရက်ကြီးကို ငြိမ်သွား၏။ ဆိုင်ရှင် အန်တီကြီး နှင်းဆီကို ဖဝေဖဝါပုံစံဖြင့် ကြည့်သည်။

လင်းထွဋ်ကလည်း ရသည့်အခွင့်အရေးကို လုံးဝလက်လွှတ်မခံတော့ဘဲ ကပျာကျယာဖြင့်···

'ဟုတ်ကဲ့၊ ကျွန်တော်တို့ ပစ္စည်းလာပေါင်တာပါ အန်တီ'

အန်တီကြီး မျက်နှာ စီးပွားရေးသမားအသွင် ရုတ်ခြည်းပြောင်းသွားသော်လည်း မယုံကြည်မှု လက်ကျန်ဖြင့်···

'ဘာပစ္စည်းလဲ'

နှစ်ယောက်စလုံးမှ ပြိုင်တူပင် အသံထွက်သွားသည်။



'ဆွဲကြိုး'

ဒီလိုနှင့်ပင် ပြဿနာသေးသေးလေး တစ်ခုကို အဆုံးသတ်၍ ပြဿနာအကြီးကြီး တစ်ခုထဲ စတင်တိုးဝင်မိလိုက်ကြပါလေတော့သည်။

ဆွဲကြိုးသည်သာ သက်မဲ့မဟုတ်ဘဲ သက်ရှိသတ္တဝါသာ ဖြစ်ခဲ့လျှင် ပက်ပက်စက်စက်ကို ငိုနေပြီဖြစ်၏။ မငိုခံနိုင်ရိုးလား။ ဆိုင်ရှင်တရုတ်မ လုပ်နေပုံက ကြည့်ဦး။

ဆွဲကြိုးကို ဖင်ပြန်ခေါင်းပြန်ကြည့်သည်။ သွားနှင့်ကိုက်သည်။ ကျောက်နှင့်တိုက်သည်။ နှာခေါင်းဖြင့် နမ်းသည်။ မှန်ဘီလူးဖြင့် ပြူးပြဲကြည့်သည်။ ပြီးတော့ သူ့ရှေ့မှာ မျှော်တလင့်လင့် ရပ်တွေဖြင့် အားကိုးတကြီး ကြည့်နေသော လင်းထွဋ်နှင့် နှင်းဆီကိုလည်း ပြူးတူးပြဲတဲ ကြည့်သည်။

ထိုသို့ အပြုအမူမျိုး ခန့်မှန်းချေ အကြိမ်တစ်ရာလောက် လုပ်အပြီးတွင် ခဏစောင့်ဟု ပြောပြီး အထဲသို့ ဝင်သွား၏။

လင်းထွဋ်တို့လည်း ပိုက်ဆံသွားယူသည် ထင်သောကြောင့် ကြည်ကြည်ဖြူဖြူပင် ခွင့်ပြုလိုက်ကြသည်။

သက်ပြင်းတွေရော သက်မပြင်းတပြင်းတွေရော ကိုယ်စီချ၍ ထိုင်ခုံတွင် ဝင်ထိုင်၍ စောင့်သည်။

ပုဂ္ဂိုလ်မကြီးက တော်တော်နှင့် ထွက်မလာ။

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံတစ်ရွက်ကို နှစ်ရွက်ဖြစ်အောင်များ ရေနေသလား မသိ။ လောလောဆယ် သူက ငွေရှင်ကြေးရှင်၊ ကိုယ်တွေက လာရောက်ဈေးဗှားသူတွေဆိုတော့ ဘယ်လောက်ကြာကြာ စောင့်ရတော့သည်။

မိနစ်နှစ်ဆယ်ခန့် ကြာသွားသည်။ ဘူဆွာမကြီး၏ မျက်နှာကို မမြင်ရသေး။ လင်းထွင့် စိတ်မရှည်ချင်တော့။ ထို့ကြောင့် ထိုင်ရာမှ ထ၍ အော်ခေါ်ရန် ပြင်လိုက်စဉ်မှာပင်…

'ဟိတ်… မလှုပ်နဲ့'

ထိုအသံကြောင့် လင်းထွင့်ရော နှင်းဆီပါ အသံလာရာသို့ ပြိုင်တူပင် လှည့်ကြည့်မိလိုက်ကြသည်။ ပြီးတော့ ပြိုင်တူပင် အသံထွက်သွားမိ၏။

'ဟင်… ဆရာတို့ပါလား'

'ဩော်… လက်စသပ်တော့ မင်းတို့ကို'

တည်းခိုခန်းမှာ လင်းထွင့်တို့ကို လူမှားဖမ်းတဲ့ ရဲဝန်ထမ်းတွေပါ။ ပြောရရင် မိတ်ဟောင်း ဆွေဟောင်းတွေပေါ့။

လင်းထွင့်တို့လည်း ရဲဝန်ထမ်းတွေကို ကြည့်၍ နဝေတိမ်တောင်ဖြစ်နေသလို ရဲဝန်ထမ်းတွေကလည်း လင်းထွင့်တို့ကို ကြည့်၍ နဝေတိမ်တောင် ဖြစ်နေပုံရသည်။

၄င်း နဝေတိမ်တောင်ဖြစ်နေသော ကိစ္စကို အတွင်းခန်းထဲမှ ထွက်လာသော ဆိုင်ရှင်အန်တီကြီးက ဖြေရှင်းပေးလိုက်ပါလေတော့သည်။



'ဖမ်းကြပါရှင်၊ ကျွန်မကို ဆွဲကြိုးအတုကြီး လာပေါင်တာ သူတို့ပါပဲ၊ ဖမ်းကြပါ'

'ဗျာ'

'ရှင်'

'ဩော်'

ဗျာဆိုတာ လင်းထွင့်ရဲ့ အသံပါ။

ရှင်ဆိုတာ နှင်းဆီရဲ့ အသံပါ။

ဩော်ဆိုတာ ရဲဝန်ထမ်းကြီးရဲ့ အသံပါ။ နောက်တော့…

'ဂျောက်… ဂလောက်'

'ဟာ… ကျွန်တော် ရှင်း… ရှင်းပြ'

ရဲဝန်ထမ်းတစ်ဦးက လင်းထွင့် နားနားကပ်၍…

'ညီလေး စခန်းရောက်မှရှင်း'

ဟု ပြောလိုက်ပါလေတော့သတည်း။

'ဗျာ'

www.burmeseclassic.com

## အခန်း(၅)

'တကယ်ပြောတာပါ စခန်းမှူးကြီးရယ်၊ ကျွန်တော် မကောင်း တာဆိုလို့ ညက အသုဘအိမ်မှာ ဖဲရိုက်တာလေး တစ်ခုပဲ လုပ်ခဲ့မိတာပါ၊ ဟင့်…'

ငိုသံပါကြီးဖြင့် ပြောနေသော လင်းထွဋ် စကားကို ရှေ့မှ မျက်နှာမာမာကြီးဖြင့် နားထောင်နေသော စခန်းမှူးကြီးက ခေါင်းတခါခါလုပ်၍…

'မင်း ငါတို့ကို ဘာမှဝေ့လည်ကြောင်ပတ် လုပ်ဖို့ မကြိုးစားနဲ့ မောင်လင်းထွဋ်'

ဒီတစ်ခါတော့ နာမည်မှန်သွားပါပြီ။

'တကယ်ပါဗျာ၊ ပြီးတော့ ဒီကိစ္စကလည်း ကျွန်တော်နဲ့ မဆိုင်ပါဘူး'

နှင်းဆီကို မေးငေါ့၍…

'သူက ပေါင်မယ်ပြောလို့ ကျွန်တော်က လိုက်ပို့ပေးရုံသက်သက်ပါ'



လင်းထွဋ် စကားကြောင့် စခန်းမှူးကြီး နှင်းဆီဘက်သို့ ဦး လှည့်သွားပါတော့သည်။

'ကလေးမ သူပြောတာ ဟုတ်လား'

'ရှင်'

'သူပြောတာ ဟုတ်လားလို့ မေးနေတာ'

'ရှင်… ဟုတ်'

'ဒါဆို ရွှေဆွဲကြိုးအတုကြီးကို လိမ်လည်ပြီး ပေါင်နှံဖို့ ကြိုးစားတာ မင်းပေါ့'

'ရှင် မဟုတ်ပါဘူး'

'ကဲ… ဒါဆိုဘာလဲ'

'ကျွန်မက ဒီဆွဲကြိုးကို အစစ်ထင်လို့ သွားပေါင်မိတာပါ'

'ဟော ဒီဆွဲကြိုးက မင်းဆွဲတဲ့ ဆွဲကြိုး မဟုတ်ဘူးလား'

'ဟုတ်ပါတယ်ရှင်'

'ဟ… ဒါဆို အတုမှန်း အစစ်မှန်း မင်း သိရမှာပေါ့'

နှင်းဆီ အင့်ခနဲ တစ်ချက်ရှိုက်၍…

'ဒါက ဒီလိုရှိပါတယ် စခန်းမှူးကြီးရယ်'

စခန်းမှူးကြီး စိတ်ကိုဆွဲဆန့်လိုက်ပုံဖြင့်…

'ကဲ… ပြောပါဦး၊ ဘာက ဘယ်လိုရှိတာလဲ'

'ဟင့်… ဆွဲကြိုးက ကျွန်မ ဆွဲကြိုးဆိုပေမယ့် အမြဲဆွဲထားတာမျိုး မဟုတ်ပါဘူး၊ အခု ခရီးထွက်ခါနီးမှ ဗီဒိုထဲကနေ ယူပြီးဆွဲလာတာပါ၊ အရင်တုန်းကတော့ အစစ်ပါပဲရှင်၊ အခုမှ အတုဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



တာတော့ ကျွန်မလည်း ဘယ်လိုမှ မစဉ်းစားတတ်တော့ပါဘူး စန်း မှူးကြီးရယ် ဟင့်'

နှင်းဆီ စကားကြောင့် စန်းမှူးကြီး ဦးနှောက်တော်တော် ခြောက်သွားသည်။ အတွေ့အကြုံအရ ဒီကလေးမပြောနေတာတွေက အမှန်တရားတွေဖြစ်ကြောင်းကို ရိပ်မိနေပြန်တော့ ပို၍ခေါင်းခြောက်ရ သည်။

ထို့ကြောင့် အတတ်နိုင်ဆုံးသော ပံ့ပိုးမှုကို ပြုလုပ်ရလေတော့ သည်။

'ဒီမှာ ကလေးမ'

'ရှင်… ပြောပါ'

'ဒီကိစ္စက မင်းဘက်က မှန်နေရင်တောင် လက်ဆုပ်လက် ကိုင်နဲ့ မိတာဆိုတော့ ငါတို့ဘက်က ဖြေရှင်းပေးရတာ ခက်တယ်'

နှင်းဆီ မျက်လုံးလေး ဝိုင်းသွားသည်။

စန်းမှူးကြီးက ဆက်၍…

'ဒီတော့ ကာယကံရှင်ဖြစ်တဲ့ အမျိုးသမီးကို မင်းတို့နားလည် အောင် ရှင်းပြပြီး တောင်းပန်၊ ပြီးတော့ အမှုပိတ်နိုင်း၊ ဟုတ်ပြီလား၊ ငါ ဒီထက်ပိုပြီး မပြောနိုင်တော့ဘူး'

နှင်းဆီ စန်းမှူးကြီး၏ ဆိုလိုရင်းကို လုံးဝနားလည်သွား သည်။ ထို့ကြောင့် ထိုင်ရာမှ ဝုန်းခနဲထ၍…

'ကျေးဇူးတင်ပါတယ် စန်းမှူးကြီး၊ ကျွန်မ အပေါင်ဆိုင်ပိုင် ရှင် အန်တီကြီးကို နားလည်အောင် သွားရှင်းပြလိုက်ပါ့မယ်'



စန်းမှူးကြီး နှစ်လိုဖွယ်ပြုံး၍ ခေါင်းညိတ်ပြသည်။

နှင်းဆီ စိတ်ကိုတင်း၍ အပြင်ဘက်တွင် ထိုင်နေသော အပေါင်ဆိုင်ပိုင်ရှင် အန်တီကြီးထံ လျှောက်သွားလိုက်သည်။

လင်းထွဋ်ကတော့ သက်ပြင်းတစ်ချက်ကို ဝူးခနဲ မှုတ်ထုတ် ၍…

'ဟူး… မလွယ်ပါလားဟ'

☞

(မှတ်ချက်- ဒီနေရာတွင် စာရေးသူ တော်ကီနည်းနည်းများ ပါမည်။ ခွင့်လွှတ်၍ ဖတ်ပေးကြပါကုန်)

စိတ်ထဲတွင် ရှိနေသည့်အတိုင်း ပြောရမည်ဆိုလျှင် လောက ကြီးသည် မမျှတဟု လင်းထွဋ် ထင်မိသည်။ အဘယ်ကြောင့်ဆိုသော် ရှေးလူကြီးတွေ ပြောစကားအရ ကံဆိုးမှုသည် တစ်ခုနောက်က တစ်ခု လိုက်သည်တဲ့။

ဘာကြောင့်လိုက်ရသနည်း။

ထိုကဲ့သို့ အစဉ်တစိုက် ရှိနေခြင်းကြောင့် လောကကြီးသည် တရားမျှတမှု မရှိပါဟု လင်းထွဋ် ထင်မိခြင်းဖြစ်သည်။ ဥပမာ ကံ ကြမ္မာ၏ အဖြူအမဲသည် စာမျက်နှာ၏ ဟိုဘက်ဒီဘက်တွင် ရှိနေ သည်ဟု ဆိုကြပါစို့။ ဘာကြောင့် မိမိကျမှ အမဲတွေချည်း စာမျက်နှာ တွေ အစဉ်လိုက်ပြည့်နေရသနည်း။

ထားပါလေ။ ဒီ မကျေနပ်ချက်တွေကို ဖွင့်ပြောနေလျှင်

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ား ပီသသော စိတ်ဓာတ်မရှိဘူးဟု ပြောကောင်း (ဝေဖန်ကောင်း) ဝေဖန်နိုင်သည်။ ထို့ကြောင့် မပြောလိုတော့။ မစဉ်းစားလိုတော့။

ဖြစ်သမျှအကြောင်း ဖြစ်သင့်လို့ ဖြစ်လာတာပဲဟုသာ ခံယူလိုက်တော့မည်။

သို့သော် ဒီကဲ့သို့ ခံယူလိုက်ရုံနဲ့ ဒီပြဿနာကို မျက်နှာလွှဲခဲပစ်လုပ်၍ ရနိုင်သည်လား။ မရနိုင်ဟု ထင်မိသည်။ ဘာကြောင့်လဲဆိုတော့ ယခု ဒီပြဿနာကို ဖြေရှင်းလို့ရပြီးပြီ ဆိုကြပါစို့။ မိမိနှင့် နှင်းဆီဆိုသော ကောင်မလေး၏ အခန်းက ပြီးသွားပြီလား။ မိမိရော စိတ်အေးလက်အေးဖြင့် အိမ်ပြန်အိပ်၍ ရပြီလား။

အဖြေက ကိုယ်ချင်းစာသည့်စိတ် မရှိလျှင် အိမ်ပြန်အိပ်နိုင်သည်ဟု ထွက်သည်။ ဟုတ်သည်။ မိမိကိုယ်ချင်းစာသည့်စိတ် မရှိလျှင် လေချွန်၍ အိမ်ပြန်အိပ်လို့ရသည်။ ယခု ကိုယ်ချင်းစာသည်ဆိုသော ခံစားချက်ကြီးက အပြည့်အဝ ရှိနေတော့ ခက်သည်။

သူ့ခမျာ ဆွေမရှိ မျိုးမရှိ နေစရာမရှိဖြစ်နေရတဲ့အထဲ ရှိစုမဲ့စု ဆွဲကြိုးက အတုတဲ့။ ကောင်းရော...။

'မင်းသွားတော့ကွာ'ဟု ပြောလိုက်ပြန်လျှင်လည်း ဒီရုပ်ဒီရည်လေးနှင့် ရန်ကုန်လိုနေရာမျိုးမှာ တစ်စစီဖြစ်သွားပေလိမ့်မည်။

ဒီတော့ လင်းထွဋ် ဘာလုပ်ရမည်နည်း။

သူမ အဆင်ပြေတဲ့အထိ ကူညီရုံမှတစ်ပါး ဘာမှကို မရှိတော့။



အပေါင်ဆိုင်ပိုင်ရှင် မိန်းမကြီးနှင့် သွားရောက်ဆွေးနွေးပြီး နှင်းဆီ အခန်းထဲသို့ ကော့တော့ ကော့တော့ဖြင့် ပြန်ဝင်လာသည်။

'သူ့ဘက်က နားလည်သွားလို့ ကျေးဇူးပေးလိုက်ပါပြီ စခန်းမှူးကြီး'

လင်းထွဋ်ရော စခန်းမှူးကြီးပါ ပြိုင်တူအသံထွက်သွားသည်။

'ဟာ... ကောင်းတာပေါ့'

အိုးတိုးအန်းတမ်းဖြစ်သွားပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ ဘာရယ်မဟုတ် ရယ်လိုက်မိကြသည်။ စခန်းမှူးကြီးက...

'အေးကွာ၊ ဒီလိုနားလည်မှုရှိသွားတော့ အတိုင်းထက်အလွန်ပေါ့၊ ကလေးမကလည်း နောက်တစ်ခါကျရင် ကိုယ်စီးတဲ့မြင်း အထီးမှန်း အမမှန်း သိအောင် ကြိုးစားပေါ့'

လင်းထွဋ် နဝေတိမ်တောင်ဖြင့်...

'စခန်းမှူးကြီး သူက မိန်းကလေးတန်မဲ့ မြင်းစီးတယ် ဟုတ်လား'

'ဘာရှင့်'

'ဟော့ကောင်'

နှစ်ယောက်စလုံး၏ ဒေါသသံပါသော လေသံကြောင့် လင်းထွဋ် ဇက်ပုသွားသည်။ ဒါတောင် မျက်စောင်းဆက်ထိုးခံရသေးသည်။

'ဟွန်း'

'ဟင်း'

www.burmeseclassic.com

လင်းထွဋ်ကလည်း အားကျမခံ သွားပြန်ဖြဲပြလိုက်၏။

'ဟီး'

နောက်တော့ စခန်းမှူးကြီး၏ ဆုံးမမှုကို နာရီဝက်ခန့် သြဝါဒခံယူပြီးနောက် ရဲစခန်းအတွင်းမှ ထွက်ခွာလာခဲ့ကြသည်။

ကားမှတ်တိုင်သို့ ရောက်သောအခါ ကိုယ်ကသာ ဒုတိယအကြိမ်ဖြစ်သော်လည်း ကားမှတ်တိုင်ကြီးကတော့ ပထမအကြိမ်အတိုင်း ငူငူကြီး...။

'ကဲ... အခု ငါတို့ ဘာဆက်လုပ်ကြမလဲ'

'ရှင် ယောကျ်ားမဟုတ်ဘူးလား'

'ဟ... မင်းမျက်စိမပါဘူးလား'

'ပါတယ်လေ'

'ဒါဆို ဘာလို့လာမေးနေရတာလဲ'

'ဩော်... ဘာဆက်လုပ်ရမလဲဆိုတာ ယောကျ်ားဖြစ်တဲ့ရှင်က ပြောရမှာလေ၊ အဲဒါကြောင့် မေးတာ'

လင်းထွဋ် ဘုကြည့်ကြည့်ပစ်လိုက်သည်။

ကိုယ်ကသာ ဒင်းလေးအတွက် စိတ်ပူပန်နေရတာ သူက ခုချိန့်ထိ လေသံနည်းနည်းမှ မလျော့။ ဟင်း... နေနှင့်ဦးပေါ့ကွာ၊ ကြည့်ရသေးတာပေါ့။

'ဒီမှာ ငါက ငါ့အိမ်အခုပြန်ပြီး အေးအေးဆေးဆေး အိပ်လို့ရတယ်ကွ၊ မင်းသာ ကိုယ့်ဘာသာကိုယ် ဘာဆက်လုပ်ရမလဲလို့ စဉ်းစားရမှာ'



လင်းထွဋ်စကားကြောင့် နှင်းဆီ ငိုင်ခနဲ ဖြစ်သွားသည်။ ဟုတ်သည်။ ကိုယ် ဘာဆက်လုပ်ရမည်နည်း။ (သိနိုင်းမဟုတ်ပါ) နေစရာလည်း မရှိ၊ စားစရာ ပိုက်ဆံကလည်း နတ္ထိ၊ အားကိုးစရာလူကလည်း ဟင်း...။

'ကျွန်မ အရမ်းစိတ်ရှုပ်နေပြီ'

လေသံက ပျော့သွားပါသည်။

'အင်း... ငါရောပဲ'

'ကျွန်မ ဘာဆက်လုပ်ရမှန်းလည်း တကယ်မသိတော့ဘူး'

လင်းထွဋ် ပင့်သက်ရှိုက်မိသည်။

နှင်းဆီ မျက်လုံးဝိုင်းဝိုင်းလေးဖြင့် လင်းထွဋ်ကို မော့ကြည့်သည်။ ထိုအကြည့်က စက်ရုပ်ပင် ဒူးထောက်ကျသွားနိုင်၏။ ထို့ကြောင့်လည်း လင်းထွဋ် ဒူးထောက်မိသွားသည်။

'ကျွန်မလေ... ကျွန်မ'

ပြောစရာ စကားမရှိတော့ဟန်ဖြင့် နှုတ်ဆိတ်သွား၏။ ထို့ကြောင့် လင်းထွဋ်ကပင် စကားစရလေတော့သည်။

'မင်းရဲ့ လက်ရှိအခြေအနေတွေကို ငါ သဘောပေါက်ပါတယ်'

နှင်းဆီ မျက်လုံးကလေး စွေကြည့်သည်။

ပြောရရင် ထိုအမူအရာလေးသည် ရင်ခုန်စရာတော်တော်ကောင်းပါသည်။ လင်းထွဋ်ကတော့ ရင်ခုန်နှုန်းကို ဘေးသို့ဖယ်၍...

'မင်း ငါ့အိမ်မှာ လိုက်နေ'

www.burmeseclassic.com



'ဟင်… ရှင့်အိမ်မှာ ဘယ်သူရှိလို့လဲ'

'ငါရှိတယ်လေ'

'ဒါဆို ဘယ်သင့်တော်ပါ့မလဲ'

'အင်း… အဲဒါကို ငါ သဘောပေါက်တယ်၊ တကယ်လို့ မင်းလိုက်နေမယ်ပေ့ါဆိုရင် ငါက သူငယ်ချင်းတစ်ယောက်ဆီမှာ ခဏ သွားနေမယ်၊ မင်းဘာသာ လွတ်လွတ်လပ်လပ်နေပေါ့'

နှင်းဆီ ခေါင်းငုံ့ကာ ငြိမ်သက်သွားသည်။ လင်းထွဋ် မြတ်နိုးစွာ ကြည့်၍…

'မင်းဘာသာမင်း အိမ်ငှားပြီး နေနိုင်တဲ့အချိန်ထိနေပေါ့ကွာ'

လင်းထွဋ် အသံက နွေးထွေးလွန်းသည်။

ဘာကြောင့်မှန်းမသိ နှင်းဆီ မျက်ဝန်းတွင် မျက်ရည်တို့ ဝေသီလာ၏။

လင်းထွဋ် ရင်ထဲတွင် လှိုက်ခနဲ ဖြစ်သွားပြီး…

'ဟော့… ငါ ပြောတာ လက်ခံလား'

နှင်းဆီ ဝေဝါးစွာ ခေါင်းညိတ်ပါသည်။

'ကဲ… ဒါဆို မင်းမှာ ပိုက်ဆံဘယ်လောက်ကျန်သေးလဲ'

'ရှင်'

'ရှင်'

'ပိုက်ဆံဘယ်လောက်ကျန်သေးလဲလို့ မေးနေတာ'

နှင်းဆီ အူတူတူဖြင့်…

'ငါးရာပဲ ရှိတော့တယ်'



'ဟား… ဒါဆို အဆင်ပြေပြီ'

'ဘာအဆင်ပြေတာလဲ'

'ငါတို့ အခုအကြော်စားမယ်လေ'

'ဟင်… အကြော်'

လင်းထွဋ် ခပ်လှမ်းလှမ်းရှိ အကြော်တဲလေးကို လက်ညှိုးထိုးပြ၍…

'အဲဒီအကြော်က အရမ်းကောင်းတာကွ၊ သုံးရာဖိုးဆို မင်းနဲ့ ငါ စားပါလေ့၊ ကျန်တာကတော့ အိမ်အပြန်လမ်းစရိတ်ပေါ့ကွာ'

နှင်းဆီ ဝမ်းမြောက်ဝမ်းသာစွာ သဘောတူလိုက်သည်။

ကိုယ်ကိုတိုင်ကလည်း ဗိုက်ဆာနေသည်ကိုး။

ဒီလိုနှင့် နှစ်ယောက်သား အကြော်တဲရှိရာသို့ ချီတက်ကြပါလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၆)

နီရဲကြွပ်ရွနေသော အကြော်များသည် တစ်ညလုံး အစာမစား ရသူများအဖို့တော့ နတ်သုဒ္ဓါပင်။

ငရုပ်သီးနိုင်းချင်းဖြင့် ရောစပ်ထားသော အချဉ်ရည်ကို ဗယာကြော်ဖြင့် တို့ပြီး ပါးစပ်ထဲသို့ အားရပါးရ နှင်းဆီထည့်လိုက်မိသည်။ (ဟိုကြော်ငြာ၏ စကားလုံးကို ယူသုံးလိုက်ပါ၏။)

'ဟား… ကောင်းမှကောင်း'

ဆာလောင်နေသော အချိန် ဆာလောင်မနေသူအဖို့ စားသမျှသည် ကောင်းမှကောင်းချည်းဖြစ်၏။

ထို့ကြောင့် နှစ်ယောက်သား စားသမျှအကြော်ဝိုင်းသည် ကောင်းမှကောင်းကို ဖြစ်နေတော့သည်။

'ကောင်းလား'

'အင်း'

အမေး လင်းကွန့်၊ အဖြေ နှင်းဆီ။



'သိပ်အများကြီး မစားနဲ့'

'ဘာဖြစ်လို့လဲ'

'ကုန်သွားမှာစိုးလို့'

'ခစ်… ခစ်'

နတ်ပြည်ရောက်သည်ဆိုသည်မှာ ယခုလိုအချိန်မျိုးကို ဆိုလိုဟန်ရှိသည်ဟု လင်းကွန့် ထင်မိသည်။

အကြော်ကလည်း စား၍ကောင်း၊ ကောင်မလေးကလည်း အဲလေ ကြည့်၍ကောင်းနှင့် ရသနှင့်တဏှာ Mix ဖြစ်နေပေသည်။

'ဟော… ငါ မင်းကို မေးစရာရှိလို့'

'ဘာမေးမှာလဲ'

'မင်းဆွဲကြိုးက ဘာကြောင့်အတုဖြစ်သွားရတာလဲ'

နှင်းဆီ မဲ့ကာရှုံ့ကာဖြင့်…

'အဲဒါ ဟိုအကောင်ကြောင့် နေမှာပေါ့'

'ဘယ်ကောင်လဲ'

'ကျွန်မ အစ်ကို'

ဖြစ်ရမယ်။ ပြောတဲ့အပြောက ယဉ်ကျေးပ။

'ဘာကြောင့် မင်းအစ်ကိုပါလို့ ပြောရတာလဲ'

'သူက အရက်သမားလေ'

'ဒီတော့…'

'အိမ်မှာရှိတဲ့ပစ္စည်းမှန်သမျှ အကုန်လုံး ရောင်းစားပစ်တာ'

'အာ… တော်တော်ဆိုးတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပ၊ ကျွန်မ ဆွဲကြိုးလည်း သူ အဲသလို လုပ်ပစ်လိုက်တာနေမှာပေါ့'

လင်းထွဋ် သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်ပြသည်။

နှင်းဆီ၏ ဘဝနောက်ကြောင်း အခြေအနေကို ရိပ်မိသွား၏။ ပြောရရင် ဟက်ထိသွားပြီဆိုပါတော့။ မကြာမီ အချိန်အတွင်းမှာပင် ဟက်ကဲထိရုံတင်မဟုတ် ဟက်ခနဲကို ကွဲတော့မှာကို လင်းထွဋ် လုံးဝ မရိပ်မိပေ။

'ဘယ်လိုလဲ စားလို့ကောင်းလား'

'အင်း'

စိတ်ချမ်းသာပ။ ပြန်ဖြေပုံလေးကလည်း ဤသို့ဖြစ်ချင်စရာကိုး။

ခပ်ပြေပြေ ကျရောက်နေသော မနက်ခင်းပိုင်း နေနှင့် ခပ်သာသာ တိုက်ခတ်နေသော လေညှင်းကြောင့် လောကအနှံ့ ပန်းများ ပွင့်နေသလိုဖင်။ ထိုပန်းများထဲမှ နှင်းဆီဆိုသော ပန်းကလေးတစ်ပွင့်က ပက်ပက်စက်စက်ကို လှကြောင်း မည်သူနှင့်မဆို တစ်သန်းကြေးလောင်းရဲပါ၏။

ဤမျှလောက်ကို လှပါသည်။ နှင်းဆီ...။

သုံးခုမြောက် ဗယာကြော်ကို ရေနွေးဖြင့် အပြီးသတ် မျော၍ ကိစ္စရှင်းပြီးနောက် လင်းထွဋ် နှင်းဆီ၏ အလှကို ငေးကာခံစားပစ်လိုက်သည်။ နီစွေးစွေးဖြစ်နေသော ပါးပြင်မို့မို့လေး နှစ်ဖက်က အနံ့ အရသာနှင့် ကျိန်းသေပြည့်စုံနိုင်လိမ့်မည်ဟု လင်းထွဋ် ယုံကြည်သည်။



သောက်ရှူးကြယ်ကဲ့သို့ တဖြတ်ဖြတ် တလက်လက်ဖြစ်နေသော မျက်ဝန်းလဲ့လဲ့အစုံက သမင်ပျိုမကို သနားသည်ပေါ့။

ခပ်တင်းတင်းစေ့ထားသော နှုတ်ခမ်းဖူးဖူးလေးသည် ညတိုင်း ညတိုင်း အိပ်မက်ထဲ ထည့်မက်ချင်စရာ ကောင်းလှသည်။

လင်းထွဋ် သေချာခံစား၍ ကြည့်နေခြင်းကြောင့်ပဲလား မသိ နှင်းဆီ၏ ပါးနီနီလေးများသည် ပို၍ရဲလာသလိုပင်။ ပြီးတော့ နှုတ်ခမ်းဖူးဖူးလေးကလည်း ပို၍တင်းကြပ်လာသလိုပင်။ သြော်... ကြည့်၍ကောင်းပေစွ။

'အား... ကျွတ်... ကျွတ်'

နှင်းဆီပင်ကို ရေနွေးပူပူလောင်းချ ခံလိုက်ရသလို နှင်းဆီ၏ မျက်နှာမှာ ရှုံ့မဲ့သွားပြီး ထိုသို့ငြီးထွားခြင်းဖြစ်၏။

ထိုအခါ လင်းထွဋ် ရင်ထဲ၌ရှိသော ကြည်နူးမှုသည် ဝုန်းခနဲ ပျောက်၍ ၎င်းအစား သောကက ဖြုန်းခနဲ ဝင်လာပါလေတော့၏။

'ဟင်... နှင်းဆီ ဘာဖြစ်တာလဲ'

'အာ... အား... ဗိုက်... ဗိုက်အောင့်လို့'

ဆိုလိုရင်း အဓိပ္ပာယ်ကို လင်းထွဋ် သဘောမြန်မြန်ပေါက်သွားသည်။ နှင်းဆီ အန္တရာယ်ကို လွယ်ထားနေရပြီ။ ထို့ကြောင့် မိမိက သူမ၏ လွယ်ထားရသော အန္တရာယ်ကို ဖြေရှင်းပေးရန် အိမ်သာကို အမြန်ရှာပေးရတော့မည်။

ဒီနားပတ်ဝန်းကျင်တွင်လည်း အသိအကျွမ်းက မရှိသဖြင့် လောလောဆယ် ရှေ့တွင်ဇုတ်တုတ်ထိုင်၍ အကြော်ကြော်နေသော

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီးတိုသာ အားကိုးရတော့၏။ နှင်းဆီကတော့ အလူးအလိမ့်ဖြစ်လျက်…

'ဒေါ်ကြီး… ဒေါ်ကြီး'

လင်းထွဋ်၏ ဖုတ်ပူမီးတိုက်အသံကြောင့် ဆယ်လက်စအကြော်များကို ဇွန်းခနဲ လန့်ဖြန့်ပြီး ဆီအိုးထဲ ပြန်ချ၍…

'ဟော… ဟော… ဘာ… ဘာတုန်း'

'ဒေါ်ကြီး အိမ်သာကို သိတယ် မဟုတ်လား'

လင်းထွဋ်၏ ရိုးစင်းသော စကားကို ထိုအဒေါ်ကြီး ဘယ်လိုထင်သွားသည်မသိ။ ယမ်းပုံမီးကျဖြစ်သွားပြီး…

'ဟဲ့… အိမ်သာကိုတောင် မသိရအောင် ငါ့ကို လမ်းဘေးခြံတိုးတဲ့ကောင်မများ ထင်နေလား ဟွန်း'

'ဟာ… ကျွန်… ကျွန်တော်ပြောတာ အဲဒီသဘောမျိုး မဟုတ်ပါဘူး'

'အောင်မာ ဘာလို့မဟုတ်ရမှာလဲ၊ နင်က ငါ့ကိုလမ်းဘေးမှာ အကြော်ရောင်းတယ်ဆိုပြီးတော့ အထင်သေးတယ်ပေါ့လေ၊ ဒီမှာ မိကြူတို ဘာများအောက်မေ့လို့လဲ၊ ခုမှသာ လမ်းဘေးရောက်နေတာ၊ အရင်တုန်းကဆို ရိုးရိုးအိမ်သာမပြောနဲ့ ဘိုထိုင်အိမ်သာကိုတောင် ပတ်ပတ်စက်စက် သုံးခဲ့တာဟဲ့ သိပြီလား ဟွန်း'

စိတ်လေရပါသည်။ စိတ်ပျက်ရပါသည်။ စိတ်ညစ်ရပါသည်။ ထိုအကြော်သယ် မိန်းမကြီး၏ ရေပက်မဝင်အသံများကြောင့် ဘာပြန်ပြောရမှန်းမသိဘဲ ကြောင်အအဖြစ်နေသော လင်းထွဋ်ကို ချွေး



သီးချွေးပေါက်များကျ၍ ဝေဒနာကို ခံစားနေရသော နှင်းဆီက ကြိတ်မှိတ်၍…

'အား… ကျွတ်… ကိုလင်းထွဋ် ကျွန်မ… ကျွန်မ ဗိုက်အောင့်တာ… အား'

'ခဏလေး အောင့်ထားနော် နှင်းဆီ၊ ငါ သူ့ကိုနားလည်အောင် ရှင်းပြလိုက်ပါ့မယ်'

'အား… မဟုတ်ဘူး၊ ကျွတ်… ကျွန်မ ဗိုက်… ဗိုက်အောင့်တာက အိမ်သာတက်ချင်လို့ မဟုတ်ဘူး'

'ဟင်… ဒါဆို ဘာဖြစ်လို့ အောင့်တာလဲ'

'မ… မသိပါဘူးလေ'

လင်းထွဋ် ခေါင်းကြီးသွားလေသည်။

အိမ်သာတက်ချင်လို့အောင့်တာ မဟုတ်ဘူးဟေ့ဆိုလျှင် ဘာကြောင့်များ အောင့်တာလဲဟု လင်းထွဋ် တွေးကြည့်မိသည်။ ဥပမာ အူအတက်တွေဘာတွေ ပေါက်ရင်လည်း ဗိုက်အောင့်တက်တာပဲဟာ။ ထိုအတွေးက လင်းထွဋ်၏ စိုးရိမ်ပူပန်သည့် စိတ်ကို မြှင့်တင်ပေးလိုက်လေတော့၏။

'ဟာ… ဟုတ်တာပဲ၊ နှင်းဆီ… နှင်းဆီ ခဏလေးနော်'

ပြောပြောဆိုဆို လင်းထွဋ် ဇွန်းခနဲထ၍ ကားလမ်းမပေါ် ရောက်သွား၏။ ဖြစ်ချင်တော့ ကားရောလူရော ရှင်းလင်းလျက်…

နှင်းဆီကတော့ စားပွဲခုံကို ကျစ်ကျစ်ပါအောင် ကိုင်၍ ဝေဒနာကို အပြင်းအထန် ခံစားလျက်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းကွေ့လေးအတွင်းမှ ကားတစ်စီး ထွက်လာသောကြောင့် လင်းထွဋ် တော်တော်ဝမ်းသာသွားသည်။ သူဘာသာသူ ဘာကားပဲ ဖြစ်ဖြစ် တားကိုတားရမည်။ အကူအညီတောင်းကို တောင်းရတော့ မည်။ ဟိုမှာက သေရေးရှင်ရေးဖြစ်နေပြီ မဟုတ်လား။

ထို့ကြောင့် လင်းထွဋ် ရင်ကိုကော့ကာ လက်နှစ်ဖက်ကို ဖြန့်တန်း၍ ကားကို ရဲရဲကြီးတားပစ်လိုက်လေတော့၏။

ကားသည် ကျွီခနဲ ဘရိတ်အုပ်သွား၏။ ပြီးတော့ လေသံမာ မာကြီးတစ်ခုလည်း ပေါ်လာ၏။

'ဟေ့ကောင်… ဘာလုပ်တာလဲ'

'ဟာ… စခန်းမှူးကြီး'

ဟုတ်ပါသည်။ တစ်မနက်ခင်းအတွင်းမှာပင် လင်းထွဋ်တို့ နှင့် နှစ်ကြိမ်တိတိ (ယခုအကြိမ်နှင့်ပါဆို သုံးကြိမ်) တွေ့ဆုံခဲ့သော မိတ်ဆွေဟောင်း စခန်းမှူးကြီးပါ။

လင်းထွဋ် တော်တော်ဝမ်းသာမိသွားသည်။ ကိုယ်ကလည်း အကူအညီလိုနေတဲ့လူ။ သူကလည်း ကူညီပါရစေဆိုတဲ့ ဆောင်ပုဒ်နဲ့ လူ၊ ကဲ… ဘာလိုသေးလဲ။

လင်းထွဋ် စခန်းမှူးကြီးထံ ရောက်သွား၏။

စခန်းမှူးကြီးက လင်းထွဋ်မှန်း သိသွားသောအခါ မျက်မှောင် ကြီးကုတ်သွားပြီး…

'ဘာလဲ၊ မင်းကိုငါ အချုပ်ထဲမထည့်လို့ ငါ့ရာထူးပြုတ်အောင် ကြံနေတာလား'



ဟုတ်လည်း ဟုတ်တာပဲဟာ။ မတော်လို့များ သူ့ ကားနဲ့ တိုက်မိရင် ပြဿနာတက်မှာကိုး။

'ဟာ… မဟုတ်တာ စခန်းမှူးကြီးရယ်၊ ကျွန်တော်တို့ အကူ အညီလိုနေလို့ပါ'

'ဘယ်လို အကူအညီလိုနေတယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ'

'မိုက်အောင့်လို့'

စခန်းမှူးကြီး နဝေတိမ်တောင် ဖြစ်သွားပြီး…

'ဟ… မိုက်အောင့်တာ ဆရာဝန်ဆီ သွားပေါ့ကွ'

'ဟုတ်ကဲ့… သွားမလို့ပါပဲ'

'အေး… အေး… သွား… သွား၊ ငါလည်း သွားတော့မယ်'

ပြောပြောဆိုဆို ကားစက်နှိုးရန် ဟန်ပြင်နေသော စခန်းမှူး ကြီးကို လင်းထွဋ် ကပျာကယာဖြင့်…

'ဟာ… ဟ… နေ… နေပါဦး စခန်းမှူးကြီးရယ်၊ ကျွန်တော်တို့ ဆေးရုံသွားဖို့ ကားရှိမှ ဖြစ်မှာလေ'

'ဒါများကွာ၊ ငှားသွားလိုက်ပေါ့'

'ဒီတစ်လမ်းလုံးမှာ ကားဆိုလို့ စခန်းမှူးကြီးကားပဲ ရှိတဲ့ဟာ၊ ကျွန်တော်က ဘယ်ကားကို ငှားရမှာလဲ'

'ဟေ… ဒါဆို ငါက မင်းတို့ကို ဘာလုပ်ပေးရမှာလဲ'

'လိုက်ပို့ရမှာ ပေါ့'

'ဟော'

ဒီလိုနှင့် လင်းထွဋ်နဲ့ နှင်းဆီ စခန်းမှူးကြီးမောင်းသော

www.burmeseclassic.com

www.burmeseclassic.com



Policeဆိုသည့် စာတမ်းပါသည့် ရဲကားကြီးပေါ်သို့ လိုက်ပါသွားကြပါလေတော့သည်။

ဩော်… ကောင်းလေစွ။ ကောင်းလေစွ။

ထိုစဉ် စခန်းမှူး၏ ဘေးမှ ထိုင်ခုံတွင် ထိုက်လိုက်လာသော တိုက်ပုံအင်္ကျီဝတ်ထားသည့် ဥပမိရှပ်ကောင်းကောင်း လူကြီးထံမှ စကားသံ ထွက်လာသည်။

'သိပေါင်းကျွမ်းပေါင်းတွေလား စခန်းမှူးကြီးရဲ့'

'မဟုတ်ပါဘူး ဥက္ကဋ္ဌကြီးရယ်'

'ဟုတ်ပါတယ်ခင်ဗျ'

စခန်းမှူးနှင့် လင်းထွဋ်တို့ထံမှ ဖြေသံပြိုင်တူထွက်လာသည်။

လင်းထွဋ် မျက်နှာနှင့် ဖြေသံကြောင့် စခန်းမှူးကြီးမှာ အနည်းငယ် အားတုံ့အားနာဖြစ်သွားသော်လည်း ဥက္ကဋ္ဌကြီးဆိုသူ မျက်နှာကို ကြည့်မိမှ မျက်နှာအမူအယာကို လုံးဝပြောင်းလိုက်ကာ

'အဟဲ… ဒီမနက်မှ တွေ့ရသိကျွမ်းရတယ်ဆိုပေမယ့် ကလေးတွေခမျာလည်း အဆင်မပြေတာလေးတွေပဲ ဆက်တိုက်ကြုံနေရတယ်ဆိုတော့…'

'ကျွန်တော် သဘောပေါက်ပါတယ် စခန်းမှူးကြီးရယ်၊ စခန်းမှူးကြီး သဘောထားကောင်းတာရယ်၊ စိတ်ထားနှလုံးသား နူးညံ့သိမ်မွေ့တာလည်း နဂိုကတည်းက သိနေပြီးသားပဲ'

'ဒါကလည်း ဥက္ကဋ္ဌကြီးတို့လို လူမျိုးတွေနဲ့လည်း အမြဲထိ



တွေ့ဆက်ဆံပေါင်းသင်းနေတော့ သူတော်ချင်းချင်း သတင်းလွှေလွှေ ပေါင်းဖက်တွေ့ဆုံသလိုပေါ့ဗျာ'

'ဟုတ်ပါ့ဗျ။ ဟုတ်ပ၊ ဟဲ… ဟဲ… ဟဲ'

'ဟင်း… ဟင်း… ဟင်း'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

Police ဆိုသည့် စာတမ်းပါသော ကားကြီးကြောင့်ရော ထိုကားကြီးပေါ်မှ ဆင်းလာသော စခန်းမှူးကြီး၏ ပခုံးပေါ်မှ ပြောင်ပြောင်လက်လက် အပွင့်ကြောင့် အပါအဝင် ကမ္ဘာပျက်မတတ်အော်ဟစ်နေသော နှင်းဆီကြောင့် ဆေးရုံမှ ဝန်ထမ်းတွေ လိုအပ်သည်ထက် ပို၍ပြာယာခတ်ကုန်ကြသည်။

ထမ်းစင်ပြေးယူသည့် လူနှင့် ဝှီးချဲပြေးတွန်းသည့်လူနှင့် ရှုပ်ယှက်ကိုခပ်ကုန်၏။ နှင်းဆီကတော့ တလူးလူး တလိမ့်လိမ့်။

'အောင်မလေး အား… ကျွတ်… ကျွတ်'

'နှင်းဆီ ခဏလေးနော်၊ ဆေးရုံရောက်နေပြီ သိလား'

သူနာပြု ဆရာမတစ်ယောက် အနားရောက်လာ၍…

'လူနာက ဘာဖြစ်တာလဲ'

'ကျွန်တော့်စိတ်ထင်တော့ အူအတက်'



လင်းထွဋ် စကားမဆုံးသေး။ ဆရာမက အော်ကြီးဟစ်ကျယ်ဖြင့်…

'အူအတက်တဲ့ဟေ့၊ မြန်မြန်လုပ်ကြစမ်း၊ အရေးကြီးတယ်'

ဒီလိုနှင့် နှင်းဆီ ဝေါပေါ် အဲလေ ထမ်းစဥ်ပေါ် ခြေကားယား လက်ကားယား ပါသွားသည်။

'စခန်းမှူးကြီး… စခန်းမှူးကြီး'

'ဟေ… ဟေ'

'အထုပ်လေးတွေ ထားခဲ့မယ်နော်၊ ကျွန်တော် သူ့နောက်လိုက်သွားတော့မယ်'

'သြော်… အေး… အေး'

လင်းထွဋ် ကော့တော့ ကော့တော့ဖြင့် နှင်းဆီကို သယ်ဆောင်သွားရာ နေရာသို့ လိုက်သည်။

စခန်းမှူးကြီးနှင့် ဥက္ကဋ္ဌကြီးတို့မှာ နှင်းဆီ၏ ခရီးဆောင်အိတ်ကြီး ဆေးတွင်ထိုင်ကာ လိုရာခရီးသို့ မဆက်နိုင်သေး။ ကူညီပါရစေ ဆိုတော့လည်း ကူညီပေတာပေါ့။

ဒီလိုနဲ့ အများသူငါထားသော ဟောခန်းကြီးထဲရှိ ခုတင်လွတ်တစ်လုံးတွင် နှင်းဆီကို နေရာချပေးသည်။

ဆရာဝန်ဟုတ်ပုံမရသော ဆေးကျောင်းသူတချို့က နှင်းဆီကို ဟိုမေးသည်မေး လုပ်သည်။ နှင်းဆီကလည်း တညည်းညည်း တညူညူ ဖြစ်နေသည့် ကြားထဲမှ အားတင်း၍ ဟိုဖြေသည်ဖြေ ဖြေသည်။

လင်းထွဋ်ကတော့ ဘာလုပ်ရမှန်း မသိဘဲ ဟိုယောင်ယောင် ဒီယောင်ယောင် ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆေးကျောင်းသူလေးများ နှင်းဆီကို ဟိုမေးသည်မေး မေးပြီးသောအခါ ဟိုဟာ ဒီဟာမပြောဘဲ ဟိုလိုလို ဒီလိုလိုလုပ်၍ ပြန်သွားကြ၏။

ထိုအခါကျမှ ဟိုယောင်ဒီယောင်ဖြစ်နေသော လင်းထွဋ် နှင်းဆီ အနားသို့ ကပ်ခွင့်ရတော့သည်။

စခန်းမှူးကြီးနှင့် ဥက္ကဋ္ဌကြီးလည်း ဆေးရုံအလုပ်သမားတစ်ယောက် အကူအညီဖြင့် နှင်းဆီ၏ အိတ်ကြီးကို သယ်ကာ ခုတင်အနီးသို့ ရောက်လာကြပြီး လင်းထွဋ် ဘေးရှိခုံတွင် သက်ပြင်းကြီးကြီးချကာ ဝင်ထိုင်ကြ၏။

လင်းထွဋ်က စိုးရိမ်ပူပန်စွာဖြင့် …

'နှင်းဆီ နေသာရဲ့လား'

'အို… ဘယ်လိုလုပ် သိမှာလဲ၊ အထဲရောက်နေတဲ့ ဟာကြီးကို'

စိတ်လေရပါသည်။

'ငါ မေးတာက မင်းနေလို့ထိုင်လို့ အဆင်ပြေလားလို့ မေးနေတာကွ'

'ကျွတ်… အဆင်မပြေလို့ပဲ ဆေးရုံတောင် ရောက်နေတဲ့ဟာကို၊ ဘာတွေလာမေးနေတာလဲ အား… ကျွတ်'

သေလိုက်ချင်တော့သည်။ ဒီဟာမလေးကို အားရှိပါးရှိ နားရွက်ဆွဲလိမ်ပစ်လိုက်ချင်တော့၏။ ပြီးတော့ မေးမိသော ကိုယ့်လျှာကိုလည်း ဖြတ်ပစ်ချင်၏။ ရှိစေတော့။ ဝေဒနာခံစားနေရသူနှင့် ယှဉ်ပြီး အံမတုချင်တော့။

BURMESE CLASSIC .com



ဘေးတွင် ငူငူကြီးထိုင်နေသော စခန်းမှူးကြီးက လင်းထွဋ်ကို ဦးတည်၍…

'မောင်လင်းထွဋ်'

'ဗျာ'

'ငါတို့ အရေးတကြီး အစည်းအဝေးတစ်ခုကို သွားစရာရှိသေးလို့'

'ဟုတ်ကဲ့'

'အေး… ပြန်တော့မယ်ကွာ'

'ခဏလေးနေပါဦးလား'

'အချိန်နီးနေပြီကွ'

'ကျွန်တော် အကူအညီတစ်ခု တောင်းစရာရှိသေးလို့ပါ'

စခန်းမှူးကြီး ခန္ဓာကိုယ်တစ်ချက် တုန်သွားသည်။

'ဘာ… ဘာလဲဟင်'

အသံတွေပါ တုန်နေ၏။

'သြော်… တခြားမဟုတ်ပါဘူး၊ ပိုက်ဆံချေးမလို့ပါ'

'ဟေ'

စခန်းမှူးကြီး၏ မျက်ခုံးနှစ်ဖက် တော်တော်ကြီးကို မြင့်သွား၏။

'ဘယ်… ဘယ်လောက်လဲဟင်'

'ဒါကတော့ စခန်းမှူးကြီးဆီမှာ ပါသလောက် ပေးခဲ့ပါဗျာ'

'ဟော'

www.burmeseclassic.com

www.burmeseclassic.com



ဒီတခါ ခုနထက် မျက်ခုံးပိုမြင့်၏။

'လုပ်ပါဗျာ၊ ကျွန်တော်တို့နှစ်ယောက်စလုံးမှာ ပိုက်ဆံမရှိတော့လို့ပါ၊ ကျွန်တော် ဆက်ဆက်ပြန်လာပေးပါ့မယ်'

စန်းမျိုးကြီး မျက်နှာမှာ တော်တော့်ကို မသက်မသာရုပ်ပေါက်သွား၏။ သူ့ခမျာ ဝန်ထမ်းဆိုတော့ တစ်လတစ်လ လောက်ငအောင် တွက်ချက်သုံးစွဲနေရသူ။ ထို့ကြောင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နေသူ ဥက္ကာငွေကြီးထံ လှမ်းကြည့်၏။ ဥက္ကာငွေကြီးကလည်း သဘောပေါက်ပါသည်။ စောစောလေးကပင် စကားကလည်း ရှိထားသည်ကို။ ထိုစဉ် ...

'လုပ်ပါဗျာ၊ ပိုက်ဆံက လိုမှာဗျ'

ဥက္ကာငွေကြီးကိုယ်တိုင် သက်ပြင်းရှည်ကြီးချ၍...

'အင်း... အေးပါကွာ၊ အေးပါ၊ ငါတို့ သဘောပေါက်ပါတယ်'

အဆင်ပြေသွားပါသည်။ စန်းမျိုးကြီးကိုယ်စား ဥက္ကာငွေကြီးက သူ့အိတ်ထဲမှာရှိသော ပိုက်ဆံအကုန်လုံးကို လင်းထွဋ်ထံ အပ်နှံခဲ့၏။ ပြီးနောက် နှုတ်ဆက်ကာ ထွက်သွားတော့သည်။

'နှင်းဆီ'

'အင်း'

ခုတင်ပေါ်တွင် အသာမှိန်းနေသော နှင်းဆီ ပြန်ထူးသည်။

'ပိုက်ဆံကိစ္စက အဆင်ပြေသွားပြီ သိလား'

'ဟုတ်လား'



'အေး... မင်းရော သက်သာလား'

'အင်း'

ဆရာမတွေ လာထိုးထားသော ဆေးအရှိန်ကြောင့်ထင်သည်။ နှင်းဆီ မှိန်းမောနေ၏။ ထိုစဉ် ထမီအနီဝတ်ထားသော ဆရာမတစ်ယောက် ရောက်လာသည်။

'ရှင်က လူနာရဲ့ ဘာတော်လဲ'

'ဪ... မိတ်ဆွေပါ'

'လူနာက အူအတက်ဆိုရင် ခွဲရလိမ့်မယ်'

'ဪ'

'ဒါပေမဲ့ သေတော့မသေချာသေးဘူး'

'ဘာဖြစ်လို့လဲ'

'အဲဒါက ဆရာဝန်ကြီးတွေ ကိုယ်တိုင်လာပြီး ဆုံးဖြတ်မှသိမှာလေ'

'ဟင်း... ဒါဆို ဆရာဝန်ကြီးတွေက ဘယ်တော့လာမှာလဲ'

'ခဏနေ လာမှာပါ၊ အခု အစည်းဝေးခန်းထဲ ဝင်နေလို့'

'ဪ'

'အဲဒါ လိုအပ်တာတွေ အသင့်ပြင်ထားဖို့ ရှင့်ကို လာပြောတာ'

'ဟုတ်ကဲ့'

'ရော့... ဒါတွေ သွားဝယ်ထား'

'ဟုတ်ကဲ့'

www.burmeseclassic.com

www.burmeseclassic.com



လင်းထွဋ် မဖတ်တတ်သော အင်္ဂလိပ်စာများ ရေးထားသည့် စာရွက်လေးတစ်ရွက်ကို လက်ထဲထိုးထည့်၍ ဆရာမလေး ဆောင့်ဆောင့်ဖြင့် ပြန်ထွက်သွားသည်။

လင်းထွဋ်ကတော့ အူတူတူ ငိုင်တိုင်တိုင်ဖြင့် စာရွက်ကလေးကို ယူကာ ထိုင်ရာမှထသည်။ ပြီးတော့ အောက်ထပ်ရှိ ဆေးကောင်တာသို့ ဆင်းလာခဲ့သည်။ လမ်းတွင် စာရွက်ထဲမှ ရေးသားထားသော အင်္ဂလိပ်စာလုံးများကို ဘာရယ်မဟုတ် ကြိုးစား၍ ဖတ်ကြည့်သည်။ ဘွဲ့ရပညာတတ်တစ်ယောက်ဖြစ်ပေမယ့် ဘယ်လိုမှ နားမလည်ရေးချ နားမလည်။

ဆေးကောင်တာသို့ ရောက်တော့ တာဝန်ကျဝန်ထမ်း မိန်းကလေးများ ဆေးလာဝယ်သော လူနာရှင်များကြားထဲတွင် မျာယာခတ်အောင် အလုပ်ရှုပ်နေကြသည်။

'အစ်မ… အစ်မ'

မကြား၍လား မကြားချင်ယောင် ဆောင်နေသလား မသိ။ လှည့်၍မကြည့်ပါ။ ထို့ကြောင့် လင်းထွဋ် အခေါ်အဝေါ်ကို ပြောင်းလဲလိုက်သည်။

'ညီမလေး… ညီမလေး'

အတိအကျ ကြားသွားပုံဖြင့် လှည့်ကြည့်သည်။ လင်းထွဋ် စာရွက်လေး ထိုးပေး၍…

'ဒါလေး လိုချင်လို့'

ကိုယ်ပြုံးပြပြီး ကြည့်တာတောင် အမေ့မှန်းမသိ ဘိမှန်းမသိ



သော စာရွက်ကို ထိုအရောင်းစာရေးမလေးက ကြည့်သည်ဆိုရုံမျှ တစ်ချက်ကြည့်ပြီး သက်ဆိုင်သော ဆေးအမျိုးအစားများကို စိုးစိုးဇက်ဇက် ဆွဲယူ၍ ကောင်တာပေါ် တင်လိုက်၏။

လင်းထွဋ် တော်တော်ကြီးကို အံ့အားသင့်သွားသည်။ ချီးလည်းကျူးမိသွား၏။

'ညီမလေး ဘယ်လောက်ကျလဲဟင်'

'နှစ်သောင်းနှစ်ထောင်'

ကျသင့်ငွေကို လင်းထွဋ် ပေးချေလိုက်သည်။ ပြီးတော့ ဆေးတပွေ့တပိုက်ကြီးဖြင့် နှင်းဆီရှိရာသို့ ပြန်လာခဲ့သည်။ ဟိုရောက်တော့ နှင်းဆီက အိပ်တောင် အိပ်ပျော်နေပေသည်။ သြော်… ငြိမ်းချမ်းလေစွ။

ဘာလုပ်ရမှန်း မသိတာကြောင့် နာကျင်ခြင်းကင်းပြီး နှစ်ခြိုက်စွာ အိပ်ပျော်နေသော နှင်းဆီ မျက်နှာလှလှလေး…သာ ထိုင်ကြည့်နေဖြစ်တော့၏။

တစ်သက်နဲ့ တစ်ကိုယ် မိန်းကလေးတစ်ယောက်ရဲ့ မျက်နှာကို ဒီလိုအနီးကပ် ထိုင်ငေးဖြစ်တာ ဒါ ပထမဆုံးပါ။ ပထမဆုံးဖြစ်ပေမယ့် တစ်ဘဝလုံးအတွက် သယ်ဆောင်သွားမည့် ခံစားမှုမျိုးကိုလည်း ခံစားနေရ၏။ တစ်ချက်တစ်ချက် အိပ်ချင်သည့်စိတ်က ဝင်လာသော်လည်း မျက်စိကို မှိတ်လိုက်လျှင် နှင်းဆီ၏ မျက်နှာလေး ပျောက်ကွယ်သွားမည်စိုးသောကြောင့် အိပ်ချင်စိတ်ကို ပြန်လည်မောင်းထုတ်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



လတ်ဆတ်သော အချစ်တွေ ရှင်သန်နိုးထနေချိန်မှာ အဘယ်ကြောင့် အိပ်ပျော်နေရမှာလဲ။ မအိပ်ဘူး။ ဒီလိုသာ ထိုင်ကြည့်နေရရင် တစ်သက်လုံး မအိပ်ရဘူးဆိုလည်း လုံးဝမအိပ်ဘူး။ အိပ်စက်ခြင်းဆိုတာ ကိုယ်မြတ်သန်းလာတဲ့ ဘဝတစ်လျှောက်လုံးမှာ နေ့စဉ်နေ့တိုင်း ရှိခဲ့တာပဲဟာ။ အခု မအိပ်ရတော့ရော ဘာများဖြစ်မှာမို့လို့လဲ။ ဒီလိုကိုယ်ရင်ခုန်ရသူကို တစိမ့်စိမ့်ထိုင်ကြည့်နေဖို့ အခွင့်အရေးက ခဏခဏ ရချင်မှရမှာ။ ဒီတော့ မအိပ်ဘူး။ လုံးဝ မအိပ်ဘူး။

မ… အိပ်… ဘူး… ဘူး… ဘူး… ဘူး… ဘူး။

'ခူး… ခလော… ခေါ… ခူး။

လင်းထွဋ် အိပ်မက်ထဲတွင် နှင်းဆီဆိုသော နတ်သမီးလေးကို သွားထိုင်ကြည့်ပါလေတော့သည်။

## အခန်း(ဂ)

လင်းထွဋ် ချစ်သူပျောက်ရှာနေသည်။

ပါးစပ်မှ ကြားဖူးနားဝ သီချင်းတစ်ပုဒ်ကိုလည်း ညည်းလာ၏။

'ကိုယ်လာမယ် မင်းဆီကို၊ ကိုယ်လာမယ် မင်းဆီကို'

ထိုသို့ သူတိုင်ပင်နှင့်သူ စည်းဝါးကိုက်နေစဉ်…

'ဟော့… ဟော့… ဟော့… ဟော့'

ဟူသော နောက်နားဆီမှ ခေါ်သံတစ်ခု ကြားလိုက်ရသည်။

လင်းထွဋ် လှည့်ကြည့်မိလိုက်သောအခါ ဘောင်းဘီရှည်ဝတ်၍ အသုဘရုပ်ထွက်နေသူ တစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုသူက လှမ်းရယ်ပြ၏။

'ဟဲ… ဟဲ… ဟဲ…၊ ဟဲ… ဟဲ… ဟဲ'

လင်းထွဋ် နဝေတိမ်တောင် ဖြစ်သွားပြီး လှမ်းမေးမိလိုက်၏။

'ခင်ဗျား ရူးနေလားဟင်'

www.burmeseclassic.com

www.burmeseclassic.com



ထိုသူ့မျက်နှာမှာ ရယ်ခြင်းရဲ့ ဆန့်ကျင်ဘက် အသွင်ပြောင်းသွားပြီး…

'ဘာကွ၊ မင်း မိုက်ရိုင်းလှချည်လား'

'ခင်ဗျားက သိလည်းမသိဘဲနဲ့ အသားလွတ်ကြီး ရယ်ပြတော့ နမ်းမိတာပေါ့ဗျ'

ထိုလူ လင်းထွဋ်ကို ဘုကြည့်ကြည့်၍…

'ဒီမှာ ဟေ့ကောင်၊ မင်းကသာ ငါ့ကိုမသိတာ ငါကတော့ မင်းကို သိတယ်ကွ'

'ဟုတ်လား'

'သိပ်ဟုတ်တာပေါ့ကွာ၊ ဟင်း… ဟင်း'

'အင်းပေါ့လေ၊ ကျုပ် ဥပမိရုပ်က သိပ်ကိုကြည့်ကောင်းနေတော့လည်း ခင်ဗျား မှတ်မိနေတာ မဆန်းပါဘူး'

'ကြီးကြီးကျယ်ကျယ်ကွာ၊ မင်းကိုငါက ဘာဖြစ်လို့သိနေတယ်ဆိုတာ မင်းသိလား'

'ဆိုစမ်းပါဦး'

'အေး… ငါက မင်းကိုယ်စောင့်နတ်ဖြစ်နေလို့ပဲ'

လင်းထွဋ် အူတူတူဖြစ်သွားမိသည်။ ခေါင်းကိုအသာခါယမ်း၍…

'ဒါ လုံးဝမဖြစ်နိုင်ဘူး'

'အောင်မာ ဘာဖြစ်လို့လဲ'

'ကျုပ်မြင်ဖူးတဲ့ နတ်ဆိုတဲ့ဟာတွေက အဝတ်အစား ပြောင်



ပြောင်လက်လက်နဲ့ဗျ၊ ခင်ဗျားက ဂျင်းဘောင်းဘီအစုတ်ကြီးနဲ့ပဲဟာ၊ ဘယ်လိုလုပ် နတ်ဖြစ်နိုင်မှာလဲ'

ထိုလူ လင်းထွဋ်ကို လှောင်တောင်တောင်ပုံစံဖြင့် ကြည့်ပြီး

'နေပါဦး၊ မင်း ဘယ်တုန်းက နတ်ကိုမြင်ဖူးတာလဲ'

'ဇာတ်ထဲမှာ မြင်ဖူးတာ'

'အဲဒါတွေက အလကားဟာတွေပါ၊ မသိရင် မှတ်ထား၊ ငါတို့နတ်လောကမှာ ယူနီဖောင်းမရှိဘူးကွ၊ ကိုယ်ဝတ်ချင်ဘာ ကိုယ်ဝတ်လို့ရတယ်၊ ဒီတော့ ငါလည်း ငါဝတ်ချင်တဲ့ ဂျင်းဘောင်းဘီကို ဝတ်တယ်၊ အဲဒါ ဘာဖြစ်လဲ၊ နှစ်ဆယ့်တစ်ရာစု ကိုယ်စောင့်နတ်ကွ'

'ဪ… ဒီလိုလား'

လင်းထွဋ် သဘောပေါက်သွားသည်။ ဒါပေမဲ့ ဘဝင်တော့ မကျသေး။

'ကျုပ် ကြားဖူးတာ တစ်ခုရှိသေးတယ်ဗျ'

'ဘာလဲ'

'လူ့ခန္ဓာကိုယ်မှာ ကိုယ်စောင့်နတ်က တစ်ကျိပ်လောက်ရှိတယ်ဆိုလားပဲ'

'အဲဒါက သူတော်ကောင်းတွေမှာမှ ရှိတာကွ၊ မင်းက ဘယ်လောက်များ ကောင်းနေလို့ တစ်ကျိပ်တောင် ရှိရမှာလဲ၊ ငါတောင်မှ အားနာလို့ နေပေးတာ ဟွန်း'

လင်းထွဋ် မိမိ၏ ကိုယ်စောင့်နတ်ကြီး စကားကြောင့် သိမ်

www.burmeseclassic.com

www.burmeseclassic.com



ယယ်ချင်သလိုပင် ဖြစ်သွား၏။ သူပြောတာ ဟုတ်နေတာကိုး။ ကိုယ်က ကောင်းတဲ့ကောင်မှ မဟုတ်တာ။

'ကဲပါဗျာ၊ ဒါတွေထားလိုက်ပါတော့၊ နေပါဦး၊ အခု ခင်ဗျားက ဘာကိစ္စ ကျုပ်နဲ့ လာတွေ့တာလဲ'

ထိုအခါ ကိုယ်စောင့်နတ်ကြီးက သံပြတ်ကြီးဖြင့်···

'မင်းကို ကူညီမလို့ လာတာကွ'

လင်းထွဋ် ဝမ်းသာမိသွားသည်။

'ဟာ··· ဟုတ်လား၊ ဒါဆို ကျုပ်ချစ်သူကို ခင်ဗျား ကူရှာပေးမှာပေါ့'

'အင်း'

'သူ ဘယ်ကိုရောက်နေလဲ ခင်ဗျား သိလား'

'အင်း'

'ဟာ··· ဒါဆို အဆင်ပြေပြီပေါ့၊ လုပ်ဗျာ၊ မြန်မြန်ပြောစမ်းပါ၊ ကျုပ် တွေ့ချင်လှပြီ'

ကိုယ်စောင့်နတ်ကြီး အင်တင်တင်လေသံဖြင့်···

'ဒီတိုင်းကြီးပြောလို့တော့ ဘယ်ရမလဲကွ'

'ဘာလဲ လက်ဖက်ရည်ဖိုး ပေးရဦးမယ်ဆိုပါတော့'

ကိုယ်စောင့်နတ်ကြီး ဒေါပွသွားသည်။

'ဟေ့ကောင် မင်းက ငါ့ကို ဘယ်လိုနတ်စားများ အောက်မေ့နေလို့လဲ'

'ပြောပါဦး၊ ခင်ဗျားက ဘယ်လိုနတ်စားလဲ'

BURMESE CLASSIC .com



'သမာဓိရှိတဲ့ နတ်ကွ၊ ကိုယ်ကျင့်တရားကို လက်ဖက်ရည်ဖိုးနဲ့ လဲတဲ့နတ်စားမဟုတ်ဘူး'

'ကြီးကြီးကျယ်ကျယ်ဗျာ၊ ကျုပ်တို့ လူ့လောကမှာဆိုရင် ဒါက ထုံးစံပဲ'

'အေး··· ငါတို့နတ်လောကမှာတော့ ဒီထုံးစံမရှိဘူး၊ လူတစ်ယောက်က အချစ်နဲ့တွေ့ချင်ရင် ငါတို့မေးတဲ့ အခက်အခဲနှစ်ခုကို ဖြေရှင်းရတယ်၊ အဲဒါ နတ်လောကရဲ့ ထုံးစံပဲ'

'ခင်ဗျားတို့ ထုံးစံက တစ်မျိုးပါလားဗျ'

'တစ်မျိုး မဟုတ်ဘူးကွ၊ နှစ်မျိုး'

'ကဲပါဗျာ၊ ထားလိုက်ပါတော့၊ ကျုပ် ဖြေရှင်းရမယ့် အခက်အခဲတွေက ဘာတွေလဲဆိုတာ မြန်မြန်ပြော'

ဟုတ်သည်။ ချစ်ရသူနှင့် တွေ့ချင်လှပြီ။

'မင်း တကယ် ဆုံးဖြတ်ပြီးပြီလား'

'ပြီးပါပြီဆိုမှဗျာ'

မေးဖို့အရေးကို လင်းထွဋ် ကိုယ်စောင့်နတ်ကြီး ဆံပင်ကို သပ်တင်လိုက်၊ ဘောင်းဘီကို ဆွဲတင်လိုက်နဲ့ ပဲများနေသေး၏။

ကြည့်ရင်း ကြည့်ရင်းဖြင့် လင်းထွဋ် စိတ်မရှည်ဖြစ်လာမိ၏။ ကိုယ့်ကိုယ်စောင့်နတ်ဖြစ်နေလို့သာ တခြားနတ်ဆိုလျှင် ထရိုက်မိပြီ။

'ခင်ဗျား ဒီနေ့အဖို့ မေးဦးမှာလား'

'ဟေ··· မေးမှာပါကွ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုလည်း မြန်မြန်မေးတော့လေဗျာ'

'အေးပါ၊ အေးပါ'

ဒါတောင် အင်္ကျီကော်လံကို ဆွဲတင်ပြီးမှ…

'ဟိုမှာ တွေ့လား'

လက်ညှိုးထိုးပြရာသို့ လင်းထွဋ် လိုက်ကြည့်မိသည်။ ဘာမှ ထူးထူးခြားခြားတော့ မတွေ့။

'ခင်ဗျား ဘာကိုပြနေတာလဲ'

'ဟိုအပင်ပေါ်က ကင်းလိပ်ချောကို ပြနေတာကွ'

'ဘာ… ကင်းလိပ်ချော'

'အေး… ကင်းလိပ်ချောပဲ'

လင်းထွဋ် နဝေတိမ်တောင်ဖြင့် ကိုယ်စောင့်နတ်ကြီးကို တစ်လှည့် ကိုယ်စောင့်နတ်ကြီး ညွှန်ပြသော ကင်းလိပ်ချောဆိုသည့် သတ္တဝါကိုတစ်လှည့် ကြည့်ပြီး…

'အဲဒါ ကျုပ်က ဘာလုပ်ရမှာတုန်း'

'အထီး၊ အမ ခွဲပေးရမှာ'

'ဗျာ'

လင်းထွဋ် တော်တော့်ကို မအီမသာဖြစ်သွားမိသည်။

'ခင်ဗျားဗျာ၊ ပေါက်တိပေါက်ရှာနဲ့'

'ဟင့်အင်း'

'အေး… ဒါဆိုလည်း မင်းချစ်သူ ဘယ်မှာလဲဆိုတာ မပြောနိုင်ဘူး'



လင်းထွဋ် တော်တော်စိတ်ညစ်သွားမိသည်။

ဒီကိုယ်စောင့်နတ်ဆိုတဲ့ကောင်က တော်တော့်ကို အကျင့်မကောင်းတာပဲ။ ရုပ်ကိုက ဘယ်အချိန်ထကြည့်ကြည့် ကျက်သရေကို မရှိ။ ဒါတောင် ကိုယ့်ကိုယ်စောင့်နတ်လာဖြစ်နေသေးတယ်တဲ့။

အံ့ရော။

'ဟေ့ကောင်… ပြောလေကွာ၊ ဖြေမှာလား၊ မဖြေဘူးလား'

'ဖြေမှာပေါ့ဗျာ၊ ဘယ်လိုဖြစ်နေတာလဲ ဟွန်း'

'ဒါဆိုလည်း မြန်မြန်ဖြေကွ၊ ငါ ရှိုးပွဲတစ်ခု သွားစရာရှိသေးတယ်၊ အချိန်သိပ်မရဘူး'

လင်းထွဋ် ဒေါသအလုံးတွေ အပြားတွေနှင့် ပုံစံအမျိုးမျိုး ထွက်လာသော်လည်း ပညာရှိအမျက် အပြင်မထွက်နဲ့ဆိုသည့်စကားပုံအတိုင်း လိုက်နာ၍ အပင်ပေါ်တွင် အားအားယားယား မှောက်ခုံကြီး လုပ်နေသော ကင်းလိပ်ချောနားသို့ လျှောက်သွားပြီး…

'ဗျို့… ကင်းလိပ်ချောကြီး'

'ဘာရဲ'

အိပ်ချင်မူးတူးအသံဖြင့် ပြန်ဖြေခြင်းဖြစ်သည်။

လင်းထွဋ် ဒဲ့ပင်မေးမိလိုက်၏။ ကိုယ်က အလျှင်လိုနေတာကိုး။

'ခင်ဗျားက အထီးလား အမလား'

ကင်းလိပ်ချောကြီး ရှိုးတိုးရှန်းတန်းဖြစ်သွားပြီး…

'ဟာ… ဘာတွေလာမေးနေတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ပြောစမ်းပါဗျာ၊ သိချင်လို့ပါ'

မေးလည်းမေး ကြည့်လည်း ကြည့်မိ၏။ ဘာမှတော့ ထူးခြားတာ မတွေ့။ လင်းထွန်း၏ ရူးရူးဝါးဝါးအကြည့်ကြောင့် ကင်းလိပ်ချောခမျာ ခန္ဓာကိုယ်ကို ကျုံ့လိုက်ပြီး လင်းထွန်းအား မျက်စောင်းထိုး၍…

'အောင်မာ… ဘာလို့ပြောရမှာလဲ၊ ပြောဘူး၊ ဟွန်း…'

'လုပ်ပါကွာ၊ ငါ အရေးကြီးနေလို့ပါ၊ လက်ဖက်ရည်ဖိုး ပေးဆို ပေးပါ့မယ်'

လူ့လောက၏ ထုံးစံကိစ္စကိုပါ လင်းထွန်း ထည့်ပြောလိုက်သည်။ ဒါကိုပင် ကင်းလိပ်ချောဆိုသည့် ကောင်က မခံမရပ်နိုင်ဖြစ်သွားဟန်ဖြင့်…

'ဘာ… ဘာ… ဘာပြောတယ်'

'ဘာလဲ… မကြားလိုက်လို့လား'

'ကြားပ၊ ကြားပ၊ ဟွန်း… ဘယ်လိုအစားများ မှတ်နေသလဲ မသိဘူး'

လင်းထွန်း စိတ်ဝင်စားသည်။

'အင်း… ပြောပါဦး၊ ဘယ်လိုအစားလဲ'

'လက်ဖက်ရည်ဖိုးပေးတိုင်း လုပ်ချင်တာလုပ်လို့ရမယ်များ ထင်နေလား၊ ဟွန်း…'

'ဪ… ခက်တော့တာပဲ'

လင်းထွန်း စိတ်လေသွားသည်။

ကင်းလိပ်ချောဆိုသည့် သတ္တဝါကို ကြည့်ပြန်တော့လည်း



ကိုယ့်ကိုမျက်နှာထိ မျက်နှာထားဖြင့် မျက်စောင်းလှမ်းထိုးသည်။

'ဟိုကွာ၊ ငါတကယ်အရေးကြီးနေလို့ပါ၊ ပြောပါကွာ နော်'

'ပြောဘူး၊ အသေသတ်ရင် သတ်သွား၊ ဟွန်း'

နှုတ်ခမ်းကြီးထော်၍ ပြောခြင်းပင်ဖြစ်ပါသည်။ ကြည့်ရတာ တော်တော်ဆိုးပါသည်။ စိတ်ပျက်စရာလည်း ကောင်းပါသည်။

ဒါပေမဲ့ လင်းထွန်း စိတ်မပျက်မိ ဇော်ဝင် ဇော်သွားမိ၏။ ကင်းလိပ်ချော နည်းတူ နှုတ်ခမ်းကို စူ၍…

'ပြောပါဆို'

'ပြောဘူးဆို'

'ပြော'

'ပြော ဘူး ဟွန်း'

'ဟဲ… ဟဲ… ဟဲ'

'အောင်မယ် ဘာရယ်တာလဲ'

'ဟဲ… ဟဲ… ဟဲ'

'ဘာ… ရယ်… တာ… လဲလို့ မေးနေတယ် လူကြီးနော် ဟွန်း'

'ဟဲ… ဟဲ… ဟဲ… ဟဲ'

လင်းထွန်း ကင်းလိပ်ချောကို ဘာစကားမှ ထပ်မဆိုဘဲ တဟဲဟဲရယ်၍ ကိုယ်စောင့်နတ်ကြီးထံ ပြန်လာခဲ့သည်။

အနားရောက်သည့်အထိ မျက်နှာပိုးမသတ်နိုင်သေးသော ကြောင့် ကိုယ်စောင့်နတ်ကြီးက လင်းထွန်းကို မျက်မှောင်ကြုတ်၍ ကြည့်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



‘ဟော့ကောင်… ဘာတွေသဘောကျနေတာလဲ’

‘ဟဲ… ဟဲ… ဟဲ… ဟဲ’

‘ဟော့ကောင် ငါမေးနေတယ်လေကွာ၊ ဘာလဲ၊ အဖြေသိလာပြီလား’

‘ဟဲ… ဟဲ… ဟဲ… ဟုတ်တယ်’

ဟုတ်ရင်ဟုတ်ပေါ့ကွာဆိုသည့် အကြည့်ဖြင့် ကိုယ်စောင့်နတ်ကြီး လင်းထွဋ်ကို ကြည့်ပြီး…

‘ဒါဆိုလည်း ပြောလေကွာ’

‘ဟဲ… ဟဲ… ပြောမှာပေါ့ဗျ’

‘အာ… ဒီကောင်ကွာ’

‘ခင်ဗျား ကင်းလိပ်ချောကြီးက ဟဲ… ဟဲ’

‘ဘာလဲ အထီးလား အမလား’

‘ဟဲ… ဟဲ… အထီးလည်း မဟုတ်ဘူး၊ အမလည်း မဟုတ်ဘူး’

ကိုယ်စောင့်နတ်ကြီး နဝေတိမ်တောင် ဖြစ်သွားပြီ။

‘ဟာ… ဒါဆို ဘာကြီးတုန်း’

‘အခြောက်ကြီး ဟီး… ဟီး’



‘ဒီမှာ ဒီမှာ လူနာရှင်… လူနာရှင်’

‘အို… ဘယ်လိုလူနာစောင့်လဲ မသိဘူး၊ ကုလားသေ ကုလားမော အိပ်နေရတယ်လို့’

သူနာပြု ဆရာမလေး၏ မေတ္တာပို့သံကြောင့် လင်းထွဋ် အိပ်မက် ကမ္ဘာထဲမှ ပြန်လည်နိုးထလာရတော့သည်။

‘အား… အင်း… အင်း… ဘာလဲ’

‘ကျွတ်… ဘယ်လိုလူလဲ မသိဘူး’

‘ဗျာ’

လင်းထွဋ် အိပ်ချင်မူးတူးဖြင့် အူလည်လည်ဖြစ်နေမိသည်။ ဂျင်းဘောင်းဘီ ဝတ်ထားတဲ့ ကိုယ်စောင့်နတ်ကြီးက ဘယ်နှယ် ထမီ အနီကြီးဝတ်ပြီး မိန်းမဖြစ်သွားရသလဲပေါ့။

နိုးနိုးခြင်း တအံ့တဩ ပုံစံဖြင့် မိမိ၏ ခန္ဓာကိုယ် အောက်ပိုင်းကို စူးစူးဝါးဝါး ကြည့်နေသော လူနာစောင့်ကြောင့် သူနာပြုဆရာမလေး ရှုံ့ရှုံ့ရှားရှား ဖြစ်သွားပြီ။

‘ဒီမှာ ရှင် ဘာကို ကြည့်နေတာလဲ’

‘ဗျာ… ဟင်’

‘အို… ဘယ်လိုလူလဲ၊ ကြောင်တောင်တောင်နဲ့’

အသိတရားက လုံးဝလတ်ဆတ်သွားသည်။

‘ခင်ဗျား… ကျွန်တော် ဟို… ဟို’

သူနာပြုဆရာမလေး မျက်နှာနီနီ မျက်ထောင့်နီနီ ထမီအနီကြီးဖြင့် လင်းထွဋ်ကို ကြည့်ပြီး ခုတင်ပေါ်တွင် အိပ်မောကျနေသော နှင်းဆီကို လက်ညှိုးထိုး၍…

www.burmeseclassic.com

www.burmeseclassic.com



'ရှင်တ သူ့ရဲ့ လူနာရှင် မဟုတ်လား'

'ဗျာ… ဟုတ်တဲ့'

'ခွဲရမယ်ဆိုရင် သွေးလိုလိမ့်မယ်၊ သူ့ သွေးပေါင်တွေကျနေ တယ်'

'ဟင်… သွေး ဟုတ်လား'

'ဟုတ်တယ်၊ မြင်ဖူးတယ် မဟုတ်လား'

'အာ… မြင်ဖူးပါတယ်'

'ဒါဆို သွေးလှူမဲ့ အလှူရှင်ကို သွားရှာချည်'

'ဟင် ဘယ်နားက ရှာရမှာလဲဟင်'

'အဲဒါတော့ ဘယ်သိပါ့မလဲ၊ ကိုယ့်ဘာသာကိုယ်ရှာပေါ့ ဟွန်း'

လင်းထွန်း ခေါင်းကုတ်၍…

'ပြီးရောဗျာ၊ ပြီးရော ရှာပေးမယ်'

'ဪ… နေဦး မပြီးသေးဘူး'

'ဟင်… ဘာထပ်လိုသေးလို့လဲ'

'သူ့အသွေးအမျိုးစားက ဘီသွေးဆိုတာ မြေပြာမလို့၊ ရှင်တလွဲ တွေ လုပ်လာမှာစိုးလို့ပြောတာ၊ သွားပြီ ဟွန်း'

သရာမ မျက်စောင်းလှည့်ထိုးသွားသေးသည်။

လင်းထွန်း ခုတင်ပေါ်တွင် အမူပင် ကင်းမျှ အိပ်ပျော်နေ သော နှင်းဆီကို ကြည့်၍…

'ဟင်… မင်းကသာ အိပ်ပျော်နေ၊ ငါ့မှာတော့ ဟူး'

ဒီလိုနှင့် လင်းထွန်း သွေးအလှူရှင်ကို ရှာပုံတော် ဖွင့်ပါလေ တော့သည်။

## အခန်း(၉)

နေ့ခင်း ဆယ့်နှစ်နာရီဆိုသော နေအပူချိန်သည် ပုံမှန်စိတ်ခံစား မှုရှိနေသော လူအဖို့တောင် တော်တော်စိတ်အနှောင့်အယှက်ဖြစ်စရာ ကောင်းပါသည်။

လင်းထွန်းလို သောကအူကြောင်ကြား ဖြစ်နေသူအဖို့ကတော့ ဆိုဖွယ်ရာပင် မရှိတော့။ နေကလည်းပူ စိတ်ကလည်းထူဖြင့် ပူထူကြီး ဖြစ်နေရတဲ့အထဲ သွေးလှူမဲ့ လူကို ဘယ်နားရှာရမှန်း ရုတ်တရက် စဉ်းစားမရ။

ဆေးရုံတွင် နှင်းဆီကို တစ်ယောက်တည်း ထားခဲ့ရခြင်း ကြောင့်လည်း အလှူရှင်ကို ဝေးဝေးလံလံ သွားပြီးတော့ ရှာလို့ကမရ။ ထို့ကြောင့် ဆေးရုံပတ်ဝန်းကျင်တွင်သာ ဟိုရှာဒီရှာ လိုက်လုပ်နေရ သည်။

ရှာလို့ဖွေလို့ တမောလောက်ရှိကာမှ သွား၍ စဉ်းစားမိသည်။ သွေးဆိုတာမျိုးက ရောင်းကုန်ပစ္စည်းလို လိုက်ရှာလို့မှ မရတာ။ လူ့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ထဲမှာ ရှိတာပဲဟာ။ လျှုမဲ့စေနတာရှင်ကို လိုက်မေးစမ်းရမှာပေါ့။

ဒီလိုစဉ်းစားမိပြီးမှ ကိုယ့်ကိုယ်ကိုယ် တော်တော်တုံးမှန်း အမှန်းသုံ့မှန်း အသုံးမကျမှန်း ရိပ်မိသွားတော့သည်။

'တောက်… ငါဟာလေ၊ တော်တော်အူကြောင်ကြောင်နိုင်တဲ့ကောင်ပါလား'

ထိုသို့မှန်ကန်စွာ သုံးသပ်ပြီးမှ ခေါင်းအေးအေးဖြင့် စဉ်းစားရတော့သည်။ သွေးလျှုမဲ့ ပုဂ္ဂိုလ်သည် ဘယ်လိုလူစားမျိုး ဖြစ်ရမည်နည်း။

နံပါတ်တစ် ကျန်းမာရေးကောင်းရမည်။

နံပါတ်နှစ် ရောဂါဘယ ကင်းရှင်းရမည်။

နံပါတ်သုံး ငွေကြေးလိုအပ်ချက် ရှိရမည်။

ဒီအချက်ကို ထည့်သွင်းစဉ်းစားရသည်မှာ အကြောင်းရှိသည်။ ယခု ကိုယ်အကူအညီတောင်းမည့် လူက ကိုယ်နှင့်ဆွေမျိုးလည်း မဟုတ်။ မိတ်ဆွေအပေါင်းအသင်းလည်း မဟုတ်။ လုံးဝသူစိမ်းကြီး။ ဒီတော့ ကျွန်တော့်ကို ခင်ဗျားကိုယ်ထဲက သွေးတစ်ပုလင်းလောက် ပေးပါလားလို့ သွားပြောရင် ပေးပါလိမ့်မယ် အားကြီးကြီး။ ဒါကြောင့် ပိုက်ဆံနည်းနည်းပါးပါးပေးပြီးတော့ အလှူခံရမည်ပေါ့။

ထိုသို့ အပြီးသတ် စဉ်းစားဆင်ခြင်ပြီး ကျန်းမာရေးကောင်း၍ ငွေကြေးလိုအပ်ချက်ရှိသော လူတန်းစားများ စုဝေးရာ ဆိုက်ကားဂိတ်ဘက်သို့ ထွက်လာခဲ့တော့သည်။



နေ့လည်နေ့ခင်းမို့ ဆိုက်ကားသမားများ အပင်ရိပ်အောက်တွင် စုဝေး၍ ကျားထိုးနေကြသည်။

လင်းထွဋ် အသာချဉ်းကပ်၍…

'ဒီမှာခင်ဗျာ'

မော့ကြည့်ကြသည်။

'ဆိုက်ကားလား'

'ဟာ… မဟုတ်ပါဘူး'

လင်းထွဋ်က မဟုတ်ဘူး ဆိုလိုက်ခြင်းကြောင့် စိတ်မဝင်စားဟန်ဖြင့် ကျားထိုးရှိရာသို့ အာရုံပြန်ကျသွားကြသည်။

လင်းထွဋ် သက်ပြင်းတစ်ချက်ချ၍…

'နောင်ကြီးတို့ထဲက သွေးလျှုမဲ့ စေတနာရှင်များ ရှိလားမသိဘူး'

သေချာကြားကြဟန် မတူ။ ထို့ကြောင့် လင်းထွဋ် အသံကိုမြှင့်၍…

'ဒီမှာ ခင်ဗျာ'

'အာ… ဘာလဲကွာ'

'ကျွန်တော် သွေးလိုချင်လို့ပါ'

'ဒါများကွာ ကြက်ဘဲဈေးသွားပေါ့'

'အာ… မဟုတ်ဘူး၊ ကျွန်တော် လိုချင်တာ လူသွေး'

'ဟေ'

အကုန်လုံး လင်းထွဋ်ကို အံ့အားသင့်သွားဟန်ဖြင့် ဝိုင်းကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ အကြည့်တွေက ဒီကောင် အရူးလား ဘာညာပေါ့။

လင်းထွဋ် ကပျာကယာဖြင့်…

'ဒီလိုပါ၊ ကျွန်တော့်မိတ်ဆွေတစ်ယောက်က ဆေးရုံတက်နေရပါတယ်၊ အဲဒါ သွေးလိုနေလို့ လာပြီး အကူအညီတောင်းရတာပါ'

ဆေးရုံနှင့် နီးနီးကပ်ကပ် နေသူများမို့ လင်းထွဋ်၏ ဆိုလိုရင်းကို သဘောပေါက်သွားကြပုံရ၏။ ဒါပေမဲ့ စိတ်ဝင်စားကြပုံတော့ မရ။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ခေါင်းခါကြသည်။ ပြီးတော့ ကျားဝိုင်းကို ပြန်လည်အာသက်သွင်းကြ၏။

အေးလေ ကိုယ့်အမျိုးမှ မဟုတ်တာ။ အလကားနေ အလကား အားကုန်ခံပြီး ဘယ်လှူပါ့မလဲ။

ထို့ကြောင့် လင်းထွဋ် ကြိုတင်စဉ်းစားထားသည့် စကားလုံးကို ဒွဲပင်ပြောချလိုက်တော့သည်။

'တကယ်လို့ လှူမယ်ဆိုရင် ကျွန်တော် ပိုက်ဆံတစ်သောင်း ပြန်ပြီး ဒါနပြုပေးပါ့မယ်'

ထိုစကားကို ရဲရဲရင့်ရင့် ပြောရဲသည်မှာ လင်းထွဋ်တွင် စန်းမှူးကြီးတို့ ပေးသွားသော ပိုက်ဆံက နှစ်သောင်းနီးပါး ကျန်နေသေးသောကြောင့် ဖြစ်၏။

စိတ်ဝင်စားသွားကြပုံရ၏။ တစ်သောင်းဆိုတာကိုး…။

ထိုအထဲမှ တစ်ယောက်က…

'ခင်ဗျား ခုနက ဘာပြောလိုက်တာလဲ'



'သြော်… သွေးလှူမဲ့ လူကို ပိုက်ဆံတစ်သောင်းပေးမယ်လို့ ပြောတာပါ'

'တစ်သောင်း ဟုတ်လား'

'အင်း… ဟုတ်တယ်၊ တစ်သောင်း'

အကုန်လုံး သူလှူမယ်။ ငါစေတနာရှိတယ်တွေ ဖြစ်ကုန်ကြ၏။

'ကျုပ်လှူမယ်ဗျာ'

'အောင်မယ် ငါလည်း လှူလို့ရတာပဲကွ'

'ဟေ့ကောင်… မင်းကို ပေါက်ကရအကုန်လုပ်တဲ့ ကောင်ရဲ့ သွေးက သန့်ပါလိမ့်မယ် အားကြီးကြီး'

အပြောခံလိုက်ရသော ဝတ်၏မျက်နှာ မဲခနဲဖြစ်သွား၏။ ဝုန်းခနဲထရပ်၍ ပုဆိုးတိုတို ပြင်ဝတ်ပြီး…

'ဟေ့ကောင် မင်း ဘာစကားပြောတာလဲ၊ ငါ့ဘာသာ ဘာလုပ်လုပ် မင်းအပူပါလား'

'ဘာလဲ၊ ပြောတော့ မင်းက မကျေနပ်ဘူးလား'

'အေး… မကျေနပ်ဘူးကွာ'

'မကျေနပ်တော့ ဘာလုပ်ချင်လဲ'

'ဒါလုပ်ချင်တယ်ကွာ၊ ကဲ… ခွပ်'

'ဟာ… မင်း… မင်း… ငါ့ကိုထိုးတယ်'

'အေး… ထိုးတော့ ဘာဖြစ်လဲကွာ'

'ဒါဖြစ်တယ်ကွာ'

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး ဝင်လုံးပါလေတော့သည်။ နှစ်ယောက်သား ဖုံအလူးလူးထဲတွင် ပုဆိုးမနိုင် ပဝါမနိုင်တွေ ဖြစ်ကုန်ကြ၏။

ဘေးက အပေါင်းအဖော်တွေကလည်း ဝင်၍မဆွဲသည့်အပြင် လက်သီးလ ာ်မောင်းတန်း၍ သူ့လူ ကိုယ့်လူခွဲကာ အားပေးကြ၏။

'ဟေး… ရဲလေးတဲ့ကွ၊ ချထား'

'အောင်ဘုတဲ့ကွနော်၊ တစ်ဘုတည်းရှိတယ် ဘာမှတ်လဲ'

သူ့ဇာတ်နဲ့ သူ့အရပ်နဲ့ကတော့ ဟုတ်လို့။

လင်းထွဋ်ကသာ ကြားထဲမှ မျက်ကလူးဆန်ပြာ ဖြစ်နေရသည်။ ကိုယ့်ကို သွေးလျှုမဲ့ ပုဂ္ဂိုလ်နှစ်ယောက်က နပန်းလုံးနေတာကိုး။ ဟိုမှာက နှင်းဆီက တစ်ယောက်တည်းရယ်။ အချိန်က ကြာလို့ မဖြစ်။

ဆရာဝန်ကြီးတွေ ရောက်လာလို့ ခွဲကြမယ် စိတ်ကြမယ်ဟော ဆိုလျှင် ကိုယ်ကမရှိလို့မဖြစ်။ ဒီတော့ ထိုမိုက်သား နှစ်ယောက်ကို လင်းထွဋ် ဝင်ဆွဲရတော့သည်။

'တော်ကြပါတော့ဗျာ၊ တော်ကြပါတော့'

'အား… ခွပ်'

ရန်ဖြစ်နေသော နှစ်ယောက်ထဲမှ တစ်ယောက် အထိုးခံလိုက်ရခြင်း မဟုတ်ပါ။ ကြားထဲမှ ဝင်ဆွဲမိသော လင်းထွဋ် အထိုးခံလိုက်ရခြင်းဖြစ်၏။

အထိုးခံလိုက်ရသော မေးရိုးမှာ ထူအမ်းအမ်းကြီးဖြစ်သွားသည်။ ဒါပေမဲ့ ယောက်ျားတို့၏ မလျှော့သော ခွဲလုံ့လဖြင့် နောက်တစ်ခါ ခုန်ဝင်ပြန်၏။ ငါဟဲ့ ယောက်ျားပေါ့။



'ခွပ်… ခွပ်'

ညှပ်ပူးညှပ်ပိတ်ပင် ခံလိုက်ရခြင်းကြောင့် လင်းထွဋ် လည် ထွက်သွားသည်။

'အား… ကျွတ်… ကျွတ်'

စဉ်းစားရပြီ။ ဒီထက်ပိုပြီး ရှေ့ဆက်တိုးလျှင် အရေးပေါ် အခန်းထဲသို့ နှင်းဆီမရောက်ဘဲ ကိုယ်ရောက်သွားနိုင်သည်။

ဒါပေမဲ့ အသားလွတ်ကြီး သုံးချက်တိတိ အထိုးခံရခြင်းကိစ္စ ကိုတော့ ဒီအတိုင်း မထားခဲ့နိုင်။ ရှင်းတော့ ရှင်းရလိမ့်မည်။

ထို့ကြောင့် လင်းထွဋ် လက်အသာပိုက်၍ ဘေးမှစောင့်ကြည့် နေလိုက်သည်။ ခဏနေတော့ သူတို့ဘာသာ သူတို့ပွဲကပြီးသွားသည်။

လင်းထွဋ် ထိုငတိနှစ်ယောက်အား အသာကပ်၍ တစ်ယောက် ကို လက်သီးတစ်ချက်စီ အားရှိပါးရှိ လက်ဆောင်ပေးလိုက်ပါလေ တော့သည်။

'ကဲကွာ၊ ခွပ်… ခွပ်'

အရာသာရှိလိုက်သည့် ဖြစ်ခြင်း။

အထိုးခံလိုက်ရသူတွေရော အားပေးအားမြောက်လုပ်သူတွေ ပါ လင်းထွဋ်ကို ကြောင်တောင်တောင်ဖြင့် ဝိုင်းကြည့်ကြသည်။

လင်းထွဋ်ကတော့ ခပ်တည်တည်ဖြင့်သာ ရင်ကိုကော့၍ ထို နားမှ ထွက်လာခဲ့ပါတော့သည်။

'လင်းထွဋ်တဲ့ကွ၊ တစ်ထွဋ်တည်းရှိတယ်၊ နှစ်ထွဋ်ရှိရင် ပြို သာတ်ပစ်မယ်၊ ဘာမှတ်လဲ ဟွန်း'

www.burmeseclassic.com

www.burmeseclassic.com



ဘာမှတော့ မဆိုင်ပါ။ ဒါပေမဲ့ လောလောဆယ် ဆိုင်ဆိုင် မဆိုင်ဆိုင် ဆိုင်ပစ်လိုက်တော့၏။

စိတ်လေလေဖြင့် ဆေးရုံဝင်းရှေ့သို့ ပြန်ရောက်လာချိန်တွင် လူတစ်ယောက် လင်းထွဋ် နားကပ်၍…

'အစ်ကို ကားငှားမလို့လား'

လင်းထွဋ်လည်း စိတ်အချဉ်ပေါက်ပေါက်ဖြင့်…

'ကားတော့ မငှားချင်ဘူးကွာ၊ လူပဲငှားချင်တယ်'

ဟုတ်တယ်လေ။ ကားထဲက ဆီကိုထုတ်ပြီး နှင်းဆီကိုယ်ထဲ ထည့်လို့ရတာမှ မဟုတ်တာ၊ လူထဲက သွေးကိုထုတ်ပြီး နှင်းဆီကိုယ်ထဲ ထည့်လို့ရမှာ။

လင်းထွဋ် စကားကြောင့် ထိုပုဂ္ဂိုလ်မှာ တွေခနဲတစ်ချက်ဖြစ်သွားသေးသည်။ ပြီးမှ မျက်လုံးအရောင် လက်ခနဲဖြစ်သွားပြီး ခပ်တိုးတိုးလေသံဖြင့်…

'လိုက်ခဲ့လေ အစ်ကို၊ ကျွန်တော့်ဆီမှာ ရှိတယ်'

လင်းထွဋ် နဝေတိမ်တောင် ဖြစ်သွားမိသည်။ ကိုယ်က ရွှဲ ပြောလိုက်တာ သူ့ဆီမှာ ရှိတယ်ဆိုတော့ ဘာရဲပေါ့။

'ဟေ့လူ ခင်ဗျားဟာက ဟုတ်မှဟုတ်ရဲ့လား'

'အာ… စိတ်ချ အစ်ကို၊ လုံးဝသန့်စေရမယ်၊ သန့်ဆို သွေးစစ်ထားတဲ့ လက်မှတ်ကို ရှိပြီးသား'

လင်းထွဋ် ပျော်သွားသည်။ ကိုယ် အသဲအသန်လိုက်ရှာတုန်းကတော့ မတွေ့။ တွေ့မယ့်တွေ့တော့လည်း မထင်မှတ်တဲ့ပုံနဲ့ကိုး။



ကေန္တ သိကြားမင်းများ ကျောက်ဖျာတင်းသွားလို့လားမသိ။ ဖြစ်နိုင်သည်။ ကိုယ်က ဘုန်းနဲ့ကံနဲ့ကောင်လေ။ ဟဲ… ဟဲ။ ဒါပေမဲ့ သေချာအောင် ထပ်မေးရသေးသည်။

'ကျုပ်လိုချင်တာက ဘီနော်'

'အဟက် ဟက် စိတ်ချစမ်းပါ အစ်ကိုရာ၊ အေဖြစ်ဖြစ် ဘီဖြစ်ဖြစ် လိုချင်တာ အကုန်ရမယ်'

ယုံကြည်လိုက်ပါသည်။ အညာလွယ်တယ်ပဲ ပြောပြော ကိုယ်က ခုချိန်မှာ လိုအပ်နေတာကိုး။

'ပိုက်ဆံကရော ဘယ်လောက်တောင် ပေးရမှာလဲ'

'အစ်ကိုက ဘယ်လောက်တတ်နိုင်လို့လဲ'

'အင်း… တစ်သောင်းလောက်ဆိုရင်တော့'

'ဟာ… အိုကေပြီဗျာ၊ လာ… လာ… ကျွန်တော့်ကားပေါ်တက်'

'ဝေးလို့လား'

'သိပ်မဝေးပါဘူး၊ ဒီနားလေးတင်ပါ'

ဒီလိုနှင့် လင်းထွဋ် တစ်ယောက် ကူညီတတ်ပုံရသော တက္ကစီသမား၏ ခေါ်ဆောင်ရာသို့ ကောက်ကောက်ပါအောင် လိုက်သွားပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူပြောတာ မှန်ပါသည်။ တကယ်လည်း မဝေးပါ။ ဆယ့် ငါးမိနစ်ခန့်တွင် မြို့ကျော်ရောက်သွားကြ၏။ ဖျော့တောင်အိမ် ခပ်မှိုင်းမှိုင်းလေး တစ်လုံးရှေ့တွင်ဖြစ်၏။ တာသမားက တံခါးကပျာကယာဖွင့် လေ၍---

'ထဲ--- အစ်ကို ရောက်ပြီ။ အထဲမှာ စိတ်တိုင်းကျ ရွေးပေတော့'

လင်းထွဋ် အူတူတူဖြင့်---

'ဟင်--- ဒီလိုမျိုး ရွေးလို့ရတယ် ဟုတ်လား'

'သိပ်ဟုတ်တာပေါ့ဗျာ။ ထဲ--- လာ အိမ်ပေါ်တက်'

လင်းထွဋ် ကောင်လည်လည်ဖြင့် ခေါင်းညိတ်၍ တာသမား နောက်မှ အိမ်ပေါ်သို့ ပါလာသည်။ စိတ်ထဲမှာ သွေးလှူခဲ့လှု များ စုညီ၍ ဒီလိုနေခြင်းကိုလည်း အတူအဆန်းဖြစ်နေမိသည်။ ကိုယ်မှ ကြားတောင် မကြားဖူးပဲ ဥစ္စာ။

အိမ်ပေါ်ရောက်တော့ အန်တီမိုးဆိုသော အန်တီကြီးတစ် ယောက် ထွက်လာပြီး လင်းထွဋ်တို့ကို ဖော်ဖော်ရွေရွေ ကြိုဆိုရှာ သည်။

'ထဲလာ သားတို့ ထိုင်ကြ ထိုင်ကြ'

ထိုင်ဆိုလို့သာ ထိုင်လိုက်ရသည်။ လူကလောင်လည်လည် ဖြစ်လာနှင့်။ ဖြစ်လည်းဖြစ်ချင်စရာ။ ခုချိန်ထိ သွေးလှူခဲ့လှုရဲ့ အရိပ် အယောင်ကိုတောင်မှ မတွေ့ရသေးတော့။ တာသမားနှင့် အန်တီကြီး တစ်တော့ သိကောင်းကျွမ်းကောင်းများ ဖြစ်ပုံရတာ ရယ်ရယ်မောမော ဖြင့် စကားပြောဆိုနေကြ၏။



လင်းထွဋ် စနေနိုင်တော့သောကြောင့်---

'ဟိုလေ ကျွန်တော်က အရေးကြီးနေလို့။ အဲဒါ---'

လင်းထွဋ် အပြောကြောင့် တာသမားနှင့် အန်တီကြီး ပြိုင်တူ ဝင် ရယ်လိုက်ကြပြီး တာသမားက---

'အဲဒါသာ ကြည့်တော့ အန်တီရေ။ ကျွန်တော့်မိတ်ဆွေက စိတ်အရမ်းမြန်တာ။ ဟင်း--- ဟင်း'

'ဟင်း--- ဟင်း--- အန်တီ သဘောပေါက်တယ်။ ပေါက် တယ်'

လင်းထွဋ် သူတို့ရယ်ပုံ ပြောပုံများကို စိတ်ထဲသိပ်ကသိကအောက် ချင်။ ကိုယ်အရေးကြီးလို့ အရေးကြီးပါတယ်ပြောတာ ဘယ်နှာရယ် စရာပါလို့လဲ။

အန်တီကြီးက လင်းထွဋ် စိတ်ရှုပ်နိုင်ဖြစ်နေပုံကို သဘော ကျဟန်ဖြင့် ပြုံး၍ အတွင်းခန်းဘက်သို့ လှည့်ကာ---

'သမီးတို့ရေ ဒီမှာ ဧည့်သည်ရောက်နေတယ်။ ထွက်လာခဲ့ ကြပေ့'

သိပ်မကြာပါ။ အိပ်ခန်းထဲမှ ကောင်မလေးငါးယောက် အပြင် ဘက်သို့ ထွက်လာ၏။ ပုံစံတွေက စိုစိုပြေပြေ ဖရိုဖရဲ။ ကြည့်ရတာ သွေးအမြဲတမ်း ရောင်းစားနေသူများနှင့် မတူလို့ ခွဲခြားတင်ပြောင် ရပ်တွေပေါ်တင်နေဟန်တူ၏။

'ဟိုလေ--- ကျွန်တော်နဲ့ ထိုတ်မှာက သူတို့တွေလား'

'အေးလေကွယ်၊ ငါ့တူကြိုက်တာ ရွေးခေါ်သွား'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် လိုချင်တာက ဘီနော်'

'အို… အားလုံး ဘီကြီးပဲ စိတ်သာချ'

လင်းထွဋ် စိတ်ထဲက သိပ်မကျေနပ်ချင်။ မတော်လို့ သွေးထုတ်နေတုန်း တစ်ခုခုဖြစ်သွားရင် ခက်မည်လေ။ ထို့ကြောင့်

'သူတို့ကြည့်ရတာ ဖြစ်မှဖြစ်ပါ့မလားဗျာ'

'ငါ့တူက ဘာကိုပြောတာလဲ'

'အားနည်းပြီး မူးလဲတာတို့ ဘာတို့ ဖြစ်မှာစိုးလို့ပါ'

အန်တီကြီး တဟင်းဟင်းဖြင့် လင်းထွဋ်ကို ကြည့်ပြီးရယ်သည်။ ကောင်မလေးတွေကလည်း ပြုံးစိစိလုပ်၏။

'စိတ်သာချ ငါ့တူရေ၊ ဘာပြဿနာမှ မဖြစ်စေရဘူး၊ အန်တီ့သမီးတွေက အတွေ့အကြုံရှိပြီးသားတွေချည်း၊ ဟင်း… ဟင်း'

လင်းထွဋ် ခေါင်းတညိတ်ညိတ်လုပ်သည်။ သွေးလှူတာ အတွေ့အကြုံရှိပြီးတဲ့ သူတွေဆိုတော့လည်း ပြီးရောပေါ့။

'ဒါဆိုလည်း ပြီးရောဗျာ၊ ကျွန်တော် ဘယ်လောက်ပေးရမလဲ'

အန်တီကြီးက ကားသမားကို မျက်လုံးစွေကြည့်သည်။

ကားသမားက လက်ညှိုးတစ်ချောင်း မသိမသာထောင်ပြ၏။

ထိုအခါကျမှ လင်းထွဋ်ဘက်လှည့်၍…

'တစ်သောင်းလေ ငါ့တူ'

လင်းထွဋ် ဈေးဆစ်ဖို့ မစဉ်းစားတော့။ ခပ်မြန်မြန်ပင် ပိုက်ဆံထုတ်ပေးလိုက်သည်။ ပြီးမှ ထိုကောင်မလေးများထဲမှ ခန္ဓာကိုယ်ပြည့်



ပြည့်ဖြိုးဖြိုးရှိပုံရသော တစ်ယောက်ကို ရွေး၍ခေါ်လိုက်သည်။

ဒီလိုနှင့် လင်းထွဋ် ကားသမား၊ ကောင်မလေးတို့ တက္ကစီပေါ် ပြန်ရောက်လာကြသည်။ လမ်းတွင် ကားသမားက လင်းထွဋ်ကို…

'အစ်ကို ကျွန်တော် ဘယ်ကိုပို့ပေးရမလဲ'

'ဆေးရုံကိုပဲ ပြန်မှာပေါ့ဗျ'

'ဟင်… ဆေးရုံ ဟုတ်လား'

'အင်းလေ'

'ဒါဆို ကျွန်တော် ဆေးရုံကိုပဲ မောင်းရတော့မှာပေါ့နော်'

'ဒါပေါ့၊ မြန်မြန်လေးသာ မောင်း'

ကားသမား အီလည်လည်ရုပ်ဖြင့် ဆေးရုံသို့ ဦးတည်ကာ မောင်းရတော့သည်။ ဒီမှာတင် ပါလာသော ကောင်မလေးက တစ်စခန်း ထပါတော့၏။

'ဟင့်အင်း ကျွန်မ ဆေးရုံဆိုရင် မလိုက်ဘူးနော်'

လင်းထွဋ် စိတ်ရှုပ်သွားသည်။

'ဟ… မင်းက ဆေးရုံကို မလိုက်ရင် ဘယ်ကိုလိုက်မှာလဲ'

'အို… ဆေးရုံကလွဲရင် ဘယ်နေရာပဲဖြစ်ဖြစ် လိုက်မယ်'

ခက်တော့ ခက်နေပြီ။ လင်းထွဋ် ဘယ်လိုစကားမျိုးသုံး၍ ပြောရမှန်းကို မသိတော့။ ဘယ်နှယ် သွေးလှူမယ့် လူက ဆေးရုံကို မလိုက်ချင်ဘူးတဲ့။ စိတ်ကိုမရှည်ချင်တော့။

'ဒီမှာ ငါ့အဖော်က ဆေးရုံမှာကွ၊ မင်း ဆေးရုံကို မလိုက်လို့ ရဘူး'

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး ဟစ်စုံတစ်ခုကို သွားတွေးမိဟန်ဖြင့်…

'ဟင်… ရှင့်အဖော်က ဆေးရုံတင်ထားရတယ် ဟုတ်လား'

'ဟုတ်တယ်လေ၊ အဲဒါကြောင့် သွေးလိုလို့ မင်းကို လာခေါ်ရတာပေါ့ကွ'

ဇော်မ အူတူတူ ရုပ်ဖြင့်…

'သွေးလိုလို့'

'အင်းလေ'

'ကျွန်မကို လာခေါ်တာ'

'အင်းလေ'

'အို… ဘာဆိုင်လို့လဲ'

'ဟင်'

လင်းထွန်းပင် အူကြောင်ကြောင် ဖြစ်သွားတော့သည်။

ကားသမားကို ကားရပ်ခိုင်း၍ ရှင်းအောင်လင်းရတော့သည်။

'နေဦး၊ ခင်ဗျားတို့ဟာက မဟုတ်သေးဘူး၊ ဘာတွေလဲ'

ဒီလိုနှင့် ကားသမားနဲ့ လင်းထွန်း အပြန်အလှန် ရှင်းကြငြင်းကြသည်။ ဇော်မနှင့်လည်း ရှင်းကြငြင်းကြသည်။

ထိုသို့ ပြောကြဆိုကြရင်း အဖြေက တစ်စတစ်စနှင့် ရုပ်လုံးပေါ်လာသည်။ လွဲတာက တော်တော့်ကိုပင် လွဲသွားခြင်းဖြစ်၏။

ကိုယ်လိုချင်တာက ကိုယ်ခန္ဓာအတွင်းမှာ လှည့်ပတ်စီးဆင်းနေတဲ့သွေး။ အခုရလာတာက အသွေးတင်မဟုတ် အသားပါ ရောင်းစားသည့်သူ။



ဖြစ်မှဖြစ်ရလေ။ ကျသွားသည့် စိတ်ဓာတ်ကို ပြန်၍ပင် မကောက်ချင်တော့လောက်အောင်ပင် ဖြစ်သွားမိ၏။

အားလုံး ရှင်းလင်းသွားသောအခါ လင်းထွန်း ပါးစပ်ကို ကျယ်ကျယ်ဖွင့်၍ အော်နိုင်သမျှ အော်ချပစ်လိုက်တော့သည်။

'သွားကြတော့၊ ဟင်း… တောက်… ငါကွာ'

ကားပေါ်တက်၍ တချိုးတည်းပြေးကြပါတော့သည်။ လင်းထွန်းသာ လမ်းလယ်ခေါင်တွင် ငူငူကြီး ကျန်ခဲ့လျက်…

နှင်းဆီအတွက် လိုအပ်နေသော သွေးကို ဘယ်နားက သွားရှာရပါမည်နည်း။ သွေးတောင်မှ အမျိုးအစားက ဘီဖြစ်မှရမည်။ ဘီဆိုလို့ ဟိုခုနက ဇော်မပြောသွားတာဘာတဲ့။ သူတို့လောကရဲ့ ဘီဆိုတာက ကျွမ်းကျင်အဆင့်ကို ပြောတာပါတဲ့။

'တောက်… စိတ်နာစရာကောင်းလှသည့် ဖြစ်ချင်း'

'ဩော်… ဘီ… ဘီ… ဘယ်နားက သွားရှာရပါ့မလဲ၊ တော်တော်ဒုက္ခပေးပါလားနော်၊ ဘီ… ဘီ… ဟာ… ဘီ… ဘီ… ဆိုတော့…'

လင်းထွန်း တစ်ချက်ထခုန်၍ နှင်းဆီရှိရာ ဆေးရုံသို့ တစ်ချိုးတည်း ပြေးပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

မစည်ကားသင့်သော နေရာများသည် အမြဲတစေ စည်ကားပါသည်ဟူသော ဆိုရိုးစကားအတိုင်း ဆေးရုံကြီးသည် နေ့ခင်းကြောင်တောင်ကြီးမှာပင် လူများ ရှုပ်ယှက်ခတ်နေ၏။

ထိုလူတွေ ရှုပ်ယှက်ခတ်နေသော ဆေးရုံအတွင်းရှိ လှေခါးတစ်ခုပေါ်တွင် လူတစ်ယောက် ခြေတစ်လှမ်းကို လှေခါးသုံးထစ်နှုန်းဖြင့် တက်လှမ်းနေ၏။

နောက်တော့ အခန်းတစ်ခုထဲသို့ ရောက်သွားပြီး...

'နှင်းဆီ... နှင်းဆီ'

မိမိနာမည်ကို အသဲအသန်ခေါ်လိုက်သံကြောင့် နှင်းဆီ ကပျာကယာဖြင့် လှည့်ကြည့်မိ၏။

'နှင်းဆီ နှင်းဆီ... ဟော... ဟောဟဲ... နိုးနေပြီလား'

'ရှင်... ဘာဖြစ်လာတာလဲ'

လင်းထွဋ် မျက်နှာပေါ်မှ ချွေးများကို လက်ဖြင့်သပ်ချပြီး...

'ပြေးလာတာ'



'ဘာဖြစ်လို့လဲ'

'မင်းတစ်ယောက်တည်း ဖြစ်နေမှာစိုးလို့'

'သြော်... ဒါနဲ့ ရှင်က ဘယ်တွေသွားနေရတာလဲ'

'မင်းကို ခွဲရမယ်ဆိုရင် သွေးလိုလိမ့်မယ်တဲ့၊ ဒါကြောင့် သွေးလှူမဲ့လူ သွားရှာနေတာ'

'တွေ့လား'

'အင်း'

နှင်းဆီ ဟိုကြည့် ဒီကြည့် လိုက်ရှာပြီး...

'အဲဒီလူက ဘယ်မှာလဲ'

လင်းထွဋ် ကိုယ့်ရင်ဘတ်ကိုယ် ပုတ်၍...

'ငါပဲ'

'ရှင်'

လင်းထွဋ် ရှင်းပြရတော့သည်။

'ဒီလိုကွာ၊ မင်းအတွက် သွေးလိုလိမ့်မယ်လို့ လာပြောတော့ ငါလည်း ထူပူပြီးတော့ အပြင်မှာ သွားရှာတာ၊ နောက်မှ ကိုယ့်ကိုယ်ကိုယ် ဘီသွေးမှန်း သတိရပြီး ဒီကိုပြန်ပြေးလာတာ'

နှင်းဆီ စိတ်မကောင်းသည့်ဟန်လေးဖြင့်...

'ရှင်ကလေ တကယ်ပဲ သိလား'

'အေး... တကယ်ပါပဲ'

နှစ်ယောက်သား ရယ်လိုက်မိကြသည်။

လင်းထွဋ် အမောပြေသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီ တစ်ပွင့်ရဲ့ အလှဆုံးအချိန်ကို မြင်လိုက်ရတာကိုး။

'ဩော်… ဒါနဲ့ မင်း ဗိုက်အောင့်နေသေးလား'

'ဟင့်အင်း'

'ဟာ… ဘာလို့ မအောင့်တော့တာလဲ'

'အို… ဘယ်သိပါ့မလဲ'

ဟုတ်ပ။ ဘယ်သိပါ့မလဲ။ ဒါက ဆရာဝန်တွေရဲ့ အလုပ်ပဲဟာ။

'ငါမရှိတုန်း ဆရာဝန်ကြီးတွေရော လာကြည့်သေးလား'

'အင်း… လာတယ်'

'ဟုတ်လား၊ ဘာပြောသွားလဲ'

'ဓာတ်မှန်ရိုက်ရမယ်တဲ့'

'ဟ… ဒါဆို သွားရိုက်မယ်လေ'

'အင်း… ရှင်နေခဲ့လေ၊ ကျွန်မဘာသာ ကျွန်မ သွားလိုက်မယ်'

'မဟုတ်တာ၊ ငါလိုက်ခဲ့မှာပေါ့'

'နေခဲ့ပါဆို'

'ဘာဖြစ်လို့လဲ'

'ရှင်ကြည့်ရတာ အရမ်းပင်ပန်းနေတဲ့ပုံ ပေါက်နေလို့'

'အာ… ရပါတယ်'

'ဟင်… မရပါဘူး'

ထိုသို့ ရတယ် မရဘူးပြောကြရင်း နောက်ဆုံးတော့ လင်းထွဋ် အရှုံးပေးလိုက်ရတော့သည်။



'ဒါဆိုလည်း ပြီးရောကွာ၊ မင်းဘာသာ တစ်ယောက်တည်း သွားလို့ တကယ်ဖြစ်တယ်နော်'

'အင်းပါ၊ တကယ်ဖြစ်တယ်၊ ကျွန်မလည်း သက်သာနေပါပြီ'

လင်းထွဋ် လက်ခံလိုက်သည်။ ဓာတ်မှန်ဌာနကလည်း ဆေးရုံအတွင်းမှာရှိတာကတစ်ကြောင်း မိမိကိုယ်၌ကလည်း အမှန်တကယ်ကို အနားယူချင်တာကပါသောကြောင့် ဖြစ်၏။ စိတ်ရော လူရော ပင်ပန်းခဲ့တာ မဟုတ်လား။ နှင်းဆီ သွားမလို့ ဟန်ပြင်နေစဉ်မှာပင် လင်းထွဋ်ကို သေသေချာချာ ကြည့်၍…

'ကိုလင်းထွဋ်'

'ဟေ'

'ရှင့်မျက်နှာက ဘာဖြစ်တာလဲ'

'ဟင်… ဘာဖြစ်လို့လဲ'

'ရောင်နေသလားလို့'

လင်းထွဋ် အိုးတိုးအမ်းတန်းဖြင့်…

'ဟိုလေ ချော်လဲတာပါ အဟီး'

ယုံကြည်ပြီး နှင်းဆီ ထွက်သွားသည်။

လင်းထွဋ် သက်ပြင်းရှည်ရှည် ချမိလိုက်သည်။

နောက်တော့ နှင်းဆီ အိပ်စက်သွားသော ခုတင်ပေါ်မှ နေရာလေးကို လက်ဖြင့်အသာအယာ ပွတ်သပ်မိလိုက်ပါလေတော့သည်။

ဩော်… နှင်းဆီရယ်…။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ… ဟဲ… ဟဲ… ဟဲ'

ဗလာချိုကြီး ရယ်နေသော အညာသားရုပ်နှင့် ကိုယ်စောင့်နတ်ကြီးကို လင်းထွန်း မြင်ပြင်းကတ်လာမိသည်။

'ဟဲ… ဟဲ… ဟဲ… ဟဲ'

ဟောကြည့် ရယ်ပြန်ပြီ။ လင်းထွန်း ပေါက်သွား၏။ ထို့ကြောင့်…

'ဟား… ဟား… ဟား… ဟား'

ရုတ်တရက်ကြီး ထရယ်သော လင်းထွန်းကြောင့် ကိုယ်စောင့်နတ်ကြီး အူတူတူဖြစ်သွားပြီး အရယ်ရပ်သွား၏။

'ဟား… ဟား… ဟား… ဟား'

လင်းထွန်းကတော့ အရယ်မရပ်။

'ဟေ့ကောင် မင်း ဘာရယ်တာလဲ'

'ခင်ဗျားကရော ဘာလို့ရယ်တာလဲ'

'ငါက မင်းကြောင့် ရယ်တာကွ'

'ကျုပ်လည်း ခင်ဗျားကြောင့် ရယ်တာပဲ'

'အာ… ဒီကောင်ကွာ'

'အာ… ဒီနတ်ကွာ'

ကိုယ်စောင့်နတ်ကြီး လင်းထွန်းကို ဘုကြည့်ကြည့်သည်။

လင်းထွန်း အိုက်တင်တစ်ခွဲသားဖြင့် အကြည့်ခံလိုက်သည်။

ကိုယ်စောင့်နတ်ကြီး စိတ်လျှော့လိုက်ဟန်ဖြင့် သက်ပြင်းရှည်ရှည်မှုတ်ထုတ်လိုက်ပြီး…



'နေပါဦး၊ မင်းက ဘာဖြစ်လို့ ကင်းလိပ်ချောကို အခြောက်ကြီးလို့ ပြောရတာလဲ'

'ဘာလဲ မဟုတ်လို့လား'

'ဟုတ်တော့ ဟုတ်ပါတယ်'

'ဟုတ်ရင်လည်း ပြီးရောပေါ့ဗျာ'

'အာ'

ကိုယ်စောင့်နတ်ကြီး ငြိမ်သွားသည်။ လင်းထွန်းကလည်း ခြေလှုပ်လက်လှုပ် ဖြစ်မနေပါ။

ကိုယ်စောင့်နတ်ကြီး တစ်ကိုယ်လုံး ငြိမ်နေပြီးမှ ပါးစပ်လေးသာ လှုပ်၍…

'ဒါဆိုလည်း မင်းကိုငါ နောက်ထပ်မေးခွန်းတစ်ခု မေးရသေးတာပေါ့'

မေးစမ်းပါဆိုသည့် အချိုးမျိုးဖြင့် လင်းထွန်း ခပ်တည်တည်ကြီး မေးဆတ်ပြလိုက်သည်။

လင်းထွန်း၏ အချိုးကို ကြည့်၍ ကိုယ်စောင့်နတ်ကြီး မအီသာရုပ်ဖြင့်…

'ဒီလိုကွာ'

'အင်း… ဘယ်လိုကွာတာလဲ'

'ကျွတ်… အဲဒါ စကားပလ္လင်ခံတာကွ'

'သြော်… သဘောပေါက်သွားပြီ၊ ဆက်ပြော'

ကိုယ်စောင့်နတ်ကြီး သက်ပြင်းချ၍…

www.burmeseclassic.com

www.burmeseclassic.com



'မင်းကိုငါ ရေတစ်ခွက်ပေးမယ်'

'ဟာ… နေနေရတယ်၊ ကျုပ် ရေမဆာဘူး'

ဟုတ်တယ်လေ။ ကိုယ်က လောလောဆယ် အချစ်ပဲဆာနေတဲ့ဟာ။ ကိုယ်စောင့်နတ်ကြီး ခေါင်းကုတ်၍…

'ကျွတ်… မင်းကို တိုက်မလို့မဟုတ်ဘူးကွ၊ အမျိုးအစား ခွဲခြားနိုင်းမလို့'

'ဟာ… ဒါတော့ ခင်ဗျား သက်သက်မဲ့ ယုတ်မာတာပဲ'

'အောင်မာ ငါ ဘာယုတ်မာလို့လဲ'

'ခင်ဗျားပဲ စဉ်းစားကြည့်လေ၊ ကျုပ်တို့လူ့လောကမှာ ရေကို အထီး၊ အမခွဲထားတာ ခင်ဗျား ကြားဖူးလို့လား ဗွန်း'

ကိုယ်စောင့်နတ်ကြီး သူ့နဖူး သူ ပြန်ရိုက်သည်။ ပြီးတော့ သေပြီဆရာဟုလည်း ပြော၏။ ခေတ်မီတဲ့ နတ်ဆိုတော့လည်း ဒီစကားလုံးတွေ သုံးသည်ပေါ့။

'ဒီမှာ ဟေ့ကောင်'

'ပြော'

'မင်းကို ငါက ရေကို အထီး အမ ခွဲခြားနိုင်းစရာလားကွ'

'ဟင်… မဟုတ်ဘူးလား'

ကိုယ်စောင့်နတ်ကြီး ခါးကုန်း၍ ပြန်အော်ပါလေတော့သည်။

'မဟုတ်ဘူးကွ၊ မဟုတ်ဘူး၊ ဗွန်း…'

'ဒါဆို ဘာလုပ်နိုင်းတာလဲ'

ကိုယ်စောင့်နတ်ကြီး မျက်စောင်းလှမ်းထိုး၍…



'ဒီရေက ဘယ်မြို့နယ်က ထွက်တဲ့ရေလဲဆိုတာ ခွဲခြားနိုင်းတာကွ'

'သြော်… ဒီလိုလား'

'အေး… ဒီလိုပဲ'

'ဒါနဲ့ ခင်ဗျားက စကားပြောရင် ဘာလို့ မျက်စောင်းကြီး တထိုးထိုး လုပ်နေရတာတုန်း'

'အာ… ဒီကောင်ကွာ အဲဒါတွေ လျှောက်ပြောမနေစမ်းနဲ့၊ ဖြေမှာသာ မြန်မြန်ဖြေ'

လင်းထွဋ်လည်း ချစ်သူကို တွေ့ချင်လှပြီဖြစ်သောကြောင့် ကိုယ်စောင့်နတ်ကြီးထံမှ ရေခွက်ကို လှမ်းယူပြီး စစ်ဆေးကြည့်လိုက်သည်။

နှာခေါင်းဖြင့် အနံ့ခံကြည့်၏။

လျှာဖြင့် တို့ကြည့်၏။

ပြီးနောက် ဟဲခနဲ တစ်ချက်ရယ်လိုက်၏။

ကိုယ်စောင့်နတ်ကြီး မျက်မှောင်ကြီးကြုတ်ကာ…

'ဟေ့ကောင် မင်း ဘာရယ်တာလဲ'

'ကျုပ်က အဖြေကို သိသွားလို့ ရယ်တာဗျ'

'ဘယ်လို… ဘယ်လို'

'အဖြေလေ၊ အဖြေ၊ အဲဒါ သိသွားပြီ'

ကိုယ်စောင့်နတ်ကြီး မယုံသင်္ကာဟန်ဖြင့်…

'ဒါဆို ဖြေပေါ့ကွ'

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စောင့်နတ်ကြီး ရှုံ့းခနဲ သက်ပြင်းမှုတ်၍ လင်းထွဋ်ကို တစေ့ကြီး ကြည့်သည်။

လင်းထွဋ် ပခုံးကို ဟန်ပါပါတွန့်၍…

'အင်း… အင်းကွာ၊ ထားပါတော့'

'ဒါဆိုလည်း ကျုပ်ချစ်သူ ဘယ်မှာရှိတယ်ဆိုတာ ပြောတော့ လေဗျာ'

'အရမ်းသိချင်နေပြီပေါ့'

'အဟီး… ဟုတ်…'

ကိုယ်စောင့်နတ်ကြီး သက်ပြင်းတချချဖြင့်…

'မင်းတို့လူတွေက အဲဒါတွေ ခက်တာပေါ့ကွ'

'ဘာတွေလာပြောနေတာလဲဗျ'

'အမှန်တော့ ချစ်သူဆိုတာ ရှာစရာမလိုဘူးကွ'

'ဟင်… ဘယ်လို…'

'အချိန်တန်ရင် ကိုယ့်အနားကို အလိုအလျောက် ရောက်လာ လိမ့်မယ်'



'ဗျာ'

လင်းထွဋ် ကြောင်အမ်းအမ်းဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

‘ဒီမှာ… ဒီမှာ’

‘အို… ဘယ်လိုလူမှာလဲ၊ အိပ်နေလိုက်တာ ကုလားသေကုလားမော’

ထိုသို့ ပွစိ ပွစိအသံများက လင်းထွဋ် နားစည်ကို လာရောက်ရိုက်ခတ်ခြင်းကြောင့် မျက်ခွံတွေ လေးလံစွာ ဖွင့်ကြည့်မိသည်။

‘ထ… ထ… ဒီမှာ ဆရာဝန်ကြီးတွေ ရောက်နေတယ်ရှင့်’

‘ဟင်… ဗျာ…’

လင်းထွဋ် ခုတင်ထက်မှ ဝုန်းခနဲ ထထိုင်မိသည်။ အိပ်ချင်စိတ်ကြောင့် လူက အူတူတူဖြစ်နေသော်လည်း အသိတရားထဲတွင် ဆရာဝန်ဆိုသည့် ဝေါဟာရကြောင့် မျက်လုံးကို ကျယ်ကျယ်ချဲ့မိသည်။

နွေးထွေးသောအပြုံးဖြင့် ဆရာဝန်ဖြစ်ပုံရသော ပုဂ္ဂိုလ်ကို ဆေးကျောင်းသူတွေ ခြံရံလျက် တွေ့လိုက်ရ၏။

‘ဘယ်လိုလဲ၊ ဗိုက်အောင့်လို့ဆို’

ဆရာဝန်ကြီး၏ အမေးကြောင့် လင်းထွဋ် ယောင်ကမ်းကတမ်းဖြင့် ပြန်ဖြေဖြစ်၏။

‘ခင်ဗျာ… ဟုတ်ကဲ့’

‘အခုရော ဘယ်လိုနေသေးလဲ’

‘သြော်… သက်သာပါတယ်’

ဟုတ်တယ်လေ။ နှင်းဆီက သက်သာလို့ပဲ ကိုယ့်ဘာသာကိုယ်တောင် ဓာတ်မှန်သွားရိုက်နေတဲ့ဟာ…

‘သြော်… ဟုတ်လား၊ ခဏလောက် ပြန်လှဲလိုက်နော်’

‘ခင်ဗျာ’

ဆေးကျောင်းသူတစ်ယောက်က ဝင်၍…

‘ရှင့်ကို ခုတင်ပေါ်မှာ ပြန်လှဲခိုင်းနေတာ’

‘ခင်ဗျာ ဟုတ်ကဲ့’

လင်းထွဋ် အူတူတူဖြင့် လှဲချလိုက်သည်။

ဆရာဝန်ကြီး နားကြပ်ဖြင့် လင်းထွဋ်ကို ဟိုစမ်း ဒီစမ်းလိုက်စမ်းသည်။ ထိုစဉ် အစမ်းသပ်ခံရင်း လင်းထွဋ် စိတ်ထဲတွင် တစ်ခုခု မှားနေပြီမှန်း ရိပ်မိလာ၏။ ဘာမှားနေသနည်း။

ဆရာဝန်ကြီးကတော့ မျက်မှောင်ကြီး ကြုတ်၍ စမ်းကောင်းတုန်း။ လင်းထွဋ် ဘာမှားနေမှန်းကို သိမြင်သွားသည်။

မှားနေတာက လူ။ မိမိနှင့် နှင်းဆီကို မှားပြီး စမ်းသပ်နေတာ။ လင်းထွဋ် ဘာလုပ်၍ ဘာကိုင်ရမှန်း မသိ ဖြစ်သွားသည်။

ယခုနေ လူမှားနေကြောင်း ပြောလိုက်လျှင် ဆေးကျောင်းသူတွေကြားထဲတွင် ဆရာဝန်ကြီး တော်တော်အရှက်ရသွားပေမည်။ အားနာစရာကောင်းလှသည်။ မပြောပြန်လျှင်လည်း အခြေအနေက မကောင်း။

www.burmeseclassic.com

www.burmeseclassic.com



လူတွေပြောပြောနေကြသည့် ဒုက္ခရောက်သည့် အချိန်သည် ဒီလိုအချိန်မျိုးကို ဆိုလိုမှန်း လင်းထွန်း အတိအကျကို နားလည်သွားမိ၏။

ကိုယ်ကလည်း ဆတ်ဆော့ပြီး ခုတင်ပေါ်သွားတက်အိပ်မိတာ ကိုး။ ဒီတော့ မှားတော့ရောပေါ့။

ဆရာဝန်ကြီး နဖူးကျောကြီး ရှုံ့၍ လင်းထွန်း ဗိုက်ကို ပက် ပတ်စတ်စတ် စမ်းသည်။ ဘယ်လောက်ထိများလဲဆိုရင် နဖူးမှ ချွေး များ ပြန်လာအောင်အထိကို စမ်းသပ်၏။

ယခုရောက်နေသော ဒုက္ခက ဘယ်လိုကြီးမှန်း မသိခြင်း ကြောင့် ရင်ထဲတွင် မအီမသာကြီး ဖြစ်နေပြီး ငိုပင်ငိုချင်လာမိ၏။

နားကြပ်ဖြင့် တစ်ခါထောက်လိုက်တိုင်း ရင်ထဲတွင် အေးခဲ အေးခဲ။

ထိုသို့ ဆရာဝန်ကြီးက သဲကြီးမဲကြီးထောက်။ လင်းထွန်းက လည်း သဲကြီးမဲကြီး ငိုချင်နေသည့်အချိန်တွင် ကယ်တင်ရှင်ကမျက်လုံး လေးဝိုင်းတာ ရောက်လာ၏။

'ဟင်… ရှင်… ရှင်… ဘယ်လိုဖြစ်လို့'

'ဟာ… နှင်းဆီ'

လင်းထွန်း ရက်ရက်စက်စက်ကို ပျော်သွားမိသည်။

'နှင်းဆီ… နှင်းဆီ… ငါ့ကို ကယ်ပါဦးဟာ'

လင်းထွန်း၏ ငိုသံပါ အသံကြီးကြောင့် ဆရာဝန်ကြီး အပါ အဝင် အားလုံး နဝေတိမ်တောင်တွေ ဖြစ်ကုန်ကြ၏။ နှင်းဆီက…

'ရှင်… ဘာဖြစ်လို့လဲ'



'အာ… ဘာမှမဖြစ်ပါဘူး'

'ဟင်… ဒါဆို ဘာလို့'

'မင်းနဲ့ငါနဲ့ မှားပြီး စမ်းနေတာကွ၊ လာ… လာ… နေရာချင်း လဲမယ်'

ထိုသို့ပြောပြီး လင်းထွန်း ကပျာကယာဖြင့် လူးလဲထသည်။

နှင်းဆီကတော့ ဘာဖြစ်လို့ ဘာဖြစ်နေမှန်း မသိခြင်းကြောင့် ကြောင်စီစီဖြစ်တုန်း ဆရာဝန်ကြီးက လင်းထွန်းကို ဇဝေဇဝါဖြင့် ကြည့်ပြီး…

'ဟင်… ခင်ဗျားက လူနာမဟုတ်ဘူးလား'

'ခင်ဗျာ မဟုတ်ပါဘူး'

'ဟာ… ဒါဆို ဘယ်သူက လူနာလဲ'

နှင်းဆီကို လက်ညှိုးထိုးပြလိုက်ပြီး…

'သူ'

'ဟော'

အခြေအနေ အားလုံး နားလည်သွားသောအခါ အားလုံး ရယ် ရမလို ငိုရမလိုတွေ ဖြစ်ကုန်၏။ ဒါပေမဲ့ လူကြီးတွေပီပီ ရယ်လိုက် ကြပါသည်။ (မှတ်ချက် လူကြီးမဖြစ်တဖြစ် ဆေးကျောင်းသူများ ကတော့ 'မခို့တရို့ ရယ်၏)

နောက်တော့ နှင်းဆီ ခုတင်ပေါ် တက်လှဲသည်။

ဆရာဝန်ကြီး စမ်းသပ်သည်။ နားကြပ်ဖြင့် ဗိုက်ကိုစမ်းသပ်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းကို ဆိုလိုပါသည်။ စမ်းပြီးနောက် ခေါင်းတရမ်းရမ်းလုပ်၏။

နှင်းဆီ၏ ဓာတ်မှန်ကိုလည်း ကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်၏။

ဆေးကျောင်းသူများဘက်သို့ လှည့်၍ မြန်မာလိုရော အင်္ဂလိပ်လိုတွေပါရောပြီး ပြော၏။ အကုန်လုံး ကြားနေရသော်လည်း လင်းထွန်း အနည်းငယ်သာ နားလည်ပါသည်။ (မြန်မာလို ပြောသော စကားလုံးတွေကို နားလည်သည်ဟု ဆိုလိုသည်)။

ဆေးကျောင်းသူများကို တပြုံးပြုံးဖြင့်ပြောပြီးနောက် ဆရာဝန်ကြီး နှင်းဆီဘက်လှည့်၍…

'သမီး အခြေအနေက ကောင်းနေပါတယ်'

'ရှင်… ဟုတ်လား ဆရာ'

'အင်း… အခန့်မသင့်လို့ သာမန်လေထပြီး မိုက်အောင့်တာမျိုးပါ၊ ဘာပြဿနာမှ မရှိပါဘူး'

'ရှင်'

'ခင်ဗျာ'

နှင်းဆီ အံ့အားသင့်သွားသလို လင်းထွန်း ပက်လက်လန်သွားပါတော့သည်။

ဆေးရုံအပြင်ဘက်သို့ ပြန်ရောက်တော့ နှစ်ယောက်သား အူကြောင်ကြောင်တွေ ဖြစ်နေကြ၏။ ပြောရရင် အခုမှ အသစ်တဖန် ပြန်ပြီး အမွေးဖွားခံလိုက်ရသလို ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ယောင်ချာချာတွေ ဖြစ်နေကြသည်။



'ကျွန်မတို့ ဘယ်ကိုသွားကြမလဲဟင် ကိုလင်းထွန်း'

'ဟင်… ငါတို့'

နှင်းဆီ၏ အားကိုးတကြီး မေးခွန်းကို လင်းထွန်း ပြန်ဖြေရန် အဖြေရှာမရ ဖြစ်နေမိသည်။

'မင်း… မင်း… ငါနဲ့ပဲ လိုက်ခဲ့မှာလား'

နှင်းဆီ လင်းထွန်း မျက်နှာကို ဖျတ်ခနဲ တစ်ချက်ကြည့်၍ ခေါင်းငုံ့ပြီး လေသံတိမ်တိမ်လေးဖြင့်…

'ကျွန်မမှာ ဘယ်ကိုမှ သွားစရာမှ မရှိတာ'

'ငါ နားလည်ပါတယ်ကွာ၊ မင်း ငါ့ကို ယုံတယ်မဟုတ်လား'

နှင်းဆီ ခေါင်းညိတ်ပြသည်။

လင်းထွန်း ပြုံးမိသည်။

'ဒါဆို လာလေ၊ ဟိုဘက်နားက ကားသွားစီးရမှာ'

'အင်း'

ဒီလိုနှင့် လင်းထွန်းတို့ ကားမှတ်တိုင်သို့ ရောက်လာကြသည်။

ကားမှတ်တိုင်ဆိုရာ၌ မှတ်တိုင်ပျောက်၍ ရန်ကုန်မြို့ စည်ကားသော နေရာများ၌ ဖြစ်လေ့ဖြစ်ထရှိသည့် ထုံးစံအတိုင်း လမ်းဘေးဈေးသည်များဖြင့် ပြည့်နေ၏။

နှင်းဆီအဖို့ ထိုသို့သော မြင်ကွင်းမျိုးသည် အသစ်အဆန်းဖြစ်နေသောကြောင့် ထူးဆန်းလှပနေ၏။

'ကိုလင်းထွန်း'

'ဟင်'

'ကျွန်မ ဟိုဟာလေးတွေ သွားကြည့်ချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတောက်တောက်လေးဖြင့် နှင်းဆီ ပြောသော ဟိုဟာလေးတွေဆိုသည်မှာ ဖန်စီပစ္စည်းများ ခင်းကျင်းပြသထားသော လမ်းဘေးဈေးသည်ရှိသည့် နေရာကို ပြောတာပါ။

စိတ်မပါပေမယ့် လင်းထွဋ် နားလည်ပေးလိုက်သည်။

'အင်း… ကြည့်ချင် သွားကြည့်လေ'

နှင်းဆီ ခုန်ဆွ ခုန်ဆွ ဖြစ်သွား၏။

'တကယ်… ဟေး'

ပျော်ရွှင်မှုကို ဟန်မဆောင်တတ်သော နှင်းဆီ ဟန်ပန်ကို ကြည့်ပြီး လင်းထွဋ်ပါ တော်တော်ပျော်သွား၏။

နေခြစ်ခြစ်တောက် ပူနေသော နေ့လည်ခင်းသည် ချက်ချင်းကို အေးမြသွား၏။ စောင့်ကြောင့်ထိုင်၍ ဟိုနားကပ်လေးကောက်ကိုင်လိုက်၊ ဒီနားဆွဲလေး ကောက်ကြည့်လိုက် လုပ်၍ ပါးစပ်မှ လှတယ်တော့… လှတယ်တော့ လုပ်နေသော နှင်းဆီ ပုံစံမှာ ယခုမှ ဖူးပွင့်လာသော နှင်းဆီပန်းလေးပမာပါ။

လင်းထွဋ်လည်း နှင်းဆီနည်းတူ ဟိုဟာကိုင်ကြည့် ဒီဟာကိုင်ကြည့် လုပ်သည်။ ပြီးတော့ နှင်းဆီအလိုကို အစွမ်းကုန်လိုက်လျောပေးလိုက်သည်။

'ကိုလင်းထွဋ်'

'ဟင်'

'ဒီနားဆွဲလေး အရမ်းလှတာပဲနော်'

'အင်း… နှင်းဆီ ကြိုက်ရင် ယူလေ'

'ဟယ်… တကယ်'



'အင်း'

နှင်းဆီ မျက်နှာမှာ အပြုံးတွေ ရေရေလည်လည် ဝေကုန်၏။

လင်းထွဋ်ကလည်း ကိုအပြုံးတွေကို ထပ်မံဖော်ဆောင်ပေးလိုက်၏။

'ဒါတင်မဟုတ်ဘူးနော်၊ နောက် နှင်းဆီသဘောကျတာရှိရင် ယူဦး'

ဆိုဖွယ်ရာပင် မရှိတော့။

လင်းထွဋ်ကို ဒါမှ ဒို့မောင်ကြီးတော့ဟု ထမအော်ရုံတမယ်ပင်။

လင်းထွဋ် ပြုံးပြုံးကြီး ဂုဏ်ယူနေလိုက်သည်။ လက်ထဲမှာက ပိုက်ဆံကျန်နေသေးတယ်လေ။ ဒီတော့ အားလုံး အိုကေပေါ့။ ရှင်မ ဝယ်ချင်တာဝယ်။ မောင်ကြီး ရှင်းမယ်ပေါ့။ ဟင်… ဟင်း။

နှင်းဆီကလည်း လင်းထွဋ်ထံမှ ခွင့်ပြုချက်ရသောအခါ ငိုချင်ရက် လက်တို့ဖြစ်နေသူဖြစ်သည့်အတိုင်း အားကြိုးမာန်တက်ကို ရွေးပါလေတော့သည်။

ထိုသို့ ဖန်စီပစ္စည်းပုံကြီးထဲတွင် နှင်းဆီ ခေါင်းတိုးဝင်နေစဉ် အခြေအနေ ရုတ်တရက် ပြောင်းလဲသွားပြီး ရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်၏။

လမ်းဘေးဈေးသည်တွေကို စည်ပင်ရဲက ရှောင်တခင် ဝင်ဖမ်းတာပါ။ ဒါကြောင့် ဈေးသည်တွေအားလုံး ရှောင်ကြတိမ်းကြ သယ်ကြ ပိုးကြ ပြေးကြလွှားကြတွေ ဖြစ်ကုန်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မျက်စိထဲမြင်အောင် ဥပမာပေးရလျှင် ကုလားသိုက်ကို ကျား ဝင်ကိုက်နေသည်ပေါ့။

ဒါကို တစ်ခါမှ ကြုံလည်းမကြုံဖူး တွေ့လည်းမတွေ့ဖူး သောကြောင့် နှင်းဆီ လင်းထွဋ်ကို မျက်လုံးလေးဝိုင်းကာ အတင်းကာရော မေးပါလေတော့သည်။ လန့်လည်း လန့်နေ၏။

'ကို... ကိုလင်းထွဋ် ဘာ... ဘာဖြစ်တာလဲဟင်'

'လိုက်ဖမ်းနေတာ'

'ဟင်... ဘယ်... ဘယ်သူ့ကိုလဲ'

'ဪ... ဈေးသည်တွေကိုပါ'

နှင်းဆီ နားလည်သေးပုံမရပါ။

နှင်းဆီ ဝင်ရွေးနေသော ဖန်စီပစ္စည်းသယ်ကလည်း သူ့ပစ္စည်းတွေကို ဝှန်းဒိုင်းသိမ်းကာ ပြေးချေပြီ။ မြန့်လိုက်သည့်ဖြစ်ခြင်း အတွေ့အကြုံ တော်တော်ရှိပုံရ၏။ နှင်းဆီလည်း ပို၍လန့်သွား၏။

'ဈေး... ဈေးသည်တွေကို ဘာဖြစ်လို့ ဖမ်းတာလဲဟင်'

လင်းထွဋ် နည်းနည်းတော့ စိတ်မရှည်ချင်တော့။

'ဟင်း... ဈေးရောင်းလို့'

'ရှင်'

နှင်းဆီ မျက်လုံးတော်တော်လေးကို ဝိုင်းသွား၏။ ဈေးသည်ကို ဈေးရောင်းလို့ ဖမ်းတာဆိုတော့ သူ့ခမျာလည်း ဝိုင်းလည်း ဝိုင်းချင်စရာပေါ့။

'ကဲပါလာ၊ ငါ နောက်မှ မင်းကို ရှင်းပြမယ်၊ ခုတော့ သွားကြမယ်'



နှင်းဆီ ယောင်တောင်တောင်ဖြင့် လင်းထွဋ်နောက်မှ လိုက်လာသည်။ ထိုစဉ် လူတစ်ယောက် ပြေးကာလွှားကာဖြင့် လင်းထွဋ်ကို ဝင်တိုက်သည်။ ထိုလူတိုက်လိုက်သည့် အရှိန်ကြောင့် လင်းထွဋ်လည်း နှင်းဆီကို ဝင်တိုက်မိ၏။

'ဟာ'

'အင့်'

'ဘုတ်'

အဖြစ်အပျက်က တော်တော့်ကို မြန်ပါသည်။

ထိုသို့အမှတ်မထင် ဖြစ်ရပ်ကြောင့် နှင်းဆီ လက်ထဲမှ ခရီးဆောင်အိတ် လမ်းမပေါ်သို့ လွတ်ကျသွားပြီး ထိုကျသွားသော အိတ်ကို လူတစ်ယောက်က ကောက်ယူ၍ ထွက်ပြေးသွားသည်။

'ဟင်'

'ဟာ'

နှစ်ယောက်သား ကြောင်အမ်းအမ်းဖြစ်နေကြသေးသည်။

နောက်မှ နှင်းဆီက ဦးဆုံး သတိဝင်လာပြီး...

'ကိုလင်းထွဋ်၊ ကိုလင်းထွဋ် ကျွန်မ အိတ်ပါသွားပြီ၊ လုပ်ပါဦး'

'ဟော... အေး... အေး'

ထိုအခါကျမှ လင်းထွဋ် သတိဝင်လာပြီး...

'နှင်းဆီ မင်း ဒီမှာပဲ စောင့်နေနော်၊ ငါ လိုက်မယ်'

'ဟုတ်... ဟုတ်'

ဒီလိုနဲ့ လင်းထွဋ် အားကုန်ပြေးကာ ထိုအလစ်သမားနောက်

www.burmeseclassic.com

www.burmeseclassic.com



သို့ လိုက်ပါတော့သည်။ အချိန်အနည်းငယ် ကြန့်ကြာသွားခြင်းကြောင့် ထိုလူမှာ တော်တော်ဝေးဝေးကိုတောင် ရောက်နေပြီဖြစ်၏။

ဒီကြားထဲ အဖမ်းအဆီးကြောင့် ပြေးလွှားနေသော လူများကြောင့် လိုက်ရသည်မှာ ပို၍အဟန့်အတား ဖြစ်စေသည်။

လင်းထွဋ် ဘယ်လောက်ပဲ ကြိုးစား၍ လိုက်သော်လည်း မမီတော့။ ကြံ့ခိုင်သည့် ယောက်ျားသားပင်ဖြစ်သော်လည်း ညက အိပ်ရေးပျက်ထားသည့် ဒဏ်၊ တစ်မနက်လုံး အကြော်မှလွဲ၍ ဘာမှ မစားရသေးသည့်ဒဏ်တို့ကြောင့်လည်း လူမှာ ထင်သလောက် မပြေးနိုင်ချေ။

ထိုအလစ်သမားကတော့ လူအုပ်ကြားထဲတွင် ပျောက်ကွယ်သွားပြီဖြစ်သည်။

လင်းထွဋ်မှာသာ ဟောဟဲ ဟောဟဲ ဖြစ်ကျန်ခဲ့သည်။

'တောက်… တော်တော်မြန်တဲ့ကောင်ကွာ'

တစ်ဖက်မှာလည်း နှင်းဆီကို တစ်ယောက်တည်း ထားခဲ့ရသဖြင့် နားပင်မနားနိုင်ဘဲ ပြန်လစ်ရတော့သည်။

လင်းထွဋ် ပြန်ရောက်တော့ နှင်းဆီက မျက်လုံးလေး အဝိုင်းသားဖြင့်…

'ကိုလင်းထွဋ် ဘယ်လိုလဲဟင် ပြန်ရလား'

လင်းထွဋ် စိတ်မကောင်းသည့်ရုပ်ဖြင့်…

'ဟေ့အေး… မမီလိုက်ဘူး'

နှင်းဆီ မျက်နှာ ပြုံတော့မည့်မိုးနှယ် ဖြစ်သွားသည်။

'ရှင်ကလည်း'



'ငါလည်း လိုက်တာပဲကွာ'

'ကျွတ်… အခု ဘယ်လိုလုပ်ကြမလဲ'

လင်းထွဋ် ဘာမှပြန်မပြောဖြစ်။

စိတ်ပျက်လက်ပျက် လေသံဖြင့်…

'အားကိုးမိကာမှပဲဟင်း'

လင်းထွဋ် ဆတ်ခနဲဖြစ်သွားသည်။

'တကယ့်ကို အားကိုးမရတဲ့ သူပဲ၊ အခုတော့ ဟင်း'

လင်းထွဋ် ရင်ထဲတွင် ဒေါသထောင်းခနဲထသွားသည်။

'ဟေ့… ဟေ့… မင်း ဒီလိုတော့ မပြောနဲ့လေကွာ'

'အို… ပြောမှာပဲ၊ အခု ကျွန်မအိပ်ဆုံးပြီလေ ဟွန်း'

'အဲဒါ ငါ့အဖြစ်ကြောင့် မဟုတ်ဘူးကွ၊ မင်းဘာသာပေါ့လျော့လို့ ဖြစ်တာ'

'ရှင် အသုံးမကျရင် အသုံးမကျဘူး ပြောစမ်းပါ'

'ဟာကွာ တောက်'

သူ့ကိုလည်း ကူညီရသေး။ လူကိုလည်း စော်ကားသေးနဲ့ ဟင်း။ တစ်မနက်လုံး ရှိနေသော ရှုပ်ထွေးမှုများသည် အုံနဲ့ကျင်းနဲ့ ကို ပေါက်ကွဲထွက်ကုန်ပါတော့၏။ တော်တော့်ကို တရားလွန်သွားပြီ လေ။

'အေး… ဟုတ်ပါပြီ၊ ငါက မင်းပြောသလို အသုံးမကျဘူး ထားလိုက်ပါတော့၊ ဒီအသုံးမကျတဲ့ကောင်နဲ့ လာပြီးပတ်သက်တာက ဘယ်သူလဲ ဟင်း'

လင်းထွဋ်၏ လေသံရော မျက်နှာထားပါ နှစ်ခုစလုံး မာသွား

www.burmeseclassic.com

www.burmeseclassic.com



ခြင်းကြောင့် နှင်းဆီ ကြောင်အမ်းအမ်းဖြစ်သွားပြီး မော့ကြည့်သည်။

လင်းထွဋ်လည်း ပြောလက်စနဲ့ မထူးတော့ပြီမို့ ဒေါသ အလျောက် ဆက်ပြောပါတော့သည်။

'ငါ့မှာလေ မင်းနဲ့ပတ်သက်မှပဲ ရဲစခန်းရောက်လိုရောက်၊ ဆေးရုံရောက်လိုရောက်၊ မကောင်းတဲ့အိမ်ရောက်လိုရောက်နဲ့၊ ဘာ ကောင်ကိုဖြစ်နေမှန်းမသိဘူး၊ ဒီလိုရောက်ခဲ့ရတဲ့ ဒုက္ခတွေအတွက် ဘာလဲ မင်းက ကျေးဇူးပြန်ဆပ်တာပေါ့လေ၊ ဟုတ်လား၊ ဟား… ဟား… ဟုတ်လိုက်လေကွာ'

လင်းထွဋ် နာကျင်ခံခက်စွာဖြင့် အဝေးသို့ ငေးနေမိလိုက် သည်။ နှင်းဆီကတော့ ဘာမှပြန်လှန်ပြောဆိုခြင်း မပြုတော့ဘဲ ခေါင်း ငုံ့၍ ငြိမ်သက်သွားသည်။

လင်းထွဋ် ခြောက်ကပ်ကပ်ရယ်၍…

'ကဲ… ပြောပါဦးကွ၊ မင်းဆီက ကျေးဇူးဆပ်တဲ့ စကားလေး တွေ၊ ငါ ထပ်ကြားချင်လို့ပါ၊ ပြောပါ၊ ဟင်း… ဟင်း'

နှင်းဆီ ခေါင်းငုံ့မြဲ ခေါင်းငုံ့ဆဲ။

လင်းထွဋ် တောက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်မိသည်။ ဘာမှထပ်မပြောဖြစ်။ ပြောချင်သည့်စိတ်လည်း ရှိကိုမရှိ တော့။ စိတ်ထဲမှာ တင်းကျပ်၍ ဒေါသထွက်ခြင်းထက် ပြောရက် လေခြင်းဆိုသည့် ယူကြုံးမရဖြစ်သည့် စိတ်က ပိုနေသည်။ လင်းထွဋ် ၏ ဘဝတွင် ထိုသို့သော စိတ်ခံစားမှုသည် ပထမဆုံး အကြိမ်ပင် ဖြစ်၏။

မိမိ နှင်းဆီအပေါ် ဘယ်လောက်ထိ စိုးရိမ်ခဲ့ရသည်။ စိတ်ပူ



ခဲ့ရသည်။ သံယောဇဉ်ရှိခဲ့ရသည်ကို ကိုယ့်ကိုယ်ကိုယ်သာ အသိဆုံး ပါ။ ခုတော့… ခုတော့… ပြောရက်လိုက်တာ နှင်းဆီရယ်။

ဝမ်းနည်းခြင်းတရားက ရင်ဝယ် ပြုံဆင်းလာသည်။

နှလုံးသားသည် မခံစားဖူးသော ခံစားချက်ကြောင့် ခံနိုင်ရည် မရှိဘဲ နွမ်းလျသွား၏။ ကလေးငယ်တစ်ယောက် ချော်လဲရာတွင် မိဘရဲ့ ကြင်နာမှုကိုမရဘဲ ထပ်၍ အရိုက်ခံရသလို နာကျင်တာထက် ဝမ်းနည်းတာက ပိုနေ၏။ (ထိုသို့သော ခံစားမှုနှင့် တူညီသည်ဟု ဆိုလိုသည်။)

ဒါပေမဲ့ ဘယ်လောက်ပဲ နာကျင်နေပါစေ။ သူမကို စိတ်မနာ ရက်။ ပစ်ပယ်သွားဖို့လည်း မစဉ်းစားမိ။ ဝမ်းနည်းခြင်းတစ်ခုတည်း သက်သက်သာ စိတ်ဝယ်ဖြစ်ထွန်းနေသည်။

လင်းထွဋ် တွေးနေငေးနေရာမှ နှင်းဆီကို မျက်လုံးချွေကြည့် မိသည်။ နှင်းဆီ ခေါင်းငုံ့နေသည်။

ပခုံးနှစ်ဖက် တစ်ချက်တစ်ချက် သိမ့်ခနဲဖြစ်ဖြစ်သွား၏။

လင်းထွဋ် တွေခနဲ ဖြစ်သွားမိသည်။ စိတ်ထဲတွင် မသက်သာ ဖြစ်လာမိ၏။ နှင်းဆီ ငိုနေတာများလား။

သံသယသည် တစ်စတစ်စနှင့် ကြီးထွားလာသည်။

'နှင်းဆီ'

ခေါ်မကြား အော်မကြားပါ။

'နှင်းဆီ ဘာဖြစ်နေတာလဲ'

ပခုံးလေးနှစ်ဖက် ပို၍ သိမ့်ခနဲဖြစ်သွား၏။

လင်းထွဋ် ရင်ထဲတွင် ထိတ်ခနဲပင် ဖြစ်မိသွား၏။

www.burmeseclassic.com

www.burmeseclassic.com



'နှင်းဆီ ဘာဖြစ်နေတာလဲ'

လင်းထွဋ် မနေနိုင်တော့။ ထို့ကြောင့် နှင်းဆီ၏ မေးဖျားလေးကို အသာအယာဆွဲကာ ခေါင်းမော့စေလိုက်သည်။

ဆင်ထားသည့်အတိုင်းပင် မျက်ရည်များဖြင့် ပြည့်လျှံနေသော မျက်ဝန်းလေးတစ်စုံကို ရင်ဆိုင်တွေ့လိုက်ရသည်။

'နှင်းဆီရယ်'

'ကျွန်မ ဟင့်… ကျွန်မ တောင်းပန်ပါတယ် ကိုလင်းထွဋ်ရယ် အင့်…'

ငိုရှိုက်ပြီး ပြောလာသော နှင်းဆီကို ကြည့်ပြီး လင်းထွဋ် ရင်ထဲတွင် နင့်ခနဲပင် ဖြစ်သွားမိသည်။

'ကျွန်မ… ကျွန်မ တကယ်ကို တောင်းပန်ပါတယ်'

လက်အုပ်လေးပါချီပြီး ပြောလာသော နှင်းဆီကြောင့် လင်းထွဋ် လုံးဝကိုပင် ပြိုဆင်းသွားလေတော့သည်။

နှင်းဆီ၏ လက်ကလေးကို အသာဆုပ်ကိုင်၍…

'နှင်းဆီရယ် မလိုပါဘူး၊ မလိုပါဘူး ဟာ'

'ကျွန်မ… ကျွန်မ အရမ်းကို မှားသွားတယ်၊ ကျွန်မမှာလည်း ပိုင်ဆိုင်တာဆိုလို့ ဒီအိတ်လေးပဲ ရှိတာဆိုတော့ အရမ်းနှမြောသွားမိလို့ပါ ဟင့်'

လင်းထွဋ် ခေါင်းကို ကပျာကယာညိတ်၍…

'အင်းပါ အင်းပါ ငါနားလည်ပါတယ်၊ ငါနားလည်ပါတယ်ကွာ'

ဟန်ဆောင်မှု၊ တင်းမာမှုတွေ အကုန်လုံးပျောက်ရှကုန်၍ နား



လည်မှု၊ ကိုယ်ချင်းစာမှု၊ ပေးဆပ်မှုတို့သာ ကျန်ရစ်တော့သည်။

ကမ္ဘာလောကကြီး၏ ကောင်းချီးပေးမှုနှင့်အတူ လင်းထွဋ် နှင်းဆီကို ရင်ခွင်ထဲ ဆွဲသွင်းကာ နှစ်သိမ့်လိုက်မိသည်။

ကြိုတင်ကြံစည်ထားမှု လုံးဝမပါပါ။

ရင်တွင်းမှ လှုပ်တပြက် တောင်းဆိုမှုကို မလွန်ဆန်နိုင်သောကြောင့်သာဖြစ်ပါသည်။

(စာရေးသူ၏ မှတ်ချက်- အချစ်ဆိုသော အရာသည် လုံးဝကြိုတင်ဖန်တီးယူ၍ မရသော အရာဟု ကျွန်တော် ဆိုလိုချင်ပါသည်။ ထို့အတူ ဘယ်လိုအချိန်အခါမျိုးမှာ အချစ်ဆိုတာ ဖြစ်ပေါ်တတ်သနည်းဟု သိဝရိမပေါ်သေးပါ။ သူဖြစ်ချင်သည့် အချိန်တွင် ဖြစ်သည်။ သူရောက်ချင်သည့် အချိန်တွင် ရောက်နိုင်သည်။

ဥပမာ လူတစ်ယောက်က တခြားဆန့်ကျင်ဘက်တစ်ယောက်ကို ချစ်မိသွားပြီဟု ဆိုကြပါစို့။ သူ ဘယ်အချိန် ဘယ်အခါ ချစ်မိသွားတာလဲဟု တစ်စုံတစ်ယောက်က မေးလာလျှင် ပြန်ဖြေဖို့ တော်တော်ခက်ပါသည်။ ဖြေလို့ရခဲ့လျှင်လည်း မှားဖို့ ရာခိုင်နှုန်းက ပို၍များပါ၏။ ကျွန်တော့်အတွေ့အကြုံအရ ပြောရသော် သင့်ချစ်သူက သင့်ကို သူ့အား ဘယ်တုန်းက စချစ်ခဲ့သလဲဟု မေးလာလျှင် သင် သိပ်စဉ်းစားမနေပါနဲ့။ ပြဿနာ ဖြစ်နိုင်သည်။ သင် အမြန်ဆုံးပေးရမည့် အဖြေသည် စတွေ့ကတည်းက ချစ်တာပါဟူသော အဖြေသာဖြစ်သည်။) ဒီလို ဖြေလျှင် အခြေအနေကောင်းနိုင်ပါသည်။

အရွယ်ရောက်သူတိုင်း ချစ်သူကို ချစ်ဖူးပေလိမ့်မည်။ ချစ်နေသော အချိန်ကာလသည် တော်တော်ပျော်စရာကောင်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ အကြောင်းအရာအမျိုးမျိုးကြောင့် ကွဲကွာသွားရင်တော့ တစ်မျိုးပေါ့။

ထားပါလေ။ ချစ်နေတဲ့ အချိန်သည် ပျော်စရာကောင်းသည် ဟုဆိုလျှင် ယခု လင်းထွဋ်နှင့် နှင်းဆီ တစ်ယောက်ကိုတစ်ယောက် ဖွင့်လင်းစွာ ဖွင့်မပြောဖြစ်သော်လည်း ခံစားမှုကတော့ ဖလှယ်ပြီးသွားပါပြီ။ ထို့ကြောင့် သူတို့ ပျော်နေကြသည်။

ရှေ့ဆက်ပြီး သူတို့ရဲ့ ပျော်ရွှင်နေတဲ့ ဘဝထဲကို လေညင်းပဲ တိုက်ခတ်မလား မုန်တိုင်းပဲ တိုက်မလားဆိုတာကို ကျွန်တော်တို့ ဆက်လက်စောင့်ကြည့်ကြပါစို့။

## အခန်း(၁၂)

'နှင်းဆီ ငါမှားသွားတယ်ကွာ'

'ကျွန်မ မှားသွားတာပါ'

'ငါမှားသွားတာ'

'ကျွန်မ မှားသွားတာ'

'ဟာ… ဒီကောင်မလေး'

'ဘာလဲ ဘာဖြစ်လဲ'

ထိုသို့ ပေတီပေကပ် ရုပ်ကလေးဖြင့် ပြောလာသဖြင့် လင်းထွဋ် ရင်ထဲတွင် ကလိကလိဖြစ်သွားမိသည်။ ထို့ကြောင့် မျက်လုံးပြူးပြလိုက်သည်။

'အာ… ဘာလို့မျက်လုံးကြီးက ပြူးလာတာလဲ'

'ဘာဖြစ်လဲ ပြူးတော့'

'သရဲကြီးနဲ့တူတယ် ခစ်'

'ဟာ… ငါ့ကို'

လင်းထွဋ် နှင်းဆီ ခေါင်းကို ခပ်ဖွဖွလေး ထုပစ်လိုက်သည်။

နှင်းဆီ လျှာလေးတစ်လစ်ထုတ်၍…

www.burmeseclassic.com

www.burmeseclassic.com



‘ကိုလင်းထွဋ်’

‘ဟေ’

‘ကျွန်မ ဗိုက်ဆာပြီ’

‘ဒါဆို’

‘ဘာလဲ မကျွေးဘူးလား’

‘သွားစားကြမယ်လို့ ပြောမလို့ကွ’

‘ခစ်… ခစ်’

‘ဟား… ဟား’

ဘယ်သူပြောသလဲ ကမ္ဘာကြီးက ပူနွေးလာပါတယ်လို့။ ကြည့်စမ်း သူတို့နှစ်ယောက်ကျတော့ အေးလို့။

ပွင့်လင်းသော ရာသီဥတုမှာ ယခုမှ ဥခွံထဲမှ ခွဲထွက်လာသော ပျံလွှားငှက်တစ်ကောင်လို နှစ်ယောက်သား လွတ်လပ်ပေါ့ပါးနေကြသည်။ (မှတ်ချက် အထုပ်ကြီးတစ်ကိုင်ကိုင်ဖြစ်နေတော့တာလည်း ပါသည်ပေါ့။)

‘ကိုလင်းထွဋ်’

‘ဟင်’

‘ရှင် ငိုဖူးလား’

‘အင်း’

‘ဟုတ်တယ်၊ ဘယ်တုန်းကလဲဟင်’

‘အင်း… ငါးနှစ်သား မပြည့်ခင်တုန်းကပါ။ ငိုတာမှ ခဏ ခဏပဲ’

‘ဟာ… အဲဒါကို ပြောနေတာ မဟုတ်ဘူး၊ လူကြီးဖြစ်မှ ငိုဖူးလားလို့ မေးနေတာ’



‘ဟင့်အင်း’

‘ဟင်… တစ်ခါမှကို မငိုဘူးပေါ့’

‘အင်း’

‘ကျွန်မကတော့ ခဏ ခဏ ငိုတာပဲ သိလား’

‘ဘာဖြစ်လို့လဲ’

‘ဒီလိုပဲပေါ့၊ စိတ်ညစ်လို့ ဘာညာပေါ့’

‘အဲဒီ စိတ်ညစ်စရာက ငိုလိုက်ရင် ပျောက်သွားရောလား’

‘ဟင့်အင်း… ဒါပေမဲ့ စိတ်ပေါ့သွားတယ်’

‘ဒီတော့’

‘ဟင်း… ဟင်း… စိတ်ပေါ့သွားတော့ စိတ်ညစ်စရာကို ရင်ဆိုင်လို့ ရသွားပြီလေ’

‘ဟား… မင်းနည်းလမ်းက မဆိုးပါလားကွ’

‘ဒါဆို လိုက်လုပ်ကြည့်ပေါ့’

‘အာ… မဟုတ်တာ’

‘ဘာဖြစ်လို့လဲ’

‘ရှက်လို့’

‘ဟင်း… ဟင်း… ထင်သားပဲ၊ အမှန်တော့လေ၊ ကျွန်မတို့ မိန်းကလေးတွေထက် ရှင်တို့ယောကျ်ားလေးတွေက ပိုပြီး ရှက်တတ်ကြတယ်’

လင်းထွဋ် နဝေတိမ်တောင်ဖြစ်သွားမိသည်။

‘ငါကြားဖူးတာက မိန်းကလေးတွေက ပိုပြီးရှက်တတ်တယ် ဆိုလား’

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး၊ ယောက်ျားလေးတွေက ပိုပြီးရက်တတ်တာပါ'

'ကဲ... ပြောပါဦး၊ ဘယ်လိုကြောင့်များလဲ'

'အင်း... ဥပမာ ရှင့်လမ်းဘေးက တုတ်ထိုးဆိုင်မှာ ရှင် ဝင်စားဖူးလား'

လင်းထွဋ် ခေါင်းရမ်းပြမိသည်။

'ဘာလို့ မစားတာလဲ'

'အာ... ဒါ... ဒါက'

'ဘာလဲ၊ ရက်လို့မဟုတ်လား'

'အင်း... အပီး'

'ကျွန်မတို့ကတော့ မရက်ပါဘူး၊ တစ်ခါတည်း အအေ ကို ဝင်စားပစ်လိုက်တာ၊ ပြီးတော့ ဆိုင်တစ်ဆိုင်မှာ ပစ္စည်းဝင်ဝယ် ဈေးတွေဘာတွေ ဆစ်တတ်လား'

'အာ... မဟုတ်တာကွာ'

'အဲဒါပဲလေ၊ ကျွန်မတို့ကတော့ ဆစ်တယ်၊ အင်း... နော ထပ်ရှိပါသေးတယ်'

'ဟာ... ဟော... ဟော... တော်ပြီ၊ တော်ပြီ၊ ရှေ့က ဆိုင် ဝင်စားကြမယ်'

'ခစ်... ခစ်... ဘယ်လိုလဲ၊ ကျွန်မ ပြောတာကို လက် တယ် မဟုတ်လား'

'အေးပါကွာ၊ အေးပါ၊ လက်ခံပါတယ်'

နှင်းဆီ ကျေနပ်သွားပါသည်။



လင်းထွဋ် ကလည်း ဒီကောင်မလေးရဲ့ ကလေးဆန်သော အတွေးအခေါ်လေးကို သဘောကျမိပါသည်။

ဆိုင်ထဲကို ရောက်တော့ လူတွေ ပိုက်ဆံတော်တော်ပေါ်နေသည်ထင့်။ ထိုင်စရာနေရာပင် ရှာမတွေ့။ ထို့ကြောင့် ဟိုကြည့် ဒီကြည့်ဖြင့် နေရာလိုက်ရှာနေစဉ်မှာပင် စားပွဲထိုးလေးတစ်ယောက် ရောက်လာပြီး လင်းထွဋ်တို့ကို ခေါ်ကာ နေရာရှာပေးသည်။ ကိုယ့်ချည်းပဲ သီးသန့်စားပွဲတော့ မဟုတ်ပါ။ လူတစ်ယောက်နှင့်အတူ ပေါင်းထိုင်ရခြင်းပင် ဖြစ်၏။

ပြဿနာတော့ သိပ်မရှိပါ။ ဒါ ရန်ကုန်မြို့ ရောင်းကောင်းတဲ့ ဆိုင်တွေရဲ့ ထုံးစံလေ။

'နှင်းဆီ မင်း ဘာစားမှာလဲ'

'ဒီမှာ ဘာရလဲဟင်'

'အင်း... တရုတ်အစားအစာရော၊ မြန်မာအစားအစာပါ အကုန်ရပါတယ်၊ မှာချင်တာမှာပေါ့'

'ကိုလင်းထွဋ်ကရော'

'အင်း... ငါက ဒီဆိုင်ရောက်တိုင်း ထမင်းပေါင်းပဲ စားနေကျ'

'ဒါဆို ကျွန်မလည်း ဒါပဲစားမယ်လေ'

ဒီလိုနှင့် ထမင်းပေါင်း နှစ်ပွဲမှာလိုက်သည်။

ဆိုင်ထဲမှာတော့ လူကျနေခြင်းကြောင့် ဆူညံပွက်လောရိုက်လျက်...

သိပ်ကြာကြာတော့ မစောင့်လိုက်ရ။ ထမင်းပေါင်းနှစ်ပွဲ အငွေ့

www.burmeseclassic.com

www.burmeseclassic.com



တထောင်းထောင်းဖြင့် ရှေ့သို့ ရောက်လာသည်။

တကယ် ဆာလောင်နေသည့် အချိန်မို့ ဟန်ပင်မဆောင်နိုင်တော့။ အပ်အပြင်ကို စားကြပါလေတော့၏။

ထိုစဉ် တစ်ဝိုင်းထဲတွင် ထိုင်နေသူက သူစားသောက်ထားတာကို ပိုက်ဆံရှင်းပြီး ပြန်ဟန်ပြင်၏။

နှင်းဆီက အသံခပ်တိုးတိုး အရေးတကြီးလေသံဖြင့်…

'ကိုလင်းထွဋ်… ကိုလင်းထွဋ်'

'ဟေ… ဟေ'

'ဟိုမှာ ဟိုမှာ ဟိုလူဆွဲထားတာ ကျွန်မ အိတ်၊ ကျွန်မအိတ်'

'ဟော… ဟုတ်လား'

လင်းထွဋ် ပါးစပ်ထဲ ရောက်နေသော ထမင်းလုပ်ကို အတင်းကာရော မျိုချပြီး ကပျာကယာထ၍…

'မင်းဟာ သေချာပါတယ်နော် နှင်းဆီ'

'အို… သေချာပါတယ်'

ဖြစ်နိုင်သည်။ ဘယ်သူမဆို ကိုယ့်ပစ္စည်းကိုယ် မှတ်မိသည်ပေါ့။ ထို့ကြောင့် လင်းထွဋ် ဆိုင်ပေါက်ဝတွင် ရောက်နေပြီဖြစ်သော ထိုလူ့ထံ အပြေးသွားလိုက်ပြီး လက်ကိုဆွဲ၍…

'ဟေ့လူ ခဏနေဦး'

ရုတ်တရက်ကြီးဆိုတော့ ထိုလူ ကြောင်အမ်းအမ်းဖြစ်သွားပြီး

'ဟာ… ဟာ… ဘာလဲ၊ ဘာလဲ'

လင်းထွဋ် လေသံမာမာဖြင့်…

'ခင်ဗျားနဲ့ ရှင်းစရာရှိလို့'



'ဟ… ငါ ပိုက်ဆံရှင်းပြီး သွားပြီလေ'

လင်းထွဋ် ထိုလူ့လက်ထဲမှ အိတ်ကို လက်ညှိုးထိုးပြ၍…

'ခုရှင်းရမှာက ပိုက်ဆံကိစ္စ မဟုတ်ဘူး၊ အိတ်ကိစ္စ'

'ဘာ အိတ်ဟုတ်လား'

'ဟုတ်တယ်၊ အဲဒါ ကျွန်မ အိတ်'

နှင်းဆီပါ အနားရောက်လာတာပါ။

ထိုလူ မခံမရပ်နိုင်ဟန်ဖြင့်…

'ဟာ… မင်းတို့ဘာတွေလာပြောနေတာလဲ၊ ဒါ ငါ့အိတ်ကွ'

လင်းထွဋ် နှင်းဆီကို မျက်လုံးစွေကြည့်လိုက်သည်။ နှင်းဆီ ခေါင်းညိတ်၍…

'ဘာ ရှင့်အိတ်လဲ၊ အဲဒါ ကျွန်မ အိတ်မှ ကျွန်မအိတ် အစစ်၊ မယုံရင် အိတ်ထောင့်စွန်းကို ကြည့်ပါလား၊ ကျွန်မ နာမည် အတိုကောက် N.S ဆိုပြီး ချည်နဲ့ထိုးထားတယ်'

ထိုသို့ နှင်းဆီ ပြောလိုက်သောအခါ ထိုလူ့မျက်နှာ ပျက်သွားပြီး အိတ်ကို နောက်ဘက်သို့ ခပ်ကွယ်ကွယ်လုပ်လိုက်သည်။

လင်းထွဋ် ဆွဲထားသော လက်တစ်ဖက်ကိုလည်း မသိမသာ ရုန်း၏။ လင်းထွဋ်ကတော့ သိသိသာသာပင် မို၍တင်းကြပ်စွာ ဆုပ်ကိုင်လိုက်၏။

ကိုယ့်ဘက်က မှန်နိုင်တယ်ဆိုတာ သေချာသလောက်ရှိနေပြီလေ။ ထိုလူ အကြောက်အကန်လေသံဖြင့်…

'ဟေ့… ဟေ့… မင်းတို့နော်၊ ငါ့ကိုလာပြီး မတရားမစွပ်စွဲနဲ့ ဟင်း'

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်တို့ စောရားလုပ်နေတာ မဟုတ်ဘူး'

'ဒါတို့ ငါ့ယက်တို့ လွှတ်လေကွာ'

'ခင်ဗျားလက်ထဲက အိတ်ကို ဖွင့်ပြမယ်ဆိုရင် လွှတ်ပေးမယ်'

'ဘာ··· ဘာလို့ဖွင့်ပြရမှာလဲ'

'ဒါဆို ကျုပ်လည်း ဘာလို့လွှတ်ပေးရမှာလဲ'

ထိုလူ မျက်လုံးပြူးထွက်လာသည်။

လင်းထွန့်လည်း သူ့အတိုင်း ပြန်ပြူးပြလိုက်သည်။

ထိုလူ အံကိုကြိတ်၍ အားစိုက်ပြီး ကြိတ်ရုန်းသည်။

ဒါတော့ မလွှတ်သေးပါ။ လင်းထွန့်က သူ့လက်ကောက်ဝတ်ကို ပိုင်ပိုင်နိုင်နိုင်ကြီး ကိုင်ထားတာကိုး။

'ဟေ့ကောင်··· လွှတ်လေကွာ'

'ခင်ဗျား အိတ်ကိုဖွင့်ပြရင် လွှတ်ပေးပါ့မယ်လို့ ပြောနေတာ တို့'

'မင်း··· မင်း··· ငါ့ကို ဘာကောင်ထင်နေလဲဟင်း'

'အင်း··· ကျုပ်စိတ်ထင်တော့ အလစ်သမားလို့တော့ ထင်တာပဲ'

'ဘာ··· ဘာကွ'

လင်းထွန့်တို့ ထိုသို့ဖြစ်နေခြင်းကို ဆိုင်အတွင်းမှ လူများ သတိထားမိဟန် မရှိပါ။ သာမန်အသိအကျွမ်းတွေ၍ လက်ဆွဲစကား ပြောနေသည်ဟုသာ ထင်မှတ်နေဟန်တူ၏။

နှင်းဆီကတော့ ဘေးမှ လက်ကလေးပိုက်၍ အသာရပ်ကြည့်နေသည်။ ဒီပြဿနာအတွက်လုံးကို လင်းထွန့်ထံ လွှဲထားလိုက်ဟန်ရှိ၏။



လင်းထွန့် ထိုလူ့နားနားကပ်၍···

'ဟေ့လူ··· ကျုပ် ခင်ဗျားကို နောက်ဆုံးအခွင့်အရေးတစ်ခု ပေးမယ်၊ ခင်ဗျား ဒီအိတ်ကိုထားပြီးတော့ ဒီကနေ ထွက်သွားတော့'

ထိုလူ့မျက်နှာနီနီကြီးဖြင့် လင်းထွန့်ကို ကြည့်၍···

'ဘာ··· ဘာလို့ထားခဲ့ရမှာလဲ'

'ဘာလဲ မထားဘူးလား'

အသံပင် ပြန်မထွက်နိုင်တော့ ခေါင်းကိုသာ ခါ၍ ဝူးတူး ဝူးတူး လုပ်ပြသည်။ လင်းထွန့် သက်ပြင်းတစ်ချက် အရင်ချလိုက်သည်။ နောက်တော့ လွှတ်နေသော လက်တစ်ဖက်ဖြင့် ထိုလူ့ခေါင်းကို ခပ်ဆဆလေး ထိုးလည့်လိုက်ပါလေတော့သည်။

'ခွပ်'

'အား'

ထိုသူ နောက်သို့ လန်ခနဲဖြစ်သွားသည်။

လင်းထွန့် ပြန်ဆွဲ၍ တည့်တော်ပေးလိုက်ပြီး···

'ဘယ်လိုလဲ ထားခဲ့တော့မှာလား'

ထိုလူ အိတ်ကို ပို၍တင်းကြပ်စွာ ဆုပ်ကိုင်လိုက်ပြီး···

'မ··· မထားဘူး'

'ကျွတ်··· ဒီလူကွာ၊ ဟင်း··· ကျုပ်ထပ်ဖေးမယ်၊ ထားခဲ့ မှာလား'

'ဟင့်··· ဟင့်အင်း'

လင်းထွန့် ခွပ်ခနဲ တစ်ချက်ထပ်ထိုးသည်။

ထိုလူ နောက်သို့ ပြန်လန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်းထွန့် ပြန်ဆွဲသည်။

'ဘယ်လိုလဲ ထားလို့ရပြီလား'

'ထား… ထားဘူး'

လင်းထွန့် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်၏။

ဒီလူ ပုံစံကြည့်ရတာ အလစ်သုတ်ပြီး ပစ္စည်းလုံးဝပြန်မပေး ပါဘူးဟု သစ္စာဆိုထားသလားမသိ။

ဆိုင်အတွင်းမှ လူများကတော့ လင်းထွန့်တို့၏ ဖြစ်အင်ကို လုံးဝသတိထားမိကုန်ပြီ ဖြစ်သည်။

ထို့ကြောင့် လင်းထွန့် စိတ်မရှည်ဖြစ်လာတော့သည်။

'ကျုပ်မေးမယ်၊ ထားခဲ့မှာလား'

'မ… မထား'

'ခွပ်'

'အား'

ဒီလိုမေးလိုက် ထိုးလိုက် လုပ်နေတော့ ပုံစံက မသိလျှင် လင်းထွန့်ကပဲ အနုကြမ်းစီးနေသလိုဖြစ်နေ၏။

ထို့ကြောင့် ဆိုင်အတွင်းမှ လူများ ပွစိပွစိတွေ ဖြစ်ကုန်၏။

ဒါပေမဲ့ ဘီလူးတစ်ကောင်လို မျက်နှာထားဖြစ်နေသော လင်းထွန့်ကို ကြည့်ပြီး ဝင်တော့ မစွက်ဖက်ရဲ။

ဝင်ရောက်စွက်ဖက်လာခဲ့လျှင်လည်း လင်းထွန့် ဂရုမစိုက်ပါ။ လောလောဆယ် တော်တော်စိတ်ရှုပ်စရာကောင်းနေသည်က ဒီလူ။

ဒီလောက် အသားနာနေတာတောင် ဥစ္စာက ခြောက်တုန်း။

စိတ်ရှိတိုင်းသာ လုပ်ရလျှင် အသက်ပါထွက်သွားပေတော့မည်။



ယခုတောင် ယဲ့တဲ့တဲ့ဖြစ်နေပေပြီ။

ဘာဆက်လုပ်လျှင် ကောင်းမလဲဆိုသည့် ပုံစံဖြင့် လင်းထွန့် နှင်းဆီကို ကြည့်သည်။ နှင်းဆီလည်း မသိဘူးဆိုသည့် ဟန်မျိုး ပြန်ပြသည်။

စိတ်ရှုပ်စရာ ကောင်းပေစွ။

'ကျွတ်… ဟေ့လူ ခင်ဗျား တော်တော်အသားနာခံနိုင်တယ် ဟုတ်လား'

'အင်း… ဒါ… ဒါက ခံနေကျမို့ပါ'

စိတ်လေရပါသည်။

'ကျုပ် ထပ်လုပ်ရင် ခင်ဗျား သေသွားလိမ့်မယ်'

'တ… တကယ်'

'ဟုတ်တယ်'

'မ… မလုပ်ပါနဲ့'

'ဒါဆို အိတ်ကိုပြန်ပေးလေဗျာ'

'ဒါ… ဒါလေးလည်း မလုပ်ပါနဲ့'

'ဟာကွာ'

ခက်တော့ တော်တော့်ကို ခက်နေပါပြီ။

ကြားထဲမှ နှင်းဆီလည်း မနေနိုင်တော့၍ထင့်။

'ကိုလင်းထွန့်'

'ဟေ'

'ထားလိုက်ပါတော့ရှင်'

လင်းထွန့် တော်တော်စိတ်ရှုပ်မိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီကိုတစ်လှည့် ထိုလူကိုတစ်လှည့် ကြည့်မိ၏။

နှစ်ယောက်စလုံး အသနားခံနေသည့် မျက်ဝန်းတွေနှင့်ပါ။

ကြည့်… ကိုယ့်မှာ နေရင်းထိုင်ရင်း လူကြမ်းကြီးကိုဖြစ်လို့။

'မင်း တကယ်ပြောနေတာလား နှင်းဆီ'

'အင်း'

ထိုလူ့ကိုကြည့်ပြန်တော့ တုန်တုန်ရီရီဖြင့်…

'ဒီ… ဒီကအစ်မပြောသလို လုပ်… လိုက်လိုက်ပါနော်'

'ဟေ့ကောင်… ပါးစပ်ပိတ်ထားစမ်း'

'ဗျာ… ဟုတ်… ဟုတ်'

ဘာဆက်လုပ်ရမလဲဆိုတာကို လင်းထွဋ် စဉ်းစားရပါပြီ။

နေရင်းထိုင်ရင်း ပြဿနာက ကိုယ့်ခေါင်းပေါ် ရောက်လာတာကိုး။

လင်းထွဋ် ဆုံးဖြတ်ချက်ချလိုက်ပြီး ထိုလူ့လက်ကို လွှတ်၍…

'မင်း… သွားတော့'

ဒဏ်ရာ အညိုအမဲတွေကြားထဲမှ မျက်နှာ ဝင်းခနဲပင် ဖြစ်သွားသည်။

'ခင်ဗျာ… ဟုတ်… ဟုတ်'

'နောက်တစ်ခါ ငါနဲ့မတွေ့အောင်နေ'

'ခင်ဗျာ… ဟုတ်… ရအောင်ရှောင်ပါ့မယ်'

'အေး… အေး… သွားတော့'

ထိုသူ ဝမ်းသာအားရဖြင့် သုတ်ခနဲ လှည့်ထွက်ရန် ဟန်ပြင်စဉ်မှာပင်…



'ဟေ့… ဘယ်မှမသွားကြနဲ့၊ ရပ်စမ်း'

တားမြစ်သူက လင်းထွဋ် မဟုတ်ပါ။

တခြားလူတစ်ယောက် ဖြစ်ပါသည်။ ဒီထက်ပို၍ ရှင်းအောင် ပြောရလျှင် ရဲဝန်ထမ်းတစ်ယောက်ပါ။

လင်းထွဋ် သက်ပြင်းကို ဂူးခနဲပင် ထုတ်လိုက်မိတော့၏။

သွားရန် ပြင်နေသော ဝေါမျက်နှာကတော့ ဖျော့ခနဲပင် သွေးဆုပ်သွားတော့၏။ သူ့ခမျာ လွတ်ပြီဆိုပြီးမှ အပေါက်ကျဉ်းနဲ့ တွေ့တော့မှာကိုး။

ဒါတောင် အကြောက်အကန်ပြောရန် ဟန်ပြင်သေး၏။

'ကျွန်… ကျွန်တော်… ရှင်း… ရှင်းပြ'

ရဲသားကြီးက လေသံမာမာဖြင့်…

'ဟေ့ကောင်… မင်း ဘာမှလာမပြောနဲ့၊ တိတ်စမ်း'

အလစ်သမားဝေါ ဇက်ပုသွားသည်။

ရဲသားကြီး လင်းထွဋ်ကို မျက်လုံးစွေကြည့်သည်။

လင်းထွဋ် ရှေ့တစ်လှမ်းတိုး၍…

'ဒီလိုပါ၊ ကျွန်တော်တို့က…'

စကားပင် ဆုံးအောင်မပြောလိုက်ရ။ ရဲသားကြီး လက်ကာပြ၍ လင်းထွဋ်ကို တည့်တည့်ကြည့်ပြီး…

'ညီလေး စခန်းရောက်မှ ရှင်း'

'ဟာ… ဗျာ'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

လင်းထွဋ်နှင့် နှင်းဆီ စခန်းမှူးကြီး ရုံးခန်းထဲသို့ ဝင်လိုက်မိစဉ်မှာပင် စခန်းမှူးကြီး မျက်နှာမှာ အပျော်များဖြင့် ပြည့်သွား၏။

'ဟာ… ဟော့… မင်းတို့ပါလား၊ လာကြ၊ လာကြ'

လင်းထွဋ်တို့ မျက်နှာမသာမယာဖြင့် ဝင်ထိုင်လိုက်ကြသည်။

စခန်းမှူးကြီးက ရွှင်ရွှင်မြူးမြူးလေးသံဖြင့်…

'ဘယ်လိုလဲကွ၊ ရောက်လာဘာ မြန်လှချည်လား'

'ကျွန်တော်တို့လည်း ဘယ်လာချင်ပါ့မလဲဗျာ'

ဟုတ်တယ်လေ။ ဘယ်သူက ရဲစခန်းကို နေ့ချင်းပြန် သုံးခေါက်တောင် ရောက်ချင်မှာတဲ့လဲ။

လင်းထွဋ် စကားကြောင့် စခန်းမှူးကြီး မျက်နှာတစ်ချက်ပျက်သွားသေးသည်။ သို့သော် ချက်ချင်းပင် ရွှင်ရွှင်ပြပြဟန်ဖြင့်…

'ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ မောင်လင်းထွဋ်ရ၊ မင်းတို့ ဒီလို စောစောလာတော့ ငါ့အတွက် အဆင်ပြေတာပေါ့ကွ၊ အဟေး…



ဟေး… ငါလည်း ဥက္ကဋ္ဌကြီးကို ကြားထဲက အာမခံထားရတာလေ၊ ဟဲ… ဟဲ'

ဖြစ်ရမယ်။

'ဒါနဲ့ ကလေးမကရော ဆေးရုံမှာ မနေခဲ့ဘဲ ဘာလို့ ဒီအထိ အောင်မှ လိုက်လာရတာတုန်း'

နှင်းဆီ အိုးတိုးအမ်းတန်းဖြစ်သွားပြီး…

'ဟို… ဟိုလေ၊ သမီး ဗိုက်အောင့်တာက ရိုးရိုးလေးအောင့်တာဆိုလို့ ပြန်ဆင်းလာရတာပါ'

'သြော်… ဒါကြောင့်ကိုး၊ အဟား… သိပြီ သိပြီ'

ဘာတွေ ဘယ်လိုသဘောပေါက်သွားသည် မသိ။ စခန်းမှူးကြီး တပြုံးပြုံး ဖြစ်နေတော့၏။

'မောင်လင်းထွဋ်'

'ဗျာ'

'မင်းစိတ်ဓာတ်ကိုတော့ အရမ်းကို လေးစားသွားပြီကွာ'

'ခင်ဗျာ'

လင်းထွဋ် ကြောင်စီစီဖြစ်မိသွားသည်။ နေရင်းထိုင်ရင်း အမြှောက်ခံလိုက်ရတာကိုး။

'ဘာ… ဘာဖြစ်လို့လဲ စခန်းမှူးကြီး'

စခန်းမှူးကြီးက ငါသိပါတယ်ကွာဆိုသည့် ရုပ်မျိုးဖြင့်…

'ဒီလိုလေကွာ၊ မင်းက ကတိသိပ်တည်တယ်'

'ခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'ကတိတစ်ခုပေးပြီးရင်လည်း အမြန်ဆုံး အကောင်အထည်ဖော်တတ်တယ်'

'စန်းမှူးကြီး'

'ခုလည်းကြည့်လေ'

'ဟုတ်ကဲ့'

'ဒီကလေးမလေး ဆေးရုံ တကယ်မတက်ရဘူးလဲဆိုရော'

'ဟုတ်ကဲ့'

'မနက်ကယူထားတဲ့ ပိုက်ဆံကို မင်း ပြန်လာဆပ်ရော မဟုတ်လား'

'ခင်ဗျာ'

စိတ်ထဲတွင်တော့ ကုလားဘုရားပွဲက ပက်ပက်စက်စက်ကို လှည့်ကုန်၏။ ထင်မှထင်တတ်ပလေ စန်းမှူးကြီးရယ်ဟု ငိုချင်းချပြီး ပြောရတော့မလိုပင်။

ဒုက္ခရောက်ပြီလေ။ ရောက်တာမှ ဘယ်လိုဟာကြီးမှန်းကို မသိတာ။ တကယ့်ကို အီလည်လည်ကြီး။

'စ... စန်းမှူးကြီး'

'ဟေ'

'ပိုက်... ပိုက်ဆံက'

လင်းထွဋ် ဆက်၍ပြောမထွက်တော့။ စန်းမှူးကြီးက ခွင့်လွှတ်ပြုံးဖြင့်...

'ဘာလဲ၊ နည်းနည်းပါးပါး မင်းသုံးထားတယ်လို့ ပြောမလို့



လား၊ ရပါတယ်ကွာ၊ ငါ နားလည်ပါတယ်၊ ငါ ဖြေရှင်းပေးလိုက်မယ်'

လင်းထွဋ် ငိုချင်လာမိသည်။

စန်းမှူးကြီး၏ သဘောသဘာအကျယ်ကို သိရတော့ ပိုအားနာမိသည်ပေါ့။ ထို့ကြောင့် ဘယ်စကားလုံးတွေ ဘယ်လိုသုံး၍ ပြောရမှန်းကို မသိတော့။

ဒါပေမဲ့ မပြော၍ မဖြစ်သောကြောင့် မျက်နှာပူပူနှင့်သာ ပြောရပေတော့မည်။

'ဒီ... ဒီလိုပါ စန်းမှူးကြီး'

'အေး... ပြော'

'ကျွန်... ကျွန်တော်တို့လာတဲ့ကိစ္စက'

'အင်း'

'ပိုက်... ပိုက်ဆံကိစ္စ မဟုတ်ပါဘူး'

'ဟော'

စန်းမှူးကြီး မျက်မှောင်ကြီးကြုတ်သွား၏။

'ပြ... ပြဿနာတက်... တက်လို့ ရောက်... ရောက်လာတာပါ'

'ဟော'

မျက်မှောင်တင်မဟုတ် မျက်နှာကြီးပါ ကြုတ်သွား၏။

'မင်း... မင်းဆိုလိုတာက'

'ဟုတ်ကဲ့ ကျွန်တော်တို့ ပြဿနာတက်လို့ ဒီကိုရောက်လာတာပါ၊ အကြွေးဆပ်ဖို့ မဟုတ်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဟာကွာ'

လင်းထွဋ်ထက်ပင် စခန်းမှူးကြီး ပို၍ မအီမလည်ဖြစ်သွားပုံရ၏။ သူ့ခများ အကြွေးလာဆပ်ဘယ်လို့ ထင်ထားတာကိုး။

'မင်း… မင်းကွာ'

လင်းထွဋ် လေသံပျော့ပျော့လေးဖြင့်…

'ဟုတ်ကဲ့၊ ကျွန်တော်တို့ကို ကူညီပေးပါဦး စခန်းမှူးကြီးရယ်'

စခန်းမှူးကြီး မျက်နှာမှာ လေလျှော့ခံလိုက်ရသော ပူဖောင်းတစ်လုံးလို ဖြစ်သွားပါလေတော့သည်။

☞

ထိုကဲ့သို့ ရှင်းလင်းသွားတော့လည်း အခြေအနေအားလုံး သည်သူ့ဟာနှင့်သူ အဆင်ပြေသွားပါသည်။

တရားခံဖြစ်သူ အလစ်သမားကို အချုပ်ခန်းထဲ ထည့်သည်။ ထိုအလစ်သမားကို ကိုယ်ထိလက်ရောက် ကျူးလွန်မိသော လင်းထွဋ်ကို ပြင်းထန်စွာ သတိပေးသည်။ ဘာပဲပြောပြော အဆင်ပြေပါသည်။

နှင်းဆီ၏ အိတ်လည်း ပြန်ရသလို လင်းထွဋ် ပြန်ဆပ်ရန် အကြွေးကလည်း ယာယီဆိုင်းငံ့သွားသည်။

လင်းထွဋ်တို့ အပြင်ကိုပြန်ရောက်တော့ ညနေ ငါးနာရီကျော်ကျော်လောက် ရှိပါသည်။

ညနေခင်းပေါင်းများစွာ လင်းထွဋ် ကြိမ်ဖန်များစွာ ဖြတ်ကျော်ဖူးသော်လည်း ပြဿနာအလုံးစုံ ရှင်းလင်းပြီးချိန်တွင် ကျရောက်



လာသော ညနေသည် အလှဆုံးဟု လင်းထွဋ် ကျိန်းသေ ပြောရဲသည်။

ပြီးတော့ ဘေးတွင် အပျော်မျက်နှာကလေးဖြင့် လိုက်ပါလာသော ချစ်ရသူကလည်း ရှိနေပြီ။ ကဲ… ဘာလိုသေးလဲ။

ဘာမှကို မလိုပါ။

သို့သော် အပိုကြေးဒုက္ခများ ထပ်ရောက်မလာအောင်တော့ လင်းထွဋ် ဆုမတောင်းဖြစ်ခဲ့။ ထို့ကြောင့်…

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

ညနေ၏ ဆည်းဆာအောက်တွင် လမ်းလျှောက်ရင်း လမ်းဘေးမှ အပင်ကလေးများကို လက်ဖြင့် ထိတို့ပြီး ကစားနေသော နှင်းဆီကို လင်းထွဋ် မြတ်နိုးစွာ ကြည့်ရင်း…

'နှင်းဆီ'

'ရှင်'

ရင်ထဲတွင် အေးခနဲ ဖြစ်သွားမိသည်။

'ရှေ့လျှောက် ဘာမှစိတ်ညစ်စရာ ရှိတော့မှာ မဟုတ်ပါဘူး'

နှင်းဆီ ပြုံးစိစိဖြင့်

'ဟုတ်လို့လား'

'အင်း… ဘာလဲ မယုံလို့လား'

'ယုံပါတယ်'

'နှင်းဆီကို မေးစရာ တစ်ခုရှိတယ်'

'အင်း… မေးလေ'

'နှင်းဆီက ယောကျ်ားမလိုချင်လို့ အိမ်ကထွက်လာတာ မဟုတ်လား'



'အင်း'

'ဘာဖြစ်လို့ မလိုချင်တာလဲ'

နှင်းဆီ မျက်စောင်းလေးဝင့်၍…

'မချစ်လို့ပေါ့'

'ဘာလို့မချစ်တာလဲ'

'သိဘူး ဟွန်း'

နှုတ်ခမ်းလေးပါ ချွန်သွားသည်။

လင်းထွဋ် ဟက်ခနဲ ရယ်၍…

'နှင်းဆီမှာ ချစ်သူရှိလို့လား'

'ဟင့်အင်း'

'လိုရော မလိုချင်ဘူးလား'

'ဟင့်အင်း မလိုချင်ပါဘူး'

'ဘာဖြစ်လို့'

'သိဘူး ဟွန်း'

ဒုတိယမြောက် နှုတ်ခမ်းချွန်သွားသည်။ လင်းထွဋ်ကို ကြည့်၍…

'ဒါနဲ့ နေပါဦး'

'ဒါနဲ့ နေပါတယ်'

'ကိုလင်းထွဋ်နော်၊ ဒီက စကားအကောင်းပြောမလို့ဟာ'

'ဟုတ်ကဲ့ ကျွန်တော် နားထောင်နေပါတယ်'

မျက်စောင်းလေး ရင်ဘတ်ထဲ ခုန်ဝင်လာသည်။

'ကိုလင်းထွဋ်ရော နှင်းဆီကို ဘာလို့ ဒီစကားတွေ လာမေးနေရတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ရည်းစားစကားပြောချင်လို့ဟော့ဟုသာ စိတ်ထဲမှ ပြောလိုက်မိ၏။ ဒါပေမဲ့ တကယ်တမ်း ပြောဖြစ်တာကတော့…

'ဒီလိုပါပဲ၊ ဘာရယ်မဟုတ်ပါဘူး၊ မေးကြည့်မိတာပါ'

နှင်းဆီ မယုံသလို ပုံစံဖြင့် ကြည့်သည်။

လင်းထွဋ် ရယ်နေလိုက်၏။

ဒီလိုအချိန်မှာ ငါ ဘာများပြောခွင့်ရှိလို့လဲ ကောင်မလေးရယ်။ အခွင့်အရေးသမားဆိုတဲ့ ခေါင်းစဉ်အောက်ကို သွားဖို့ ငါ့စိတ်က မရဲဘူး ဖြစ်နေတယ်။ ငါလေ ငါ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင်တော့ မင်းသိအောင် ဒါမှမဟုတ် မင်းချစ်တတ်လာအောင် ပြောဖြစ်မှာပါ။ အခုတော့… အခုတော့။

ထိုသို့ လင်းထွဋ် အတွေးထဲတွင် နစ်နေစဉ်…

'ကိုလင်းထွဋ်'

'ဟင်'

'ခုရောက်နေတဲ့ လမ်းက ကျွန်မတို့နှစ်ယောက် စတွေ့တဲ့ လမ်းလေးထင်တယ်နော်'

လင်းထွဋ် ဟိုကြည့်ဒီကြည့် လိုက်ကြည့်ပြီး…

'အင်း… ဟုတ်တယ်၊ ဟိုအုတ်ခုံလေးမှာ မင်း ထိုင်နေတာလေ'

လင်းထွဋ် ညွှန်ပြရာ အုတ်ခုံလေးကို ကြည့်ပြီး နှင်းဆီ တခစ်ခစ်ရယ်၏။

'ခစ်… ခစ်… ရယ်ရတယ်နော်'

'ဟင့်အင်း… ငါကတော့ ဒီလိုမထင်ဘူး'



နှင်းဆီ နားမလည်ဟန်ဖြင့်…

'ဘာဖြစ်လို့လဲ'

'ဒါရယ်စရာမှ မကောင်းတာ'

'ဒါဆို ဘာလဲ'

'အင်း… ဘာလဲဆိုတော့'

လင်းထွဋ် ပြန်ဖြေရန် အားယူနေစဉ်မှာပင် လမ်းချိုးကလေးအတွင်းမှ လူတစ်စု ရုတ်တရက် ထွက်လာပြီး…

'ဟင်… ဟိုမှာ… ဟိုမှာ နှင်းဆီ'

'ဟာ… တွေ့ပြီဟေ့'

'သမီး… သမီး'

'ဟင်… အမေ'

နှင်းဆီထံမှ ထိတ်လန့်တကြား ထွက်လာသော အခေါ်အဝေါ်ကြောင့် ဒီလူစုထဲတွင် နှင်းဆီ၏ မိဘများ ပါဝင်ကြောင်း လင်းထွဋ် သဘောပေါက်သွားသည်။ ထင်မှတ်မထားခြင်းကြောင့် လင်းထွဋ်တို့ ကြောင်အနေစဉ် ထိုလူစုမှာ လင်းထွဋ်တို့အနားသို့ မြန်ဆန်စွာ ရောက်လာပြီး အန်တီကြီးတစ်ယောက်က နှင်းဆီကို ဆွဲခေါ်သွားကာ…

'အမယ်လေး သမီးလေးရယ် ကံကြီးပေလို့'

'မေမေ ဟင်'

'မေမေတို့ စိတ်ပူပြီး သမီးသူငယ်ချင်းအိမ်ကို လိုက်လာတာ၊ ဒီရောက်တော့ အိမ်ပြောင်းသွားပြီဆိုတော့ ငါ့သမီးလေး ဒုက္ခရောက်ပြီလို့ ထင်ထားတာ'

'သမီး ဘာမှမဖြစ်ပါဘူး အမေ'

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ နှင်းဆီတို့ သားအမိ စကားပြောနေစဉ် နှင်းဆီ၏ ခေါင်းမြစ်တန်းတူသော ပုဂ္ဂိုလ်ကြီးက တင်းမာစက်တန်သော မျက်နှာထားဖြင့် လင်းထွန်းရှေ့သို့ ရောက်လာပြီး…

“မောင်လောင်… မင်းက ငါ့သမီးကို ဘယ်အလောင်ဖြားယောင်းပြီး ခေါ်သွားတာပေါ့လေ၊ ဟုတ်လား”

“အာ… မဟုတ်ပါဘူး၊ အန်ကယ် မှားနေပြီ”

“ဘာလဲ၊ မြောင်လိမ်ချင်သေးတယ်၊ ဟုတ်လား”

ထိုသို့ပြောပြီး အန်ကယ်ကြီးလက်သီးက လင်းထွန်းမျက်နှာ ပေါ်သို့ ကျရောက်လာသည်။ မထင်မှတ်ခြင်းကြောင့် လင်းထွန်း ယောင်ယောင်ရှားသွားသည်။

နှင်းဆီက အလန့်တကြားအော်ပြီး လဲကျသွားသော လင်းထွန်းကို ပြေးထူသည်။

“ဖေဖေ လုပ်ပါနဲ့၊ သူက သမီးကို ကူညီခဲ့တဲ့သူပါ”

နှင်းဆီပြောသည့်စကားကို နားမထောင်တော့ပါ။ နှင်းဆီကို သာ ဂုန်းဆွဲမြန်းခဲ့…

“လာခဲ့၊ နင်က နှင်းအကောင်ကိုတော့ နားထောင်တယ် ဟုတ်လား”

“ဖေဖေ”

“လာလို့ ငါပြောနေတယ်၊ တော်တော်…”

နှင်းဆီ အမေလာဆွဲလိုက်၍…

“အဖေကြီး… မင်းသမီးကို ခေါ်သွားစမ်း၊ ကြာရင် ငါ သတ်မိတော့မယ်”

“မှားနေပြီ ဖေဖေရဲ့၊ ဒီကိစ္စက သူနဲ့ဘာမှမဆိုင်ပါဘူး”



“နှင်းပါးစပ်ကို ပိတ်ထားစမ်း၊ အမေကြီး ခေါ်သွားတော့”

လူကြီးတစ်ယောက်နှင့် ရန်ဖက်မဖြစ်ချင်သောကြောင့် လင်းထွန်း မှတ်မက်ခါ၍ ပြန်ထပြီး စိတ်ကိုထိန်းချုပ်ထားလိုက်သည်။

အမေဖြစ်သူ၏ အတင်းအကျပ်ဆွဲခေါ်မှုကြောင့် ယက်ကန် ထက်ထန်ဖြင့် နှင်းဆီ ပါသွားရင်း နောက်ကိုလှည့်ကြည့်၍…

“ကိုလင်းထွန်း ဂရုစိုက်နော်”

ထိုသို့ နှင်းဆီ၏ အော်ပြောလိုက်သည့်အသံက လင်းထွန်း ရင်ထဲတွင် ဖွဲ့တောင်ထပ်သွားသည်။

“နှင်းဆီရယ်”

နှင်းဆီ၏ အဖေက လင်းထွန်းကို စူးစိုက်ကြည့်ပြီး…

“ဒီမှာ မောင်ရင်”

“ဟုတ်ကဲ့… ပြောပါ ဦး”

“မင်းကို ငါ သတိပေးမယ်”

“ပြောပါ”

“နောက်နောင် ငါ့သမီးနဲ့ ဘယ်တော့မှ မပတ်သက်ပါနဲ့”

လင်းထွန်း ခေါင်းလည်းမညိတ်သလို ခေါင်းလည်း မခါမိပါ။

“ကျွန်တော် တစ်ခုလောက်တော့ ပြောချင်တယ်”

စူးစမ်းဟန်ဖြင့် ကြည့်သည်။

“ဦးတို့ မှားနေပြီ”

“အောင်မာ… မင်းလို ဘယ်ကမှန်းမသိတဲ့ကောင်က ငါ့ကို လာဆုံးမနေရလား”

“ကျွန်တော် ဝေဖန်နေတာ မဟုတ်ပါဘူး ဦး၊ နှင်းဆီနဲ့ ကျွန်တော်နဲ့ တွေ့တာ ဘာမှမကြာသေးပေမယ့် သူ့စိတ်ထဲမှာ ဘာတွေ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေလဲဆိုတာ ကျွန်တော်တောင် ရိပ်မိခဲ့သေးတာ၊ တစ်သက်လုံး အတူနေလာတဲ့ ဦးတို့က ပိုပြီးရိပ်မိသင့်တယ်လို့ ကျွန်တော် ယူဆလို့ပါ'

လင်းထွန်း စကားကြောင့် ဦးလေးကြီး တွေခနဲဖြစ်သွားသည်။

နောက်မှ အသက်မရှိတော့သလို ပုံစံဖြင့် ရပ်နေသော လင်းထွန်းကို တစ်ချက်ကြည့်ပြီး လှည့်ထွက်သွားသည်။

ဒီလိုနဲ့…

လင်းထွန်း ကျန်ခဲ့သည်။

ကျန်ခဲ့တဲ့အရာတွေက တမ်းတခြင်းတွေ၊ သတိရခြင်းတွေသာ ဖြစ်ပါလိမ့်မည်။

အိမ်သို့ပြန်ရောက်သော်လည်း အိပ်ရေး ဘယ်လိုပျက်ထားပျက်ထား လင်းထွန်း အိပ်၍မရပါ။ အတွေးထဲတွင်သာ နှင်းဆီ၏ ပုံရိပ်ဖြင့် နစ်မျောနေပေ၏။

ဆို့နင့်ခြင်းနှင့် ဟာတာတာဖြစ်ခြင်း စသည့် ခံစားမှုနှစ်ခုက သက်ပြင်းတွေကို အခါခါချမိစေသည်။

ဒါပေမဲ့ လင်းထွန်းထံမှာ ဝှက်ဖဲတစ်ချပ် ရှိပါသည်။

ဒီဝှက်ဖဲကလည်း အိပ်မက်ထဲက ကိုယ်စောင့်နတ်ကြီး ပေးသွားတာပါ။

အဲဒါကတော့…

'အချစ်စစ်မှန်ရင် ကိုယ့်အနားကို အလိုအလျောက် ရောက်လာလိမ့်မယ်တဲ့'

နှင်းဆီရယ်… လာပါတော့။

မြန်မြန်လေးသာ လာခဲ့ပါတော့။

# ခြောက်လသန့်ကြသော…

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

ညက ရုံးတွင် ချုပ်ထားသောကြောင့် လင်းလွင့် အိမ်ချွန်ရုံး
တုန်ဖြင့် လမ်းလျှောက်လာသည်။ ချစ်မိတော့ ခေါ်ပါနဲ့။ မိုးလွင်ကို
တော့ လမ်းက သိုင်းကွက်နှင့် လျှောက်ရသည်လေ။

မိမိကို ရုံးတွင် ကြာအောင် ညချုပ်ဝင်နိုင်သော MD
ကို စိတ်ထဲတွင် ကျိန်ဆဲလာမိ၏။ ဒီလို ကြာအောင် ညချုပ်ဝင်နိုင်ရ
တာက လူမျိုးကိုလိုပါတဲ့။ ဘာနိုင်ငံတော့တဲ့လို့။ ထိုလိုမှာ မိန်းစ ရေလား
တာနဲ့ပဲ အားအားလားလား ရုံးမှာ သွားထိမ်ရလား ဟွန်း---။

ထိုသို့ တွေးမှန့် အိမ်ရှင်ထဲမှ သိုင်းကွက်နှင့်လာစဉ်---

'ကိုလင်းလွင့်'

'ဟေ'

တစ်ကိုယ်လုံး တုန်ထင်သွားမိသည်။

'နှင်း--- နှင်း--- နှင်းဆီ'

'ဟုတ်'



'ဘယ်--- ဘယ်ကိုလာတာလဲလင်း'

'ဒီမှာက အသိတစ်ယောက်ကို လာရှာတာ'

'တွေ့လား တွေ့လား'

'အင်း'

လင်းလွင့် စိတ်ကို တည်ငြိမ်အောင် ဖြေထိန်း၍...

'သူ့နာမည်က ဘယ်သူလဲ'

နှင်းဆီ အဖြေမပေးနိုင်...

'ကိုလင်းလွင့်တဲ့'

'ဟာ'

ရင်ထဲတွင် နိုင်နဲ့ ဖြစ်သွား၏။

'ဒါ--- ဒါနဲ့'

'အိမ်က လောင်ကျွမ်းသွားတော့ ထွက်ပြေးသွားတာလား ဘယ်လို
ထဲ ပေါ်ဝင်မှုလား'

အမဲမွန်းလိုက်မိသည်။

'တစ်လောက်လုံးလောလွှတ်ကို ထောင်ခံတယ်'

'အား--- ရုပ်ထည်ကြီး'

နှင်းဆီ ရုပ်ကြီး ခေါင်းငုံ့သွားသည်။

'နှင်းဆီ'

'...............'

'နှင်းဆီ'

'...............'

'နှင်းဆီ'

www.burmeseclassic.com

www.burmeseclassic.com



'..............'

နှင်းဆီ ပြန်မထူးပါ။

လင်းထွဋ်လည်း ထပ်မခေါ်တော့ပါ။

ဒါပေမဲ့ လင်းထွဋ် နှင်းဆီ၏ လက်ကလေးတစ်ဘက်ကို လှမ်းကိုင်လိုက်သည်။

နှင်းဆီ မရုန်းဖယ်ဖြစ်ပါ။

လေသံတိုးတိုးလေးဖြင့်...

'ကိုလင်းထွဋ်'

'ဟင်'

'ကျွန်မလေ ကျွန်မ အခု...'

မျက်လုံးချင်း ဆုံသွားကြသည်။

ပြီးတော့ စကားတစ်ခွန်းကိုလည်း ပြိုင်တူပြောလိုက်မိ၏။

'အိပ်ချင်နေပြီ'

တန်ခူးလေပြေ

BURMESE CLASSIC .com
www.burmeseclassic.com